# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိမိကိုယ်ကို ယဉ်ကျေးအောင်ဆုံးမ**

မြောင်းတူးရေယူသမားတို့သည် အလိုရှိရာရေကို ဆောင်ယူကြကုန်၏။ လေးသမားတို့သည် မြားကို ဖြောင့်ကုန်၏။ သစ်သမားတို့သည် သစ်ကိုလိုတိုင်း ရအောင်ရွေကုန်၏။ ကောင်းသောအကျင့်ရှိသော သူတော်ကောင်းတို့သည် မိမိကိုယ်ကို ယဉ်ကျေးအောင် ဆုံးမကုန်၏။

ဒဏ္ဍဝဂ် (ဓမ္မပဒ – ၁၄၅)


၁၃၈၁ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၆ ရက် ၂၀၂၀ ပြည့်နှစ်၊ မတ် ၁၄ ရက်၊ စနေနေ့ အတွဲ (၅၉)၊ အမှတ် (၁၆၆)


# COVID-19 သည် လူစုလူဝေးများပြားရာနေရာများတွင် လျင်မြန်စွာကူးစက်နိုင်သည့်အတွက် ပြည်သူလူထုအနေဖြင့် အခမ်းအနားများ၊ ပွဲလမ်းသဘင်များကို ယနေ့မှစ၍ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၃၀ ရက်ထိ မပြုလုပ်ကြရန် နိုင်ငံတော်သမ္မတရုံးမှ ပြည်သူသို့ ပန်ကြားချက်ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**ပြည်သူသို့ ပန်ကြားချက်**
**၁၃၈၁ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်**
**( ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၁၃ ရက် )**

၁။ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ Coronavirus Disease 2019 (COVID – 19) ကို ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ (Pandemic) အဖြစ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (World Health Organization – WHO ) က ၁၁-၃-၂၀၂၀ ရက် မြန်မာစံတော်ချိန် ည ၁၁:၁၃ နာရီတွင် သတ်မှတ်ကြေညာခဲ့ပါသည်။

၂။ ထို့ကြောင့် ၃၀-၁-၂၀၂၀ ရက်နေ့က ဖွဲ့စည်းခဲ့သော Coronavirus Disease 2019 (COVID–19) ကြောင့် ဖြစ်ပွားသော အဆုတ်ရောင်ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီကို အမျိုးသားအဆင့် ဗဟိုကော်မတီအဖြစ် ၁၃ – ၃ – ၂၀၂၀ ရက်နေ့၌ တိုးမြှင့် ဖွဲ့စည်းဆောင်ရွက်ခဲ့ပါသည်။

၃။ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ Coronavirus Disease 2019 (COVID–19) သည် လူစုလူဝေးများပြားရာ နေရာများတွင် လျင်မြန်စွာကူးစက်နိုင်သည့်အတွက် ပြည်သူလူထုအနေဖြင့် လူစုလူဝေးဖြင့်ကျင်းပသော အခမ်းအနားများ၊ ပွဲလမ်းသဘင်များ (မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်အတွက် မဏ္ဍပ်ဆောက်လုပ်ပြီးကျင်းပခြင်းအပါအဝင်) မပြုလုပ်ကြရန် ဖြစ်ပါသည်။ ထိုသို့ အခမ်းအနားများ၊ ပွဲလမ်းသဘင်များကို ယနေ့မှစ၍ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၃၀ ရက်ထိ ကျင်းပခွင့်မပြုဘဲ ရပ်ဆိုင်းထားရေးကိုလည်း သက်ဆိုင်ရာဌာနများသို့ ညွှန်ကြားထားပြီး လိုအပ်ပါက ရပ်ဆိုင်းကာလကို ထပ်မံတိုးမြှင့်သတ်မှတ်သွားမည်ဖြစ်ပါသည်။


*စာမျက်နှာ ၂ ကော်လံ ၃* ❑


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာ-ထိုင်းနှစ်နိုင်ငံအကြား အိပ်ချ်အိုင်ဗွီရောဂါကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းစဉ်များ တိုးမြှင့်ရေးဆိုင်ရာ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား

**နေပြည်တော် မတ် ၁၃**

မြန်မာ-ထိုင်း နှစ်နိုင်ငံအကြား HIV ရောဂါကာကွယ်တိုက်ဖျက်ရေး လုပ်ငန်းစဉ်များ တိုးမြှင့်ရေးဆိုင်ရာ အခမ်းအနားကို ယနေ့ညနေ ၅ နာရီ မိနစ် ၄၀ တွင် နေပြည်တော်ရှိ Hilton Hotel ၌ ကျင်းပရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မြင့်ထွေး၊ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ထိုင်းတော်ဝင်မင်းသမီးများဖြစ်ကြသည့် Princess Soamsawali Krom Muen Suddhanarinatha နှင့် Princess Bajrakitiyabha ၊ ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး မစ္စစ် ဆူဖတ်သရာ ဆီမိုင်း သရီဖိတပ်နှင့် သံရုံးတာဝန်ရှိသူများ တက်ရောက်ကြသည်။


*စာမျက်နှာ ၃ ကော်လံ ၁* ❍





နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာ-ထိုင်း နှစ်နိုင်ငံအကြား HIV ရောဂါ ကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းစဉ်များ တိုးမြှင့်ရေးဆိုင်ရာ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ သတင်းစဉ်


စေတနာဆေး မေတ္တာဆေး သစ္စာဆေး . . .

ထွန်းရွှေဝါ တိုင်းရင်းဆေးက ဆေးစွမ်းထက်ပါသည်။

မြန်မာ့အလင်း

# အရေးပေါ်အခြေအနေကို ချင့်ချိန်ဉာဏ်ဖြင့် တုံ့ပြန်ခြင်း

ကမ္ဘာနှင့်အဝန်း ရုတ်တရက် တုန်လှုပ်သွားရသည့် လတ်တလောဖြစ်ရပ်မှာ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုနှင့် ရောဂါဖြစ်ပွားသူတို့၏ အဖိတ်အစင်စာရင်းများ ဖြစ်ပါသည်။

တရုတ်နိုင်ငံ ဝူဟန်ဒေသတွင် ၂၀၁၉ ခုနှစ် ဒီဇင်ဘာလမှ စတင်ဖြစ်ပွားခဲ့သည့် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ ကိုဗစ်-၁၉ သည် တိုတောင်းလှသည့် အချိန်ကာလအတွင်း၌ နိုင်ငံတကာအနှံ့ ပျံ့နှံ့ကူးစက်သွားခဲ့ပြီး ရောဂါကူးစက်သူ တစ်သိန်းသုံးသောင်းကျော်၊ သေဆုံးသူ ၄၈၀၀ နီးပါး၊ ကျန်းမာကောင်းမွန်လာသူ ၆၈၀၀၀ ကျော်ရှိနေပါသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (World Health Organization-WHO) က ၂၀၂၀ ပြည့်နှစ် မတ်လ ၁၁ ရက်နေ့ မြန်မာစံတော်ချိန် ည ၁၁:၁၃ နာရီတွင် အဆိုပါ Coronavirus Disease 2019 (COVID-19) ကြောင့် ဖြစ်ပွားသည့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါကို ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါ (Pandemic) အဖြစ် သတ်မှတ်ကြေညာခဲ့ပါသည်။

နိုင်ငံတကာတွင် ပြန့်ပွားမှုနှုန်း လျင်မြန်စွာ ကူးစက်နေသော်လည်း ယခုအချိန်(၂၀၂၀ ပြည့်နှစ် မတ်လ ၁၂ ရက်နေ့)ထိ ယင်းအသက်ရှူလမ်းကြောင်းဆိုင်ရာ ကိုဗစ်-၁၉ ရောဂါ ခံတ်ခွဲအတည်ပြုလူနာ မိမိတို့နိုင်ငံ၌ မတွေ့ရှိကြောင်း သိရှိရပါသည်။ ဤအသက်ရှူ လမ်းကြောင်းဆိုင်ရာ ရောဂါကို ယနေ့ထိ နိုင်ငံအတွင်း မတွေ့ရှိရသေးသဖြင့် မြန်မာနိုင်ငံသူ နိုင်ငံသားများအနေဖြင့် အလွန်အမင်း စိုးရိမ်ကြီးကြရန် မလိုအပ်သော်လည်း ဗိုင်းရပ်စ်ပိုးမှတစ်ဆင့် ကူးစက်ခြင်းဖြစ်သည့်အတွက် သတိကြီးစွာဖြင့် စနစ်တကျ ပြင်ဆင်ကာကွယ်နေထိုင်ကြရန် လိုအပ်မည် ဖြစ်ပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထို ဗိုင်းရပ်စ်ပိုးနှင့် ပတ်သက်ဆက်စပ်မှု မှန်သမျှကို အထူးဂရုစိုက်ကာ စောင့်ကြပ်ကြည့်ရှုလေ့လာနေကြပြီး အချိန်နှင့်အမျှ သတင်းများကို ထုတ်ပြန်နေပါသည်။

သည်လိုကြားထဲတွင် အဆိုပါရောဂါနှင့် ပတ်သက်၍ သတင်းတု၊ သတင်းယောင်များကိုလည်း ဟိုမှာသည်မှာ ထုတ်ပြန်နေကြသည်ကို တွေ့ရပါသည်။ ခေတ်မီနည်းပညာများ၏ အကူအညီဖြင့် သတင်းများကို လျင်လျင်မြန်မြန် ထုတ်ပြန်နိုင်ခြင်း၊ သတင်းအတုအယောင်၊ ဓာတ်ပုံအတုအယောင်၊ ဗီဒီယိုအတုအယောင်များကို လွယ်လွယ်ကူကူ ပြုလုပ်နိုင်လာသည့် အားသာချက်ကို အခွင့်အရေးယူကာ မမှန်သတင်းများ ထုတ်ပြန်လာနေသည်ကို နိုင်ငံသားများအနေဖြင့် သတိကြီးစွာ ပညာဉာဏ်ဖြင့် ချင့်ချိန်ကာ နှိုင်းနှိုင်းဆဆရှိကြရန် လိုအပ်ပါသည်။

အထက်တွင်ဆိုသကဲ့သို့ နိုင်ငံတကာနှင့်ယှဉ်သည့် အရေးကြီးသော အရေးပေါ်အခြေအနေဖြစ်သည့်အတွက် သတိကြီးကြီး ဉာဏ်ကြီးကြီးဖြင့် နေထိုင်ကြရန် လိုအပ်သည်မှာ မှန်သော်လည်း စိုးရိမ်ကြီးလွန်းသည့် တုံ့ပြန်မှုများက ပိုမိုဆိုးရွားသည့် အကျိုးရလဒ်များကိုသာ ရနိုင်သည်ကိုလည်း သတိပေးလိုပါသည်။

ရောဂါနှင့် ဗိုင်းရပ်စ်ပိုးမွှား၏ အနေအထားကို ဂရုဓမ္မကြီးကြီးဖြင့် စောင့်ကြည့်နေကာ သတင်းထုတ်ဝေပေးနေသည့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်များနှင့် ရောဂါကူးစက်မှုကို လျော့နည်းစေမည့် ကာကွယ်ရေးနည်းလမ်းများ စသည်တို့ နိုင်ငံသူ နိုင်ငံသားများ လေ့လာလိုက်နာကြခြင်းဖြင့် ကမ္ဘာ့ကပ်ရောဂါဆိုးကြီးကို အန္တရာယ်ကင်းစွာ ကျော်လွှားနိုင်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသတည်း။ ။



## ၂၀၂၀ ပြည့်နှစ်၊ (၇၅) နှစ်မြောက် စိန်ရတုတပ်မတော်နေ့ ဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဟူသော ဒို့တာဝန်အရေး (၃) ပါးကို အမျိုးသားရေးမူဝါဒအဖြစ် ဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်အတွက် အသက်ပေးတာဝန်ထမ်းဆောင်ရေး။

(၂) ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်နိုင်ရန် တပ်မတော်၏ ငြိမ်းချမ်းရေးမူဝါဒ(၆)ရပ်ဖြင့် နိုင်ငံတော်အစိုးရနှင့်အတူ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်နိုင်ရေး။

(၃) နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူလူထုအကျိုးစီးပွား ကာကွယ်စောင့်ရှောက်ရေးတို့အတွက် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီတပ်မတော်တည်ဆောက်ရေး။

(၄) နိုင်ငံတော်ကာကွယ်ရေးတာဝန်နှင့် အမျိုးသားနိုင်ငံရေးတာဝန်များကို ခေတ်အဆက်ဆက် ကျေပွန်စွာထမ်းဆောင်ခဲ့သည့် တပ်မတော်၏ အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်ရေး။

❑ *ရှေ့ဖုံးမှ*

၄။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် COVID-19 ရောဂါစောင့်ကြည့်လူနာနှင့် သံသယလူနာများ၏ သတင်းများ၊ အဆိုပါလူနာများ၏ ဓာတ်ခွဲအဖြေသတင်းများကို ပြည်သူများထံ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးလျက်ရှိရာ ၁၂-၃-၂၀၂၀ ရက်၊ ည (၁၀) နာရီ အချိန်အထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါဓာတ်ခွဲအတည်ပြုလူနာ မတွေ့ရှိရသေးကြောင်း သိရှိရပါသည်။

၅။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် စိုးရိမ်ကြောက်လန့်အောင် မမှန်သတင်းဖြန့်ဝေနေသည့် ကောလာဟလများကို မယုံကြည်ကြရန်၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ Coronavirus Disease 2019 (COVID-19) မဖြစ်ပွားစေရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ထားသည့် သတိပေးနှိုးဆော်ချက်များအတိုင်း တိတိကျကျလိုက်နာဆောင်ရွက်ရန်နှင့် မိမိပတ်ဝန်းကျင်တွင် သံသယလူနာ တွေ့ရှိပါက ခရိုင်၊ မြို့နယ်၊ ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများမှတစ်ဆင့် နီးစပ်ရာ ကျန်းမာရေးဌာနများသို့ အမြန်ဆုံး သတင်းပို့အသိပေးဆောင်ရွက်သွားကြရန် အလေးအနက် ပန်ကြားအပ်ပါသည်။

## ထိုင်းတော်ဝင်မင်းသမီး Princess Soamsawali Krom Muen Suddhanarinatha နှင့်အဖွဲ့ နေပြည်တော်သို့ ရောက်ရှိ

**နေပြည်တော် မတ် ၁၃**

မြန်မာ-ထိုင်း နှစ်နိုင်ငံအကြား HIV ကာကွယ်ရေးအစီအစဉ် တိုးမြှင့်ရေးဆိုင်ရာ အဆင့်မြင့် အစည်းအဝေး တက်ရောက်ရန် ထိုင်းတော်ဝင်မင်းသမီး Princess Soamsawali Krom Muen Suddhanarinatha နှင့်အဖွဲ့သည် ယနေ့ ညနေ ၃ နာရီ ၅၅ မိနစ်က အထူးလေယာဉ်ဖြင့် ထိုင်းနိုင်ငံမှ နေပြည်တော်သို့ ရောက်ရှိကြသည်။

ထိုင်းတော်ဝင်မင်းသမီးနှင့်အဖွဲ့ကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးစိုးဟန်၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး မစ္စစ် ဆူဖတ်သရာ ဆီမိုင်းသရီ ဖိတပ်နှင့် တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ (ယာပုံ) သတင်းစဉ်




## ရန်ကုန်တက္ကသိုလ်ပြတိုက်အတွက် သမိုင်းဝင်ပစ္စည်းများ လှူဒါန်းနိုင်

**ရန်ကုန် မတ် ၁၃**

ရန်ကုန်တက္ကသိုလ် ပြတိုက်ကော်မတီသည် ရန်ကုန်တက္ကသိုလ် ရာပြည့်သဘင်ပွဲတော်၌ ရန်ကုန်တက္ကသိုလ်ပြတိုက် စတင်ဖွင့်လှစ်နိုင်ရေးအတွက် လိုအပ်သော သမိုင်းဝင်ပစ္စည်းများဖြစ်သည့် စာရွက်စာတမ်းများ၊ စာအုပ်၊ စာစောင်၊ မဂ္ဂဇင်းများ၊ ဓာတ်ပုံများ၊ ပန်းချီကားများ၊ ရုပ်ရှင်များ၊ ဗွီစီဒီ/ဒီဗွီဒီများ၊ ဓာတ်ပြားများ၊ ဘွဲ့ဝတ်စုံများ၊ ဘွဲ့လက်မှတ်များနှင့် ဆုတံဆိပ်များ(ပညာရည်ချွန်/ အားကစား) စသည့် အထောက်အထားများကို ရှာဖွေစုဆောင်းလျက်ရှိသည်။

အဆိုပါ သမိုင်းဝင်အထောက်အထားများကို ခေတ္တငှားရမ်းခြင်းနှင့် အပြီးအပိုင် လှူဒါန်းခြင်းတို့ဖြင့် ဝိုင်းဝန်းကူညီပေးကြရန်နှင့် ထိုသို့ငှားရမ်းခြင်း၊ လှူဒါန်းခြင်းတို့ကို ဒေါ်ဆွေဆွေအောင် ဌာနမှူး စီမံ/ဘဏ္ဍာဌာန ရန်ကုန်တက္ကသိုလ် ဖုန်း ၀၁-၇၅၀၅၆၁၂ နှင့် ဒေါက်တာလှိုင်လှိုင်ကြီး ဌာနမှူး (စာကြည့်တိုက်) တက္ကသိုလ်များ ဗဟိုစာကြည့်တိုက် ဖုန်း ၀၁-၇၅၃၅၈၄၇ တို့သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

## ရန်ကုန်ပညာရေးတက္ကသိုလ် ပညာရေးဘွဲ့ စာပေးစာယူသင်တန်းဖွင့်လှစ်မည်

**နေပြည်တော် မတ် ၁၃**

၂၀၁၉ - ၂၀၂၀ ပညာသင်နှစ်အတွက် ပညာရေးဘွဲ့ စာပေးစာယူသင်တန်းသားဆရာ/ ဆရာမများ ကိုယ်တိုင်တက်ရောက်သင်ယူရမည့် ပထမနှစ်သင်တန်း အမှတ်စဉ်(၃၈)နှစ်နှင့် ဒုတိယနှစ်သင်တန်း အမှတ်စဉ်(၃၇) တို့ကို ဧပြီ ၁၉ ရက်မှ မေ ၃ ရက်အထိ ရန်ကုန်ပညာရေးတက္ကသိုလ်တွင် သင်တန်းဖွင့်လှစ်မည်ဖြစ်ပြီး အဆိုပါသင်တန်းများ၏ စာမေးပွဲများကို မေ ၇ ရက်မှ ၁၃ ရက်အထိ ကျင်းပမည်ဖြစ်ရာ သင်တန်းသားများအနေဖြင့် ဧပြီ ၁၈ ရက်(စနေနေ့) အရောက် သတင်းပေးပို့ရမည်ဖြစ်ကြောင်း ရန်ကုန်ပညာရေးတက္ကသိုလ်မှ သိရသည်။ **သတင်းစဉ်**

## အများအားဖြင့် သာယာမည်

**နေပြည်တော် မတ် ၁၃**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ **မိုး/ဇလ**

◆ အိပ်ချ်အိုင်ဗွီကာကွယ်တားဆီးရေးနှင့် ကုသရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ရမည့် Fast Track နိုင်ငံတစ်ခုဖြစ်သည့်အလျောက် ၂၀၃၀ ပြည့်နှစ်တွင် အိပ်ချ်အိုင်ဗွီ/ အေအိုင်ဒီအက်စ်ကို ပြည်သူ့ကျန်းမာရေး ပြဿနာတစ်ခုအဖြစ်မှ ကင်းစင်ပပျောက်အောင် ဆောင်ရွက်သွားရန်လည်း ရည်မှန်းထား

◆ ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့၏ အိပ်ချ်အိုင်ဗွီကာကွယ်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုသည် နောင်ပေါ်ပေါက်လာနိုင်သော ပြည်သူ့ကျန်းမာရေးဆိုင်ရာ အခက်အခဲများကို တုံ့ပြန်ဆောင်ရွက်နိုင်မည်ဟု ယုံကြည်



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာ-ထိုင်း နှစ်နိုင်ငံအကြား HIV ရောဂါ ကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းစဉ်များ တိုးမြှင့်ရေးဆိုင်ရာ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

❍ ရှေ့ဖုံးမှ

အခမ်းအနားမစတင်မီ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ထိုင်းတော်ဝင်မင်းသမီးများသည် အဆိုပါဟိုတယ် ဧည့်ခန်းမ၌ သီးသန့်တွေ့ဆုံကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ထိုင်းတော်ဝင်မင်းသမီးများသည် မြန်မာ-ထိုင်း နှစ်နိုင်ငံအကြား HIV ရောဂါကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းစဉ်များ တိုးမြှင့်ရေးဆိုင်ရာ အခမ်းအနားသို့ တက်ရောက်ကြသည်။

**ချီးကျူးဂုဏ်ယူ**

အခမ်းအနားတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က မိမိနှင့် မြန်မာပြည်သူများအနေဖြင့် အဆွေတော်မင်းသမီးများက UNAIDS ၏ Goodwill Ambassador များအဖြစ် အာရှပစိဖိတ်ဒေသအတွင်း အိပ်ချ်အိုင်ဗွီတားဆီး ကာကွယ်ရေးလုပ်ငန်းစဉ်များကို တစိုက်မတ်မတ် ဆောင်ရွက်နေမှုများကို လွန်စွာချီးကျူးဂုဏ်ယူပါကြောင်း။

ယနေ့အခမ်းအနားသည် ယခင်နှစ် နိုဝင်ဘာလက ဘန်ကောက်မြို့တွင် ကျင်းပခဲ့သည့် အာဆီယံထိပ်သီးအစည်းအဝေးကို သွားရောက်ခဲ့သည့် ခရီးစဉ်အတွင်း ဆွေးနွေးခဲ့သည့် နှစ်နိုင်ငံအကြား ရှိနှင့်နေသော အားကောင်းသည့် ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုမြှင့်တင်ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းကို တော်ဝင်မင်းသမီးနှစ်ပါးက ကမ်းလှမ်းခဲ့ခြင်းမှ ပေါ်ပေါက်လာခြင်း ဖြစ်ပါကြောင်း။

UNAIDS အဖွဲ့ကိုလည်း အားလုံးမျှော်မှန်းထားသည့် HIV နှင့်ပတ်သက်၍ ရောဂါအသစ်ကူးစက်မှု လုံးဝမရှိရေး၊ ခွဲခြားနှိမ့်ချ ဆက်ဆံမှု လုံးဝမရှိရေး၊ AIDS ကြောင့် သေဆုံးမှု လုံးဝမရှိရေးတို့ ရရှိရေးအတွက် ဦးဆောင်လှုံ့ဆော်ပေးရန် အတွက်ယနေ့အစည်းအဝေးကိုစီစဉ်ဆောင်ရွက်ပေးခြင်းကို ကျေးဇူးတင်ရှိပါကြောင်း။

မိမိတို့နိုင်ငံသည် HIV နှင့်ပတ်သက်လျှင် စိမ်းမနေဘဲ ကမ္ဘာပေါ်တွင် HIV ပိုးရှိရှင်သန်သူ ၃၇ ဒသမ ၉ သန်းခန့်ရှိသည့်အနက် ၃ ဒသမ ၈ သန်းသည် အရှေ့တောင်အာရှနိုင်ငံများတွင် နေထိုင်လျက်ရှိပါကြောင်း။

**လျှော့ချနိုင်ခဲ့**

နိုင်ငံတော်၏ ဦးဆောင်ပံ့ပိုးမှုဖြင့် HIV ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးနိုင်မှုကြောင့် ရောဂါအသစ်ကူးစက်မှုကို ၅၀ ရာခိုင်နှုန်းလျှော့ချနိုင်ခဲ့ပြီး သေဆုံးမှုကို ၃၅ ရာခိုင်နှုန်း လျှော့ချနိုင်ခဲ့ပါကြောင်း။

HIV ကူးစက်ဖြစ်ပွားမှုနှင့်ပတ်သက်၍ အာရှနှင့်ပစိဖိတ်ဒေသနိုင်ငံများတွင် အောင်မြင်မှုများကို စောစီးစွာရရှိခဲ့ကြောင်း၊ ယင်းကို ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့တွင် သက်သေပြနိုင်ခဲ့ပါကြောင်း။

**ဆောင်ရွက်ပေးနိုင်ခဲ့**

ART ဆေးကုသမှုလုပ်ငန်းဖြင့် ရောဂါကူးစက်မှုကို ထိန်းချုပ်နိုင်သည့်အပြင် သက်တမ်းစေ့ အသက်ရှင်နေထိုင်နိုင်အောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ သို့သော် ယခုထက် ပိုကောင်းအောင် ဆောင်ရွက်ရန် လိုအပ်နေသေးပါကြောင်း၊ အထူးသဖြင့် လူငယ်များနှင့် ဦးတည်အုပ်စုများအတွက် ကျန်းမာရေးဝန်ဆောင်မှုများ ပိုမိုလက်လှမ်းမီရရှိနိုင်စေရန်နှင့် ခွဲခြားနှိမ့်ချဆက်ဆံခံရမှုမှ လျော့ကျစေရန် ပိုမိုအားဖြည့်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ထိုင်းတော်ဝင်မင်းသမီးများ ပြည်သူလူထုအခြေပြုအဖွဲ့အစည်းများ၏ HIV ကာကွယ်ရေးဆောင်ရွက်ချက် မှတ်တမ်းပိုစတာပြခန်းအား လှည့်လည်ကြည့်ရှုကြစဉ်။ သတင်းစဉ်



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ထိုင်းတော်ဝင်မင်းသမီးများဖြစ်ကြသည့် Princess Soamsawali Krom Muen Suddhanarinatha နှင့် Princess Bajrakitiyabha တို့အား သီးသန့်တွေ့ဆုံစဉ်။ သတင်းစဉ်

**(၅)နှစ်တာ မဟာဗျူဟာစီမံကိန်း**

မြန်မာနိုင်ငံအတွင်း အိပ်ချ်အိုင်ဗွီကာကွယ်ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေမှာ အိပ်ချ်အိုင်ဗွီကာကွယ်တားဆီးရေးလုပ်ငန်းများကို ကျန်းမာရေးနှင့်နီးနွယ်ဝန်ကြီးဌာနများ၊ ပြည်သူလူထုအဖွဲ့အစည်းများ၊ မိတ်ဖက်အဖွဲ့အစည်းများအားလုံး ပူးပေါင်းပါဝင်မှုဖြင့် ရေးဆွဲထားသည့် (၅)နှစ်တာ မဟာဗျူဟာစီမံကိန်းနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

**ရည်မှန်းထား**

အိပ်ချ်အိုင်ဗွီကာကွယ်တားဆီးရေးနှင့် ကုသရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ရမည့် Fast Track နိုင်ငံတစ်ခုဖြစ်သည့်အလျောက် ၂၀၃၀ ပြည့်နှစ်တွင် အိပ်ချ်အိုင်ဗွီ/ အေအိုင်ဒီအက်စ်ကို ပြည်သူ့ကျန်းမာရေးပြဿနာတစ်ခုအဖြစ်မှ ကင်းစင်ပပျောက်အောင် ဆောင်ရွက်သွားရန်လည်း ရည်မှန်းထားပါကြောင်း။

၂၀၂၀ ပြည့်နှစ်တွင် ၉၀ ရာခိုင်နှုန်းသော အိပ်ချ်အိုင်ဗွီပိုးရှိသူများက ၎င်းတို့၏ အခြေအနေကို သိရှိရန်၊ ၎င်းတို့၏ ၉၀ ရာခိုင်နှုန်းသည် အေအာရ်တီဆေးကုသမှုကို လက်လှမ်းမီရရှိပြီး

*စာမျက်နှာ ၅ သို့*

# ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာနက ဆောင်ရွက်မည့်လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေး

**နေပြည်တော် မတ် ၁၃**

၂၀၂၀ ပြည့်နှစ် အထွေထွေ ရွေးကောက်ပွဲအတွက် ပြန်ကြားရေး ဝန်ကြီးဌာနက ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပွဲကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ ရှင်းလင်းဆွေးနွေးပွဲသို့ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များ၊ ကော်မရှင်ရုံးနှင့် ပြန်ကြားရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။



၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် ပြန်ကြားရေးဝန်ကြီးဌာနက ဆောင်ရွက်မည့်လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပွဲ ကျင်းပစဉ်။ သတင်းစဉ်

ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းက ၂၀၂၀ ပြည့်နှစ် အထွေထွေ ရွေးကောက်ပွဲကို ချမှတ်ထားသည့် စံ(၅)ချက်နှင့်အညီ ကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း၊ ရွေးကောက်ပွဲစက်ဝန်းတွင်ပါဝင်သော ကာလသုံးပါးဖြစ်သည့် ရွေးကောက်ပွဲ အကြိုကာလ၊ ရွေးကောက်ပွဲကာလ နှင့် ရွေးကောက်ပွဲနှောင်းပိုင်းကာလ တို့တွင် ပြန်ကြားရေးဝန်ကြီးဌာန နှင့် ပူးပေါင်းဆောင်ရွက်ရသည့် လုပ်ငန်းစဉ်များစွာ ရှိကြောင်း၊ ရွေးကောက်ပွဲအသိပညာပေးလုပ်ငန်း များဖြစ်သည့် ရွေးကောက်ပွဲဆိုင်ရာ ပြည်သူလူထု အသိပညာပေးခြင်း (Civic Education)နှင့် မဲဆန္ဒရှင် အသိပညာပေးလုပ်ငန်း (Voter Education)များ ဆောင်ရွက်ရာတွင် ပြန်ကြားရေးဝန်ကြီးဌာနက အဓိက ကူညီဆောင်ရွက်ပေးရန် လိုအပ် ကြောင်း၊ ၂၀၂၀ ပြည့်နှစ် အထွေထွေ ရွေးကောက်ပွဲတွင် အသုံးပြုမည့် မဲလက်မှတ်များ ရိုက်နှိပ်ရာတွင် အရည်အသွေးကောင်းမွန်စေရေးနှင့် လုပ်ငန်းများ အဆင်ပြေချောမွေ့စေရေး ကူညီဆောင်ရွက်ပေးစေလိုပါကြောင်း၊ ကော်မရှင်အနေဖြင့် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီနှင့် ပူးပေါင်း၍ သတင်းမီဒီယာသမားများအတွက် ရွေးကောက်ပွဲဆိုင်ရာ လမ်းညွှန်ကို ပြန်လည်ပြင်ဆင်၊ ဖြည့်စွက်ပြီး မကြာမီကာလတွင် ထုတ်ဝေနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာများ ရွေးကောက်ပွဲနေ့ သတင်းရယူနိုင်ရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာနက စိစစ်ကူညီ ဆောင်ရွက်ပေးရန် ဖြစ်ကြောင်း၊ ကော်မရှင်အနေဖြင့် ဆိုရှယ်မီဒီယာ၌ သတင်းအမှားများနှင့် အမုန်းစကားများ ဖြန့်ဝေမှုများကို တားဆီးကာကွယ်ရန်အတွက် မြန်မာနိုင်ငံ သတင်းမီဒီယာ ကောင်စီ၊ Facebook Team တို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့အပြင် ရွေးကောက်ပွဲဆိုင်ရာ ပြည်သူလူထုအသိပညာပေးခြင်းနှင့် မဲဆန္ဒရှင် အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် UEC Facebook Page ကို မကြာမီ ပြန်လည်အသုံးပြုမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် က ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဝန်ကြီးဌာနက ဆောင်ရွက်ထားရှိသည့် လုပ်ငန်းများ သိရှိစေရန်နှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများ အဆင်ပြေစွာ ဆောင်ရွက်နိုင်ရေးအတွက် တွေ့ဆုံရခြင်း ဖြစ်ပါကြောင်း၊ ရွေးကောက်ပွဲလှုံ့ဆော်ရေး၊ ပညာပေးရေးနှင့် သတင်းထုတ်ပြန်ရေးများကို နိုင်ငံပိုင်သတင်းမီဒီယာများတွင် ထုတ်လွှင့်ဖော်ပြနိုင်ရေး စီစဉ်ဆောင်ရွက်မည် ဖြစ်ကြောင်း၊ မြို့နယ်များရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ရုံးများတွင် သတင်းထုတ်ပြန်ရေး Center အဖြစ် အသုံးပြုပြီး မဲဆန္ဒရှင် အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်နိုင်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြန်ကြားရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူများက တင်ပြသည့် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များအပေါ် ကော်မရှင်အဖွဲ့ဝင်များနှင့် ညွှန်ကြားရေးမှူးချုပ်တို့က ဖြည့်စွက်ဆွေးနွေးခဲ့ကြပြီး ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ် အမှာစကားပြောကြားသည်။

သတင်းစဉ်

# ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ အစည်းအဝေးကျင်းပ

**နေပြည်တော် မတ် ၁၃**

ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီသည် နိုင်ငံတော်သမ္မတက သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသော မြန်မာနိုင်ငံ ဘူမိသိပ္ပံကောင်စီဥပဒေကြမ်းနှင့်စပ်လျဉ်းသည့် အစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီမှ ၃ နာရီအထိ လည်းကောင်း၊ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသော မြန်မာနိုင်ငံ ဆေးကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်းသည့် အစည်းအဝေးကို မွန်းလွဲ ၃ နာရီမှ ညနေ ၄ နာရီအထိ လည်းကောင်း ပြည်ထောင်စုလွှတ်တော် D ဆောင်၊ ဒုတိယထပ်အစည်းအဝေး ခန်းမ၌ ကျင်းပသည်။

အဆိုပါအစည်းအဝေးများသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ဥပဒေကြမ်းပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးထွန်းအောင်(ခ)ဦးထွန်းထွန်းဟိန်၊ ဥပဒေကြမ်းပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

သတင်းစဉ်



ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ အစည်းအဝေးကျင်းပစဉ်။ သတင်းစဉ်

## Water Donation Application တွင် သောက်သုံးရေပြတ်လပ်မှု၊ ရေလျှံဒါန်းဖြန့်ဝေမှုအခြေအနေများအား သတင်းပေးပို့နိုင်ပါကြောင်း အသိပေးနှိုးဆော်ခြင်း

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် နှစ်စဉ် ရေပြတ်လပ်မှုဖြစ်နိုင်ခြေရှိသော ကျေးရွာများအား ကြိုတင်စာရင်းကောက်ယူခြင်း၊ ကျေးရွာများနှင့် တိုက်ရိုက်ဆက်သွယ်ဆောင်ရွက်နိုင်ရန်နှင့် သောက်သုံးရေ အလျင်အမြန် ပံ့ပိုးဖြည့်ဆည်း ပေးရန်အတွက် အစီအစဉ်များ ကြိုတင်ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ သောက်သုံးရေပြတ်လပ်မှုများအား ချက်ချင်းတုံ့ပြန်ဆောင်ရွက်နိုင်ရန်အတွက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနများမှ သက်ဆိုင်ရာကျေးရွာများသို့ ဆက်သွယ်ရမည့် ဖုန်းနံပါတ်များအား ဖြန့်ဝေထားပြီးဖြစ်သည့်အတွက် သောက်သုံးရေရှားပါးမှုဖြစ်ပေါ်ပါက ဖုန်း၊ Facebook ၊ Viber ၊ Messenger မှလည်း သတင်းပေးပို့နိုင်ကြောင်း အသိပေးထားပြီး ဖြစ်ပါသည်။

နွေရာသီရေပြတ်လပ်မှုဖြစ်ပေါ်ပါက ချက်ချင်းတုံ့ပြန်နိုင်စေရန်နှင့် အချက်အလက်များ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်စေရန်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတွင် www.water-donation.com website ထုတ်ပြန်ပေးသွားမည်ဖြစ်ပါသည်။ အဆိုပါ Website တွင် လက်ကိုင်ဖုန်းများ၌ အသုံးပြုနိုင်သော Water –Donation Myanmar Mobile Application အား(၁၅.၃.၂၀၂၀)ရက်နေ့မှ စတင်၍ ထုတ်ပြန်သွားမည်ဖြစ်ပါသဖြင့် ယင်း Application ကို ဖော်ပြပါ Website နှင့် Google Play Store တို့မှ အလွယ်တကူ ရယူ အသုံးပြုနိုင်ပါကြောင်း အသိပေး ထုတ်ပြန်အပ်ပါသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

## သောက်သုံးရေရှားပါးမှုအား ရေရှည်အစီအမံများ ဆောင်ရွက်ပေးနိုင်ရေး ကွင်းဆင်းစစ်ဆေး

**ဘီးလင်း မတ် ၁၃**

မွန်ပြည်နယ် ဘီးလင်းမြို့နယ်အတွင်းရှိ ရေရှားပါးကျေးရွာများကို နွေရာသီသောက်သုံးရေရှားပါးမှု ရေရှည်အစီအမံများ ဆောင်ရွက်ပေးနိုင်ရန်အတွက် ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးမောင်၊ မြို့နယ်ဦးစီးမှူး ဦးမင်းထေသစံနှင့် ဝန်ထမ်းများသည် ရေရှားပါးသည့် ကျေးရွာများဖြစ်သော ကြာဇီအောင်၊ မော်ကြီးဝိုင်၊ ကြံတိုင်းအောင်၊ ဂွသောင်၊ ကိုးတဲစုကျေးရွာများသို့ မတ်လဒုတိယပတ်က သွားရောက်ကွင်းဆင်းလေ့လာခဲ့ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

*စာမျက်နှာ ၃ မှ*

၎င်းတို့၏ ၉၀ ရာခိုင်နှုန်းသည် ပိုးကောင်ရေ ထိန်းချုပ်မှု ရရှိရန် ရည်မှန်းပြီး လုပ်ငန်းများ ဆောင်ရွက်လျက် ရှိပါကြောင်း။

### တိုးချဲ့ဆောင်ရွက်နိုင်

မြန်မာနိုင်ငံအနေဖြင့် သိသာထင်ရှားသော အိပ်ချ်အိုင်ဗွီ ကာကွယ်တားဆီးရေးလုပ်ငန်း အောင်မြင်မှုများအပေါ် အလွန်ပင် ကျေနပ်အားရမိပါကြောင်း၊ အေအာရ်တီ ဆေးကုသမှုကို တိုးချဲ့ဆောင်ရွက်နိုင်သည့်အတွက် သေဆုံးမှုမှာ ၂၀၁၀ ပြည့်နှစ်နှင့် နှိုင်းယှဉ်ပါက သုံးပုံတစ်ပုံခန့် လျော့နည်းကျဆင်းလာကြောင်း၊ ထို့ပြင် ပြည်သူလူထု အတွင်း အိပ်ချ်အိုင်ဗွီ ဖြစ်ပွားမှုနှုန်းကို ၂၀၀၀ ပြည့်နှစ်တွင် ၀ ဒသမ ၉၄ ရာခိုင်နှုန်းမှ ၂၀၁၇ ခုနှစ်တွင် ၀ ဒသမ ၆ ရာခိုင်နှုန်းအောက် လျှော့ချနိုင်ခဲ့ပါကြောင်း၊ လက်ရှိ အောင်မြင်မှုများနှင့် တင်းတိမ်မနေဘဲ ဆက်လက်ကြိုးစား ဆောင်ရွက်ရန်လို အပ်ပါကြောင်း။

ထို့ပြင် တော်ဝင်မင်းသမီးများက ထိုင်းနိုင်ငံအတွင်း Thai AIDS Research Center မှ အိပ်ချ်အိုင်ဗွီ ကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများကို မြန်မာနိုင်ငံနှင့် အတွေ့အကြုံဖလှယ်ရန် အဆင့်သင့်ဖြစ်နေပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် မြန်မာ-ထိုင်းနှစ်နိုင်ငံအကြား အကျိုးတူပူးပေါင်းဆောင်ရွက်မှု (သို့မဟုတ်) သုံးပွင့်ဆိုင် ပူးပေါင်း ဆောင်ရွက်မှုများအတွက်လည်း ဝမ်းသာကြိုဆိုပါကြောင်းနှင့် မိမိတို့ဝန်ကြီးဌာနအနေဖြင့် အကျိုးရှိမည်ဟု ယူဆပါကြောင်း။

### တုံ့ပြန်ဆောင်ရွက်နိုင်မည်ဟုယုံကြည်

ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့၏ အိပ်ချ်အိုင်ဗွီ ကာကွယ်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုသည် နောင်ပေါ်ပေါက်လာနိုင်သော ပြည်သူ့ကျန်းမာရေးဆိုင်ရာ အခက်အခဲများကို တုံ့ပြန်ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း။

မြန်မာနိုင်ငံသို့ လာရောက်ပြီး မင်းသမီး၏ အာရှပစိဖိတ်ဒေသအတွင်း အိပ်ချ်အိုင်ဗွီ ကာကွယ်ရေး ဆိုင်ရာ အတွေ့အကြုံများနှင့် နှစ်မြှုပ်ဆောင်ရွက်မှုများကို ဖလှယ်ခဲ့သည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ယခု တွေ့ဆုံမှုသည် အောင်မြင်မှုများရရှိရန် ဆုတောင်းပါကြောင်း ပြောကြားသည်။

ထို့နောက် ထိုင်းတော်ဝင်မင်းသမီး Princess Soamsawali Krom Muen Suddhanarinatha ကိုယ်စား ထိုင်းတော်ဝင်မင်းသမီး Princess Bajrakitiyabha က ထိုင်းနိုင်ငံ၏ HIV ကာကွယ်ရေးလုပ်ငန်းများ အောင်မြင် အောင် ဆောင်ရွက်ခဲ့မှုများနှင့်စပ်လျဉ်း၍ ပြောကြားသည်။

ယင်းနောက် UNAIDS အဖွဲ့ အရှေ့တောင်အာရှဒေသ ဆိုင်ရာဒါရိုက်တာ Mr. Eamonn Murphy က မြန်မာနိုင်ငံ တွင် စတင်ဆောင်ရွက်မည့် မူးယစ်ဆေးသုံးစွဲသူများ အကြားတွင် HIV ကာကွယ်ဆေးတိုက်ကျွေးခြင်းအစီအစဉ် (PrEP)သည် ဒေသတွင်းအတွက် ကောင်းမွန်သော သင်ခန်းစာဖြစ်လာမည့် အခြေအနေများနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မြင့်ထွေး က ထိုင်းနိုင်ငံအနေဖြင့် မြန်မာနိုင်ငံအတွက် COVID-19 ရောဂါရှာဖွေမှုနှင့် စပ်လျဉ်း၍ ခေတ်ခွဲဆောင်ရွက်ရာ တွင် အကူအညီပေးမှုအပေါ် ကျေးဇူးတင်ရှိကြောင်းနှင့် ထိုင်းနိုင်ငံတွင် မိခင်မှကလေးသို့ HIV ပိုးကူးစက်မှု ကာကွယ်ရေး အောင်မြင်မှု အတွေ့အကြုံများကို ပြန်လည် မျှဝေပေးစေလိုကြောင်းတို့နှင့် စပ်လျဉ်း၍ လည်းကောင်း၊ ထိုင်းနိုင်ငံ ကြက်ခြေနီအသင်း ဂုဏ်ထူးဆောင်နာယက Dr. Praphan က ထိုင်းနိုင်ငံ ကြက်ခြေနီအသင်း၏ လူထုအခြေပြု HIV ကာကွယ်ရေးဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းပြောကြားကြသည်။

### လှည့်လည်ကြည့်ရှု

အခမ်းအနားအပြီးတွင် နိုင်ငံတော်၏အတိုင်ပင်ခံ ပုဂ္ဂိုလ်နှင့် ထိုင်းတော်ဝင်မင်းသမီးများသည် ပြည်သူလူထု အခြေပြုအဖွဲ့အစည်းများ၏ HIV ကာကွယ်ရေးဆောင်ရွက် ချက် မှတ်တမ်းပိုစတာပြခန်းအား လှည့်လည်ကြည့်ရှုကြ သည်။

ထို့နောက် ထိုင်းတော်ဝင်မင်းသမီးများက နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အား အမှတ်တရလက်ဆောင်ပစ္စည်း ပေးအပ်သည်။

**သတင်းစဉ်**

---

# မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ထုတ်ပြန်ကြေညာချက်

**မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ**
**ထုတ်ပြန်ကြေညာချက် ၇/၂၀၂၀**
**၂၀၂၀ခုနှစ်၊ မတ်လ (၁၃)ရက်၊ သောကြာနေ့။**

၁။ ယခု သီတင်းပတ်များအတွင်း COVID-19 ကူးစက်ရောဂါနှင့်ပတ်သက်သည့် သတင်းမှားများ၊ လုပ်ကြံ သတင်းများ ဆိုရှယ်မီဒီယာနှင့် ဝက်ဘ်ဆိုက်များတွင် ထွက်ပေါ်လျက်ရှိပါသည်။ လူထုသတင်းမှန် ရရှိရေးနှင့် အထက်ပါသတင်းမှားများ၊ လုပ်ကြံသတင်းများအား ရှင်းလင်းတုံ့ပြန်ရေးတွင် တာဝန်ခံမှုရှိသော တရားဝင် သတင်းမီဒီယာများအနေဖြင့် ဝိုင်းဝန်းပါဝင်လုပ်ဆောင်ကြရန် ဝတ္တရားရှိပါသည်။ သို့ရာတွင် အချို့သော သတင်း ဌာနများက သတင်းဦးမှုကိုသာ ဦးစားပေးပြီး သတင်းမီဒီယာကျင့်ဝတ်ပါ အချက်အလက် တိကျမှန်ကန်မှုကို လျစ်လျူရှုကာ COVID-19 နှင့်ပတ်သက်သည့် အတည်မပြုနိုင်သေးသောသတင်းများ ဖော်ပြခဲ့ကြသည်ကို လေ့လာ တွေ့ရှိရပါသည်။

၂။ သတင်းမီဒီယာဥပဒေ အခန်း(၄)၊ ပုဒ်မ ၉(က)တွင် "သတင်းတိုင်း အချက်အလက် တိကျမှန်ကန်စေရန် နှင့် တတ်နိုင်သမျှ ပြည့်စုံစေရန်စိစစ်ခြင်း"ဟု ပြဋ္ဌာန်းထားသကဲ့သို့ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီက ထုတ်ပြန်ထားသော သတင်းမီဒီယာကျင့်ဝတ်လမ်းညွှန် ၁ . ၁ တွင် "မတိကျသော၊ အနက်ကောက်လွဲစေသော၊ ပုံဖျက်ထားသော အချက်အလက်များကို ရေးသားထုတ်လွှင့်ခြင်း မပြုလုပ်ရပါ"ဟု ဖော်ပြထားပါသည်။

၃။ သို့သော် "ကိုရိုနာဗိုင်းရပ်စ်ကြောင့် ရုပ်ရှင်ရုံနှင့် ကျောင်းများ ခြောက်ပတ်ပိတ်မည်ဟု သတင်းများ ထွက်ပေါ်နေသော်လည်း အတည်မပြုနိုင်သေးကြောင်း သိရသည်"ဟု အကုန်သိသတင်းဌာနမှ လည်းကောင်း၊ "ကျောင်းများ ရုပ်ရှင်ရုံများအားလုံး ခြောက်ပတ်ပိတ်ရန်နှင့် တစ်နိုင်ငံလုံး သင်္ကြန်အပါအဝင် ပွဲများအားလုံး မကျင်းပရန် လွှတ်တော်က ဆုံးဖြတ်လိုက်ကြောင်း သိရပါတယ်"ဟု MANN Channel မှ လည်းကောင်း သတင်း ရင်းမြစ်လည်းမပါ၊ အတည်လည်းမပြုနိုင်သည့် သတင်းများကို ၁၂-၃-၂၀၂၀ တွင် အသီးသီး ရေးသားဖြန့်ချိခဲ့ကြ သည်ကို တွေ့ရှိရသည်။

၄။ သို့ဖြစ်၍ အကုန်သိသတင်းဌာနနှင့် Mann Channel အပါအဝင် တရားဝင်သတင်းမီဒီယာများအနေဖြင့် အတည်မပြုနိုင်သေးသည့် သတင်းများ၊ အနက်ကောက်လွဲစေသည့်သတင်းများ ရေးသားထုတ်လွှင့်ခြင်း မပြုရန်နှင့် သတင်းမီဒီယာကျင့်ဝတ်များအား လေးစားလိုက်နာရန် သတိပေးတိုက်တွန်းပါသည်။

၅။ သတင်းဌာနများအနေဖြင့်လည်း မိမိတို့ဌာနမှ သတင်းထောက်များအား ကိုယ်ပိုင်ဆိုရှယ်မီဒီယာအကောင့် များတွင် အများပြည်သူနှင့်သက်ဆိုင်သည့် သတင်းအမှားများ၊ အနက်ကောက်လွဲစေသည့် သတင်းများအား မဖြန့်ချိစေရန်နှင့် ကျင့်ဝတ်နှင့်အညီ သတင်းမီဒီယာလုပ်ငန်းများ ဆောင်ရွက်နိုင်စေရေး ကြပ်မတ်ပေးပါရန် တိုက်တွန်းပါသည်။

၆။ အကယ်၍ သတင်းမီဒီယာကျင့်ဝတ်ဖောက်ဖျက်မှုများရှိလာပါက မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ အနေဖြင့် သတင်းမီဒီယာနည်းဥပဒေ အပိုဒ် ၂၀(ခ)အရ ခေါ်ယူသတိပေးခြင်းနှင့် ကျင့်ဝတ်ဖောက်ဖျက်မှုကို အများ ပြည်သူလူထုသိရှိနိုင်ရန် ထုတ်ပြန်ကြေညာသွားမည်ဖြစ်ပါသည်။

**သတင်းမီဒီယာကျင့်ဝတ်နှင့် သတင်းမီဒီယာဖွံ့ဖြိုးရေးကော်မတီ**
**မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ**

---

# မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် သတင်းထုတ်ပြန်ကြေညာချက်

**မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်**
**သတင်းထုတ်ပြန်ကြေညာချက် အမှတ်(၀၁/၂၀၂၀)**
**၂၀၂၀ ခုနှစ်၊ မတ်လ (၁၃)ရက်**
**ဆန်စပါးဈေးကွက်အခြေအနေ ထုတ်ပြန်ချက်**

၁။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)အနေဖြင့် ကမ္ဘာ့နိုင်ငံအများစုတွင် ဖြစ်ပေါ်နေသည့် Corona Virus (Covid-19)အား ကမ္ဘာ့ကပ်ရောဂါ(Pandemic)အဖြစ် သတ်မှတ်ကြေညာခဲ့သဖြင့် ပြည်သူလူထုအနေဖြင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုများ၊ ကာကွယ်မှုများနှင့် စားနပ်ရိက္ခာအသုံးအဆောင်များ ဝယ်ယူစုဆောင်းမှုများကို ပြုလုပ်လျက်ရှိကြောင်း လေ့လာသိရှိရပါသည်။

၂။ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်အနေဖြင့် လတ်တလောအခြေအနေတွင် ပြည်တွင်းဆန်စပါးဈေးကွက် တည်ငြိမ်စေရေးအတွက် နိုင်ငံတော်အစိုးရဌာနများနှင့် လည်းကောင်း၊ ပုဂ္ဂလိကလုပ်ငန်းရှင်များဖြစ်သည့် ဆန်စပါးကုန်သည်များ၊ ဆန်စက်လုပ်ငန်းရှင်များ၊ ဆန်ဖြန့်ဖြူးရောင်းချသူများ၊ ကုန်စည်ဒိုင်များ၊ ပြည်ပတင်ပို့သည့် Exporters များနှင့် လည်းကောင်း ပေါင်းစပ်ညှိနှိုင်းလျက်ရှိပြီး ပြည်တွင်းဈေးကွက်အခြေအနေ တည်ငြိမ်စေရန်နှင့် ဖူလုံမှုရှိစေရန် ဦးစားပေး၍ ညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။

၃။ ကမ္ဘာ့ကပ်ရောဂါအဖြစ် သတ်မှတ်ထားချိန်တွင် Covid-19 ၏ နေ့စဉ်ဖြစ်ပေါ်ပြောင်းလဲနေမှုနှင့် ပြည်တွင်း/ ပြည်ပဈေးကွက်များအပေါ် သက်ရောက်မှုကို အသင်းချုပ်အနေဖြင့် နေ့စဉ်လေ့လာသုံးသပ်ကာ တိုင်းဒေသကြီး/ ပြည်နယ်ဒေသအသီးသီးရှိ ပုဂ္ဂလိကလုပ်ငန်းရှင် ကုန်သည်/စက်ပိုင်များ၊ အသင်းအဖွဲ့များနှင့် ညှိနှိုင်းပူးပေါင်း၍ ပြည်တွင်းဈေးကွက် တည်ငြိမ်စေရေးနှင့် ပြည်တွင်းစားဆန်ဖူလုံစေရေးအလို့ငှာ ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ပြည်ပတင်ပို့ရောင်းချမှုကိုလည်း Exporter များနှင့်ညှိနှိုင်းပြီး စနစ်တကျ စီမံဆောင်ရွက်သွား နိုင်ရန်အတွက် နိုင်ငံတော်အစိုးရအား တင်ပြအကြံပြုသွားမည်ဖြစ်ပါသည်။

၄။ နိုင်ငံတော်အစိုးရနှင့် အချို့သော အဖွဲ့အစည်းများတွင်လည်း အရန်ဆန်စီစဉ်ထားမှုရှိပါသည်။ လတ်တလော အခြေအနေတွင် ပြည်တွင်းဖြန့်ဖြူးရောင်းချနေသည့် ကုန်သည်စက်ပိုင်များ၊ ကုမ္ပဏီများအနေဖြင့်လည်း ပစ္စည်းမှန်၊ ဈေးနှုန်းမှန်စွာဖြင့် ရောင်းချဖြန့်ဖြူးပေးလျက်ရှိသဖြင့် စိုးရိမ်ပူပန်ရမည့် အခြေအနေမဟုတ်ပါကြောင်းနှင့် ထူးခြားသောလိုအပ်မှု(သို့မဟုတ်) အခက်အခဲများရှိပါက နောက်ဆက်တွဲပါအတိုင်း ဆက်သွယ်ဆောင်ရွက်နိုင် ပါကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်**

**နောက်ဆက်တွဲ**

**မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်**
**သတင်းထုတ်ပြန်ကြေညာချက်အမှတ် (၀၁/၂၀၂၀)**
**၂၀၂၀ ခုနှစ်၊ မတ်လ (၁၃) ရက်**

**မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်**
ဖုန်း ၀၁ -၂၃၀၁၁၂၈-၂၉၊ ၀၁ -၂၁၈၂၆၆ - ၆၈
အမှတ် (၂၉)၊ အခန်း (၉၀၁ - ၉၀၃)၊ UMFCCI (၉) လွှာ၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

**မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း**
ဖုန်း ၀၉ - ၅၀၂၉၆၉၂၊ ၀၉ - ၅၁၂၃၄၁၄
အမှတ် (၁၀၀)၊ ဝါးတန်းလမ်း၊ ကွန်ကရစ်အမြန်လမ်းမကြီးဘေး၊ ဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်မြို့။

**မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း**
ဖုန်း ၀၁ - ၂၁၆၆၅၈ - ၅၉
အမှတ် (၂၉)၊ အခန်း (၈၀၄)၊ UMFCCI (၈) လွှာ၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

**ဝါးတန်းကုန်စည်ဒိုင်**
ဖုန်း ၀၉-၅၀၂၉၆၉၂၊ ၀၉-၅၁၂၃၄၁၄
အမှတ်(၁၀၀)၊ ဝါးတန်းလမ်း၊ ကွန်ကရစ်အမြန်လမ်းမကြီးဘေး၊ ဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်မြို့။

**ဘုရင့်နောင်ကုန်စည်ဒိုင်**
ဖုန်း ၀၁-၆၈၆၁၄၇
ဋ္ဌ(၁)၊ ယုဇနလမ်း၊ ဘုရင့်နောင်ပွဲရုံတန်း၊ အမှတ်(၁)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေးကုန်စည်ဒိုင်**
ဖုန်း ၀၉-၂၀၃၁၀၄၇
၃၄ လမ်းနှင့် ၃၅ လမ်းကြား၊ ၈၅ လမ်းနှင့် ၈၆ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ရွှေဘိုကုန်စည်ဒိုင်**
ဖုန်း ၀၉-၂၀၁၄၈၇၉၊ ၀၉-၂၁၀၀၆၁၂
အမှတ်(၄)ရပ်ကွက်၊ ရွှေဘိုမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။

# အထူးအစီရင်ခံစာတင်သွင်းသူများအနေဖြင့် စိတ်ရင်းမှန်ဖြင့် ဘက်လိုက်မှုမရှိဘဲ ဓမ္မဓိဋ္ဌာန်ကျကျ ပြုမူဆောင်ရွက်ရန်လိုအပ်ကြောင်း မြန်မာအမြဲတမ်းကိုယ်စားလှယ် တုံ့ပြန်ပြောကြား

**နေပြည်တော် မတ် ၁၃**

ဂျီနီဗာမြို့တွင် ကျင်းပလျက်ရှိသည့် (၄၃) ကြိမ်မြောက် ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ အစည်းအဝေးကာလအတွင်း မတ် ၁၀ ရက် နံနက်ပိုင်းတွင် ပြုလုပ်ခဲ့သည့် မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စယန်ဟီလီနှင့် အပြန်အလှန်ဆွေးနွေးမှု၌ မြန်မာအမြဲတမ်းကိုယ်စားလှယ် ဦးကျော်မိုးထွန်းက သက်ဆိုင်ရာနိုင်ငံအနေဖြင့် တုံ့ပြန်ပြောကြားမှုများ ပြုလုပ်ခဲ့သည်။

**အလုံးစုံငြိမ်းချမ်းရေးရရှိရေးအတွက် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်နေ**

အမြဲတမ်းကိုယ်စားလှယ်က ပြောကြားရာ၌ ဒီမိုကရေစီလမ်းကြောင်းတွင် ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးသည် ဒင်္ဂါးပြားတစ်ခု၏ မျက်နှာစာနှစ်ဖက်ကဲ့သို့ပင် မှီချယှဉ်တွဲလျက်ရှိကြောင်း အလေးအနက်ပြောကြားကာ မြန်မာအစိုးရအနေဖြင့် ၂၀၁၆ ခုနှစ် စတင်တာဝန်ထမ်းဆောင်စဉ်ကတည်းက အကန့်အသတ်များကြားမှ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် အခွန့်ရှည်တည်တံ့သည့် အလုံးစုံငြိမ်းချမ်းရေးရရှိရေးအတွက် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်နေမှုများကို ပြောကြားခဲ့သည်။

ထို့ပြင် မြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုးပေါင်းစုံနှင့် ဘာသာပေါင်းစုံ စုဝေးနေထိုင်လျက်ရှိကြောင်း၊ သို့ဖြစ်ရာ မတူကွဲပြားသည့် အသိုက်အဝန်းအားလုံး၏ ယဉ်ကျေးမှုနောက်ခံနှင့် ထူးခြားသည့် သမိုင်းကြောင်းများကို နားလည်မှုမရှိဘဲ မိမိ၏သဘောထားအမြင်ဇာတ်ကြောင်း(Narrative) ကို အခြေခံ၍ သုံးသပ်ကောက်ချက်ချခြင်းသည် အသိုက်အဝန်းများအကြား ပိုမိုအထင်လွဲမှားမှုများ ဖြစ်စေလိမ့်မည်ဖြစ်ကြောင်း ဆက်လက်ပြောကြားခဲ့ပါသည်။

အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် စပ်လျဉ်း၍ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလတွင် ကျင်းပခဲ့သည့် (၈)ကြိမ်မြောက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး၌ ကောင်းမွန်သည့်ရလဒ်များ ရရှိခဲ့မှုနှင့် ယခုနှစ် ပထမလေးလတာကာလအတွင်း ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစု ပင်လုံစတုတ္ထအစည်းအဝေးကို ကျင်းပရန် လျာထားမှုတို့အား အသိပေးပြောကြားခဲ့သည်။

**စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့အခွင့်အရေး အကာအကွယ်ပေးရေး**

ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှုရရှိရေး ကြိုးပမ်းမှုနှင့် စပ်လျဉ်း၍ မြန်မာအမြဲတမ်းကိုယ်စားလှယ်က UNDP နှင့် ပူးပေါင်း၍ စီးပွားရေးနှင့် လူ့အခွင့်အရေး ဦးဆောင်ဦးရွက်ပြုဆောင်ရွက်မှု (Business and Human Right Initiatives) နှင့် OECD နှင့် Myanmar Centre for Responsible Business တို့နှင့် ပူးပေါင်း၍ တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်း ဆောင်ရွက်ချက်များကို မြှင့်တင်ရေးတို့အပါအဝင် တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုရပ်ဝန်းဖြစ်ရန်အတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့အခွင့်အရေး အကာအကွယ်ပေးရေးတို့အကြား ဟန်ချက်ညီမှုရှိရေး အစိုးရ၏ဆောင်ရွက်နေမှုအချို့ကို မီးမောင်းထိုး ပြသခဲ့သည်။

ဆက်လက်၍ အမြဲတမ်းကိုယ်စားလှယ်က အမျိုးသမီးများအပေါ် အကြမ်းဖက်မှု တားဆီးကာကွယ်ရေး ဥပဒေကြမ်းအား လွှတ်တော်သို့ တင်ပြထားမှုအပါအဝင် နိုင်ငံတွင်း၌ ဥပဒေဆိုင်ရာ ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်နေမှု အခြေအနေကို အသိပေးပြောကြားခဲ့သည်။

ထို့အပြင် ဖေဖော်ဝါရီ ၂၅ ရက်ကတည်းက လွှတ်တော်တွင် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးအဆိုအား အကြိတ်အနယ် ဆွေးနွေးလျက်ရှိကြောင်း၊ ဒီမိုကရက်တစ်ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးရည်မှန်းချက်ရရှိရေး အကောင်အထည်ဖော်ရေးကို မိမိတို့အနေဖြင့် သန္နိဋ္ဌာန်ချထားကြောင်း၊ သို့ရာတွင် အချိန်အတိုင်းအတာလိုအပ်ကြောင်း ပြောကြားခဲ့သည်။

၂၀၂၀ ပြည့်နှစ်၊ နှောင်းပိုင်းတွင် ပြုလုပ်မည့် အထွေထွေရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ ပြောကြားရာတွင် online နှင့် offline တွင် သတင်းအမှားများနှင့် အမုန်းပွားဖွယ်စကားများကို ကိုင်တွယ်ဖြေရှင်းရေးအတွက် သက်ဆိုင်ရာတို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိခြင်း အပါအဝင် ရွေးကောက်ပွဲအတွက် ပြင်ဆင်ဆောင်ရွက်နေမှုများကို အသိပေးပြောကြားခဲ့ပြီး အခွင့်အရေးနှင့် တာဝန်ခံမှု တာဝန်ယူမှု၊ လွတ်လပ်စွာ ဆန္ဒထုတ်ဖော်မှုနှင့် အမုန်းစကားများ မပြန့်ပွားရေးအကြား ဟန်ချက်ညီမှုရှိရန် အရေးကြီးသည်ကို အသိပြုရမည်ဖြစ်ကြောင်း ထောက်ပြပြောကြားခဲ့သည်။

နေရပ်စွန့်ခွာသူများ ပြန်လည်လွှဲပြောင်းရေးနှင့် စပ်လျဉ်း၍ အမြဲတမ်းကိုယ်စားလှယ်က ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ၏ စိုးရိမ်ပူပန်မှုများကို နားလည်ကြောင်း၊ နေရပ်စွန့်ခွာသူများ ပြန်လည်လွှဲပြောင်းရေးလုပ်ငန်းစဉ် တရားဝင်စတင်ခြင်းမရှိသေးသော်လည်း မိမိဆန္ဒအလျောက် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ရခိုင်ပြည်နယ်သို့ နေရပ်ပြန်လာသည့်သူ ၃၀၀ ကျော်ရှိပြီဖြစ်ကြောင်း ပြောကြားခဲ့ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံကိုလည်း နှစ်နိုင်ငံလက်မှတ်ရေးထိုးထားသည့် သဘောတူညီချက်များအား အတိအကျလိုက်နာရေး ထပ်မံတောင်းဆိုခဲ့ကာ ရခိုင်ပြည်နယ်အတွင်း UNDP၊ UNHCR တို့နှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ အာဆီယံနှင့် ပူးပေါင်းဆောင်ရွက်မှုများကို အသိပေးပြောကြားခဲ့သည်။

**အထူးအစီရင်ခံစာတင်သွင်းသူများ လုပ်ငန်းကျင့်ဝတ် စောင့်ထိန်း**

မြန်မာအမြဲတမ်းကိုယ်စားလှယ်က အထူးအစီရင်ခံစာတင်သွင်းသူများအနေဖြင့် နိုင်ငံတစ်နိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေတိုးတက်ရေး အကြံပြုရာတွင် စိတ်ရင်းမှန်ဖြင့် ဘက်လိုက်မှုမရှိဘဲ ဓမ္မဓိဋ္ဌာန်ကျကျပြုမူကာ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့အပြင် အထူးအစီရင်ခံစာတင်သွင်းသူများအနေဖြင့် လုပ်ငန်းကျင့်ဝတ်များကို တိကျစွာလိုက်နာစောင့်ထိန်းပြီး ပညာရှင်ဆန်ဆန် သက်ဆိုင်သူများအားလုံး၏ ပြောကြားချက်များကို နားထောင်ရန်မှာလည်း များစွာပဓာနကျကြောင်း ထောက်ပြပြောကြားခဲ့သည်။

မြန်မာနိုင်ငံသည် ဒီမိုကရေစီအတွက် သမိုင်းတွင် နောက်ထပ် အဆင့်တစ်ခုကို အကောင်အထည်ဖော်ရေး ရှေ့ဆက်ဆောင်ရွက်နေစဉ်တွင် အပြုသဘောမဆောင်သည့်လုပ်ရပ်များ၊ အရေးယူဒဏ်ခတ်သည့် ဆောင်ရွက်မှုများ၊ မလိုမုန်းထား ပြုမူမှုများသည် နိုင်ငံရှိ မတူကွဲပြားသည့် အသိုက်အဝန်းများအကြား စည်းလုံးမှုပြိုကွဲစေရန်နှင့် ယုံကြည်မှုမရှိဖြစ်စေရန်ကိုသာ ဦးတည်နေသော အဟန့်အတားများဖြစ်ကြောင်းကို သတိပြုရန်အရေးကြီးကြောင်း အလေးအနက် ပြောကြားခဲ့သည်။

**သတင်းစဉ်**

# မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းစည်းဝေး

**နေပြည်တော် မတ် ၁၃**

မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဗဟိုကော်မတီ၏ (၂၅) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



အစည်းအဝေးတွင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက အမှာစကားပြောကြားပြီး ဗဟိုကော်မတီအတွင်းရေးမှူး ဦးသက်နိုင်ဦးက အစည်းအဝေးတွင် ဆွေးနွေးဆုံးဖြတ်ရမည့် အကြောင်းအရာများကိုတင်ပြရာ တက်ရောက်လာကြသူများက လုပ်ငန်းတစ်ခုချင်းအလိုက် ဆွေးနွေးဆုံးဖြတ်ကြသည်။

ယနေ့ကျင်းပသည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဗဟိုကော်မတီ၏ (၂၅)ကြိမ်မြောက် လုပ်ငန်းအစည်းအဝေးတွင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် လျှောက်ထားလာသည့် အမှုတွဲများကို စိစစ်ခြင်း၊ ဗဟိုကော်မတီ၏ (၃/၂၀၁၆) အစည်းအဝေးဆုံးဖြတ်ချက်အရ ပြန်လည်စိစစ်ရန် အကြောင်းကြားထားခြင်းအပေါ် ပြန်လည်တင်ပြလာသည့် ကိစ္စရပ်များ၊ ဗဟိုကော်မတီ၏ (၂၄/၂၀၂၀) အစည်းအဝေး ဆုံးဖြတ်ချက်အရ ပြန်လည်စိစစ်တင်ပြရန်ကိစ္စရပ်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ သဘောထားမှတ်ချက် ပြန်ကြားလာသည့် အမှုတွဲများ စိစစ်တင်ပြခြင်းများ၊ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် လျှောက်ထားလာခြင်း ကိစ္စရပ်များ၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူများသည် ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ (ဃ)ပါ စည်းကမ်းချက်များကို ဖောက်ဖျက်ပြီး ပေးဆောင်ရမည့် မြေခွန်များကို ပေးဆောင်ရန် ပျက်ကွက်မှုကို ဥပဒေပုဒ်မ ၂၁ နှင့်အညီ အရေးယူဆောင်ရွက်နိုင်ရေးကိစ္စနှင့်စပ်လျဉ်း၍ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ် စီမံခန့်ခွဲရေးကော်မတီတို့မှ အထူးအဖွဲ့ အမည်စာရင်း အဆိုပြုတင်ပြလာသည့် ကိစ္စရပ်များ၊ ယခင်ဗဟိုအဖွဲ့မှ ခွင့်ပြုထားသည့် မြေလွတ်၊ မြေရိုင်းများကို ပြန်လည်အပ်နှံခွင့်ပြုပါရန် လျှောက်ထားလာခြင်း ကိစ္စရပ်များ၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများတွင် လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် လျှောက်ထားခြင်းအပေါ် ကန့်ကွက်လွှာတင်သွင်းခြင်းကို စိစစ်ရန် သီးခြားအဖွဲ့ ဖွဲ့စည်းခြင်းကိစ္စရပ်များကို ဆွေးနွေးကြသည်။

ထို့ပြင် ယခင်ဝန်ကြီးဌာန၏ ကြိုတင်ခွင့်ပြုချက်နှင့် ဒေသအာဏာပိုင်ခွင့်ပြုချက်တို့ဖြင့် မြေရယူထားသည့် ကုမ္ပဏီ၊ အဖွဲ့အစည်း၊ တပ်ရင်းတပ်ဖွဲ့များအနေဖြင့် ထိုစဉ်ကာလက မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဗဟိုအဖွဲ့သို့ လည်းကောင်း၊ ၂၀၁၂ ခုနှစ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေပြဋ္ဌာန်းပြီးနောက်ပိုင်း၌ အဆိုပါဥပဒေအရ လည်းကောင်း၊ လုပ်ပိုင်ခွင့်နှင့် အသုံးပြုခွင့် လျှောက်ထားရယူရမည် ဖြစ်သော်လည်း လျှောက်ထားရယူခဲ့ခြင်းမရှိပါက အဆိုပါမြေပေါ်တွင် မည်မျှပင်အကောင်အထည်ဖော် ဆောင်ရွက်ထားရှိစေကာမူ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းစာရင်း၌ ရှိနေသေးသည်ဖြစ်၍ တည်ဆဲဥပဒေများနှင့်အညီ သက်ဆိုင်သူများအနေဖြင့် လျှောက်ထားရယူရန် လိုအပ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးစိုးအောင် Myanmar Blue Sky Rescue Development Council အဖွဲ့နှင့် UNICEF အဖွဲ့တို့ကို သီးခြားစီတွေ့ဆုံ



**နေပြည်တော် မတ် ၁၃**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်သည် Myanmar Blue Sky Rescue Development Council အဖွဲ့အစည်းနှင့် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။ **(ဝဲပုံ)**

ထိုသို့တွေ့ဆုံစဉ် ကမ္ဘာ့ကပ်ရောဂါဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)က ကြေညာထားသည့် COVID-19 ရောဂါနှင့် စပ်လျဉ်းသော အသိပေးခြင်းဆိုင်ရာ လက်ကမ်းစာစောင်များကို ဝန်ကြီးဌာနအောက်ရှိ မူကြိုကျောင်းများ၊ ကိုယ့်အားကိုယ်ကိုး မူကြိုကျောင်းများနှင့် မိခင်ဝိုင်းများသို့ ဖြန့်ဝေပေးနိုင်ရေးအတွက် သက်ဆိုင်ရာကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့်ညှိနှိုင်း၍ ပုံနှိပ်ထုတ်ဝေရေး ဆောင်ရွက်သွားနိုင်မည့် အစီအစဉ်များကို ဆွေးနွေးကြသည်။

ထို့နောက် UNICEF မှ တာဝန် ရှိသူများနှင့်တွေ့ဆုံ၍ မသန်စွမ်းသူများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရသင့်ရထိုက်သော အခွင့်အရေးများ အပြည့်အဝရရှိရေးအတွက် ဝန်ကြီးဌာနမှ ဆောင်ရွက်နေမှုများ၊ မသန်စွမ်းမှုမှတ်ပုံတင်ခြင်းလုပ်ငန်းများနှင့် မသန်စွမ်းမှုအဆင့် သတ်မှတ်ခြင်းဆိုင်ရာ လုပ်ငန်းများကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပညာရှင်များနှင့် မသန်စွမ်းအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ဆောင်ရွက်နေမှုများ၊ မသန်စွမ်းသူများ၊ မသန်စွမ်းကလေးငယ်များ၏ အခွင့်အရေး အပြည့်အဝရရှိရေးအတွက် ရေးဆွဲဆောင်ရွက်မည့် မဟာဗျူဟာစီမံကိန်းနှင့် ပတ်သက်၍ အာဆီယံအဆင့် ချမှတ်ထားသော မဟာဗျူဟာ ASEAN Enabling Masterplan နှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရေး၊ မဟာဗျူဟာရေးဆွဲဆောင်ရွက်ရာတွင် လိုအပ်သော နည်းပညာပိုင်းဆိုင်ရာများအတွက် UNICEF နှင့် ပူးပေါင်းဆောင်ရွက်သွားမည့် အစီအစဉ်များကို ဆွေးနွေးကြသည်။ **သတင်းစဉ်**

# ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၃၆ ပုဒ်မခွဲ (က) တွင် အကျုံးဝင်သည့် ပုဒ်မ၊ ပုဒ်မခွဲ ၁၂ ခုကို စုစည်းထားသည့် ဆန္ဒမဲလက်မှတ် (၄) နှင့် စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူဆောင်ရွက်

**နေပြည်တော်  မတ်  ၁၃**
ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၅) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၂ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ တက်ရောက်ခွင့်ရှိသူ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း ၆၅၄ ဦးရှိသည့်အနက် ၆၃၄ ဦး တက်ရောက်ပြီး ၂၀ ခွင့်တိုင်ကြားသည်။

အစည်းအဝေးတွင် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေမူကြမ်းများပါ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၃၆ ပုဒ်မခွဲ(က)တွင် အကျုံးဝင်သည့် ပုဒ်မ၊ ပုဒ်မခွဲ ၁၂ ခုကို စုစည်းထားသည့် ဆန္ဒမဲလက်မှတ်(၄)နှင့် စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်းအစီအစဉ်ကို ဆောင်ရွက်သည်။

## ဆန္ဒမဲလက်မှတ်များရေတွက်

ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးက အတည်ပြုမည့် ဆန္ဒမဲလက်မှတ်များကို ရေတွက်အပ်နှံသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်က ညွှန်ကြားရေးမှူးချုပ် ယူဆောင်လာသည့် ဆန္ဒမဲလက်မှတ်အရေအတွက် ၆၅၅ ဖြစ်ပါကြောင်း၊ ယနေ့တက်ရောက်သည့် ကိုယ်စားလှယ် ၆၃၄ ဦးဖြစ်သည့်အတွက် အပိုဆန္ဒမဲလက်မှတ် ၂၁ စောင်ကို မိမိထံတွင် ထားရှိမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ သက်ဆိုင်ရာ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းအဖွဲ့ (၄)ဖွဲ့တို့က တာဝန်ပေးထားသည့် အကန့်အလိုက် နေရာယူကြသည်။

ထို့နောက် ဆန္ဒမဲလက်မှတ်များကို သက်ဆိုင်ရာ ဒုတိယညွှန်ကြားရေးမှူးချုပ်က ညွှန်ကြားရေးမှူးချုပ်ထံမှ လာရောက်ထုတ်ယူပြီး အကန့်အလိုက် တာဝန်ပေးထားသည့် ဝန်ထမ်းအဖွဲ့(၄)ဖွဲ့ထံသို့ အစည်းအဝေးတက်ရောက်မှု အင်အားအတိုင်း ခွဲဝေပေးသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးထွန်းအောင် (ခ) ဦးထွန်းထွန်းဟိန်၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များက သတ်မှတ်နေရာတွင် လျှို့ဝှက်ဆန္ဒပြုခြင်းနည်းလမ်းဖြင့် ဆန္ဒမဲပေးကြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယကက သတ်မှတ်နေရာတွင် လျှို့ဝှက်ဆန္ဒပြုခြင်းနည်းလမ်းဖြင့် ဆန္ဒမဲပေးသည်။

ဆက်လက်၍ ဆန္ဒမဲပေးမှု ပြီးမြောက်ပြီးနောက် သက်ဆိုင်ရာ တာဝန်ခံများက ဆန္ဒမဲပုံးများကို လွှတ်တော်ကိုယ်စားလှယ်များ၏ ရှေ့မှောက်တွင် ဖွင့်လှစ်၍ ထုတ်ပေးထားသည့် ဆန္ဒမဲလက်မှတ်အရေအတွက်နှင့် ဆန္ဒမဲပုံးအတွင်းမှ ထုတ်ယူရရှိသည့် ဆန္ဒမဲလက်မှတ်အရေအတွက် အခြေအနေကို စစ်ဆေးရေတွက်သည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားသည့် ဆန္ဒမဲလက်မှတ် ၆၃၄ စောင်ဖြစ်ပြီး ယခု ဆန္ဒမဲပုံးအတွင်းမှ ထုတ်ယူရရှိသည့် ဆန္ဒမဲလက်မှတ်အရေအတွက်သည်လည်း ၆၃၄ စောင်ဖြစ်သည့်အတွက် ကိုက်ညီမှုရှိကြောင်းနှင့် ဆန္ဒမဲပေးမှု အထမြောက်ကြောင်း ကြေညာသည်။


ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်

## သတ်မှတ်အဖွဲ့နေရာများ၌ ကြီးကြပ်စောင့်ကြည့်

ယင်းနောက် ပုဒ်မ၊ ပုဒ်မခွဲအလိုက် ရလဒ်ရေတွက်မှုကို ဝန်ထမ်းအဖွဲ့ (၈) ဖွဲ့ဖြင့် သတ်မှတ်နေရာအသီးသီး၌ တစ်ပြိုင်တည်းရေတွက်ကြရာ နိုင်ငံရေးပါတီအစုအဖွဲ့အလိုက် အမည်စာရင်းပေးထားသည့် လွှတ်တော်ကိုယ်စားလှယ်များက သတ်မှတ်အဖွဲ့နေရာများ၌ ကြီးကြပ်စောင့်ကြည့်ကြသည်။

ဆက်လက်၍ အဖွဲ့(၈)ဖွဲ့ခွဲ၍ အသေးစိတ်စိစစ်ရေတွက်မှု ပြီးမြောက်ပြီးနောက် သက်ဆိုင်ရာရုံးအဖွဲ့နှင့် နိုင်ငံရေးပါတီအစုအဖွဲ့အလိုက် ကိုယ်စားလှယ် (၅) ဦးပါဝင်သည့်အဖွဲ့က ကြီးကြပ်ပြီး စာရင်းချုပ်နှင့် ထောက်ခံဆန္ဒမဲအရေအတွက် ရာခိုင်နှုန်းတွက်ချက်မှုတို့ကို ဆက်လက်ဆောင်ရွက်သည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က ယနေ့လွှတ်တော်၏ အဆုံးအဖြတ်ရယူသည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်း ပြင်ဆင်ချက် ပုဒ်မ၊ ပုဒ်မခွဲအလိုက် ထောက်ခံဆန္ဒမဲ ရရှိမှုအရေအတွက် ၇၅ ရာခိုင်နှုန်းကျော် ရ၊ မရနှင့် လွှတ်တော်၏ ဆုံးဖြတ်အတည်ပြုချက်တို့ကို ကြေညာရာတွင် ပုဒ်မ ၄၂၂ ပယ်ဖျက်မှုအတွက် ထောက်ခံဆန္ဒမဲ ၄၁၆ မဲဖြစ်ပြီး ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင်နှုန်းမကျော်သည့်အတွက် မူလအတိုင်းဖြစ်ပါကြောင်း၊ ပုဒ်မ ၄၂၃ ပြင်ဆင်မှုအတွက် ထောက်ခံဆန္ဒမဲ ၄၁၈ မဲဖြစ်ပြီး ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင်နှုန်းမကျော်သည့်အတွက် မူလအတိုင်းဖြစ်ပါကြောင်း၊ ပုဒ်မ ၄၂၅ ပယ်ဖျက်မှုအတွက် ထောက်ခံဆန္ဒမဲ ၄၁၅ မဲ ဖြစ်ပြီး ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင်နှုန်းမကျော်သည့်အတွက် မူလအတိုင်းဖြစ်ပါကြောင်း၊ ပုဒ်မ ၄၂၆ ပယ်ဖျက်မှုအတွက် ထောက်ခံဆန္ဒမဲ ၄၁၅ မဲဖြစ်ပြီး ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင်နှုန်း မကျော်သည့်အတွက် မူလအတိုင်းဖြစ်ပါကြောင်း။

ပုဒ်မ ၄၂၇ ခြေဆင်း ပြင်ဆင်မှုအတွက် ထောက်ခံဆန္ဒမဲ ၄၁၆ မဲဖြစ်ပြီး ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင်နှုန်း မကျော်သည့်အတွက် မူလအတိုင်းဖြစ်ပါကြောင်း၊ ပုဒ်မ ၄၂၇ ပုဒ်မခွဲ (က)ပြင်ဆင်မှုအတွက် ထောက်ခံဆန္ဒမဲ ၄၁၄ မဲဖြစ်ပြီး ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင်နှုန်း မကျော်သည့်အတွက် မူလအတိုင်းဖြစ်ပါကြောင်း၊ ပုဒ်မ ၄၂၈ ပြင်ဆင်မှုအတွက် ထောက်ခံဆန္ဒမဲ ၄၁၇ မဲဖြစ်ပြီး ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင်နှုန်း မကျော်သည့်အတွက် မူလအတိုင်းဖြစ်ပါကြောင်း၊ ပုဒ်မ ၄၂၉ ပြင်ဆင်မှုအတွက် ထောက်ခံဆန္ဒမဲ ၄၁၇ မဲဖြစ်ပြီး ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင်နှုန်းမကျော်သည့်အတွက် မူလအတိုင်းဖြစ်ပါကြောင်း။

ပုဒ်မ ၄၃၁ ပယ်ဖျက်မှုအတွက် ထောက်ခံဆန္ဒမဲ ၄၁၄ မဲဖြစ်ပြီး ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင်နှုန်းမကျော်သည့်အတွက် မူလအတိုင်းဖြစ်ပါကြောင်း၊ ပုဒ်မ ၄၃၂ ပြင်ဆင်မှုအတွက် ထောက်ခံဆန္ဒမဲ ၄၁၆ မဲဖြစ်ပြီး ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင်နှုန်းမကျော်သည့်အတွက် မူလအတိုင်းဖြစ်ပါကြောင်း၊ ပုဒ်မ ၄၃၆ ပုဒ်မခွဲ (က) ပြင်ဆင်မှုအတွက် ထောက်ခံဆန္ဒမဲ ၄၁၄ မဲဖြစ်ပြီး ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင်နှုန်းမကျော်သည့်အတွက် မူလအတိုင်းဖြစ်ပါကြောင်း၊ ပုဒ်မ ၄၃၆ ပုဒ်မခွဲ (ခ) ပြင်ဆင်မှုအတွက် ထောက်ခံဆန္ဒမဲ ၄၁၃ မဲဖြစ်ပြီး ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင်နှုန်းမကျော်သည့်အတွက် မူလအတိုင်းဖြစ်ပါကြောင်း ကြေညာသည်။

## လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းအစီအစဉ်ပြီးဆုံး

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယက က ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေမူကြမ်းများပါ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၃၆ ပုဒ်မခွဲ(က)တွင် အကျုံးဝင်သည့် ဆန္ဒမဲလက်မှတ်(၄) အပါအဝင် ပြင်ဆင်ချက်များ အားလုံးအတွက် ပြည်ထောင်စုလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းအစီအစဉ် ပြီးဆုံးပြီဖြစ်ပါကြောင်း၊ ဆက်လက်၍ ပုဒ်မ ၄၃၆ ပုဒ်မခွဲ (ခ) တွင် အကျုံးဝင်သည့် ပုဒ်မ၊ ပုဒ်မခွဲ များကို စုစည်းထားသည့် ဆန္ဒမဲလက်မှတ် (၁) နှင့် စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းကို ၂၀၂၀ ပြည့်နှစ် မတ် ၁၆ ရက် တနင်္လာနေ့တွင် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၃ ရက်မြောက်နေ့ကို မတ် ၁၆ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **အောင်ရဲသွင်၊ အေးအေးသန့်၊ ဓာတ်ပုံ– ထန်းဖုန်**


ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ လျှို့ဝှက်ဆန္ဒပြုခြင်းနည်းလမ်းဖြင့် ဆန္ဒမဲပေးကြစဉ်။


ဆန္ဒမဲလက်မှတ်များ ရေတွက်မှုနှင့် လွှတ်တော်ကိုယ်စားလှယ်များ ကြီးကြပ်စောင့်ကြည့်မှုကို တွေ့ရစဉ်။

# ပုလဲမြို့ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း သင်တန်းဆင်းပွဲကျင်းပ

**ပုလဲ  မတ်  ၁၃**
နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန စစ်ကိုင်းတိုင်းဒေသကြီးရုံးကွပ်ကဲမှုအောက် ပုလဲမြို့ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၏ အဆင့်မြင့်အိမ်တွင်းမှု စက်ချုပ်သင်တန်း အမှတ်စဉ်(၁) ဆင်းပွဲကို ယနေ့ နံနက်ပိုင်းက အဆိုပါသင်တန်းကျောင်း၌ ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး သန်းထွန်းအောင် တက်ရောက် အမှာစကားပြောကြားကာ သင်တန်းထူးချွန်ဆု ပထမဆုရသူအား အပ်ချုပ်စက်တစ်စုံ ချီးမြှင့်ပြီး သင်တန်းသူများ၏ လက်ရာများကို ကြည့်ရှုသည်။ **(ယာပုံ)** ယင်းနောက် ကျောင်းအုပ်က သင်တန်းဆင်းအောင်လက်မှတ်များကို ပေးအပ်သည်။

အဆိုပါသင်တန်းတွင် အဆင့်မြင့်အိမ်တွင်းမှု စက်ချုပ်သင်တန်းသူ ၅၀ တက်ရောက်သင်ကြားခဲ့ပြီး သင်တန်းကာလမှာ ၁၃-၁၁-၂၀၁၉ မှ ၁၃-၃-၂၀၂၀ အထိ ရက်သတ္တ ၁၈ ပတ်ကြာမြင့်ခဲ့သည်။

အလားတူ ယနေ့ နံနက်ပိုင်းတွင် နယ်စပ်ရေးရာဝန်ကြီးဌာန လက်အောက်ရှိ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း ၃၇ ကျောင်းတွင် သင်တန်းဆင်းပွဲများ ပြုလုပ်ပြီး စုစုပေါင်း သင်တန်းဆင်းအင်အား ၁၉၁၀ ရှိကြောင်းနှင့် သင်တန်းများ စတင်ဖွင့်လှစ်ချိန်မှ ယခုအချိန်အထိ သင်တန်းဆင်းအရေအတွက် ၈၉၈၉၆ ဦးရှိကြောင်း၊ အဆိုပါလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသူ ၄၀၄၉၆ ဦးရှိသဖြင့် ၄၅ ရာခိုင်နှုန်း အလုပ်အကိုင်ဖန်တီးဆောင်ရွက်ပေးနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**



> **“နိုင်ငံတော်အပိုင်းတွင်ရှိသည့် အရန်ဆန်နှင့် လုပ်ငန်းရှင်လက်ထဲတွင် ရှိသည့်ဆန် ယင်းပမာဏဖြင့် တစ်နိုင်ငံလုံး၏ စားသောက်နှုန်းကို တွက်ချက်ပြီး လိုအပ်သည့် အစီအမံများ ဆက်လက်ဆောင်ရွက်သွားမည်၊ လိုအပ်လျှင် ဆန်၊ စပါးတင်ပို့မှုများကိုလည်း ကန့်သတ်သင့်ပါက ကန့်သတ်သွားမည်ဖြစ်၊ ယခုအချိန်တွင် အခွင့်ကောင်းယူပြီး ဈေးကစားသည့် အကျိုးမြတ်ရှာသည့် လုပ်ငန်းရှင်များ၊ ရောင်းချသူများကို ယခုကတည်းက သတိပေးပါကြောင်း၊ ထိထိရောက်ရောက် အရေးယူသွားမည်”**

❖ *ကျော်ဖုံးမှ*

WHO ၏ ထုတ်ပြန်ချက်အရ နိုင်ငံတော်တော်များများတွင် ကူးစက်မှုနှုန်း မြင့်မားလာနိုင်သည်ကို သတိပေးထားပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ယနေ့ မွန်းလွဲ ၂ နာရီအထိ ရောဂါကူးစက်သူ တစ်ယောက်မျှ မရှိသေးပါကြောင်း၊ သို့သော် COVID-19 ရောဂါသည် ယနေ့ကမ္ဘာတွင် ကူးစက်မှုနှုန်း မြင့်မားနေသည့်အတွက် မည်မျှကြာကြာ ဆက်လက်ကူးစက်နေဦးမည်ကို မသိရှိနိုင်သည့် အခြေအနေတွင် အစိုးရပိုင်းအနေဖြင့် ကြိုတင်ပြင်ဆင်သင့်သည်များကို စနစ်တကျ ပြင်ဆင်ဆောင်ရွက်ရန် ဆွေးနွေးပြီး ဆုံးဖြတ်ချက်များ ချမှတ်ခဲ့ပါကြောင်း၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးကိုလည်း နိုင်ငံတော်သမ္မတရုံးက ညွှန်ကြားချက်များ ထုတ်ပြန်ထားပြီး ဖြစ်ပါကြောင်း။

### နိုင်ငံတော်အစိုးရပိုင်းက ဆောင်ရွက်စရာရှိသည့် ကိစ္စရပ်အားလုံးကို အလေးထားဆောင်ရွက်နေ

တစ်ချိန်တည်းတွင် ပြည်သူလူထုနှင့် ပတ်သက်ပြီး နိုင်ငံတော်သမ္မတရုံးက ပြည်သူများသို့ ပန်ကြားချက် ထုတ်ပြန်ထားပါကြောင်း၊ အထူးသဖြင့် အလေးပေး ပြောကြားလိုသည်မှာ COVID-19 ရောဂါနှင့်ပတ်သက်၍ နိုင်ငံတော်အစိုးရပိုင်းက ဆောင်ရွက်စရာရှိသည့် ကိစ္စရပ်အားလုံးကို အလေးထားဆောင်ရွက်နေပါကြောင်း၊ ပြည်သူများ သတိပြုရမည့်အချက်များ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်သည့် ထုတ်ပြန်ချက်များအပေါ် လိုက်နာဆောင်ရွက်ရန်၊ အထူးသဖြင့် အစိုးရိမ်မကြီးကြရန် ပြောကြားလိုပါကြောင်း။

WHO ၏အကဲဖြတ်ချက်တွင် Very High ဆိုပြီးပေးထားပါကြောင်း၊ WHO ၏ အကြံပြုချက်များကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားပါကြောင်း၊ အထူးသဖြင့် လူစုလူဝေးထူထပ်သည့် နေရာများမှတစ်ဆင့် ကူးစက်နိုင်သောကြောင့် လူစုလူဝေးများကို ရှောင်ရှားရန်နှင့် တစ်ကိုယ်ရေ သန့်ရှင်းမှုကို အထူးဂရုစိုက်ကြရန်ဖြစ်ပါကြောင်း၊ ရောဂါကူးစက်ခံရသူများကို ပြန်ကြည့်ပါက အသေအပျောက်ထိခိုက်မှုရှိသူ အများစုသည် သက်ကြီးရွယ်အိုများပါကြောင်း၊ သက်ကြီးရွယ်အိုများအနေဖြင့် လူစုလူဝေးနေရာများသို့ မသွားရန်၊ အာဟာရပြည့်ဝစွာ စားသောက်ရန်နှင့် အိပ်ရေးဝဝအိပ်ရန် လိုပါကြောင်း၊ အထူးသဖြင့် ကိုယ်ခံအားကောင်းမွန်နေရန် လိုပါကြောင်း။

COVID-19 ရောဂါနှင့်ပတ်သက်၍ မြန်မာနိုင်ငံတွင် ယနေ့အထိ Negative ဖြစ်ပါကြောင်း၊ ယင်းအပေါ်တွင် မေးခွန်းများရှိပါကြောင်း၊ ပြောလိုသည်မှာ အစိုးရအနေဖြင့်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် သတင်း ထုတ်ပြန်ပေးရာတွင် ထုတ်ပြန်ချက်များကို အမှန်အတိုင်း ထုတ်ပြန်ပေးနေပါကြောင်း၊ တစ်ချိန်က ကမ္ဘာတစ်ဝန်းတွင် SARS ရောဂါကူးစက်ပြန့်ပွားမှု ဖြစ်ပွားစဉ်ကလည်း မြန်မာနိုင်ငံတွင် မဖြစ်ခဲ့ပါကြောင်း၊ ပြန်သုံးသပ်ကြည့်ပါက မြန်မာလူမျိုးများ၏ နေထိုင်သွားလာ စားသောက်လှုပ်ရှားမှုပုံစံများသည် ယခုရောဂါနှင့် ပတ်သက်ပြီး ကောင်းကျိုးဖြစ်စေပါကြောင်း။

အနောက်နိုင်ငံများတွင် ရောဂါဖြစ်ပွားမှုအများစုသည် လူမှလူကို ကူးစက်ခြင်းဖြစ်ပါကြောင်း၊ လက်ဆွဲနှုတ်ဆက်သည့် ဓလေ့သည် မြန်မာနိုင်ငံတွင် မရှိပါကြောင်း၊ နိုင်ငံတော်တော်များများတွင် တစ်ဦးနှင့်တစ်ဦး လက်ဆွဲနှုတ်ဆက်ခြင်း၊ ပွေ့ဖက်နှုတ်ဆက်ခြင်း၊ နမ်း၍ နှုတ်ဆက်ခြင်းတို့ ရှိပါကြောင်း၊ ယင်းပုံစံမျိုးသည် မြန်မာနိုင်ငံတွင် မရှိသလောက်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ ပြည်သူအများစုသည် ငွေစက္ကူများကို အသုံးပြုပါကြောင်း၊ တိုးတက်ဖွံ့ဖြိုးပြီး နိုင်ငံများတွင် များသောအားဖြင့် Credit Card ဖြင့် ငွေပေးချေကြပါကြောင်း၊ Credit Card ဖြင့် ငွေပေးချေရာတွင် ငွေရှင်းကောင်တာမှ လူသည် တစ်နေ့ကို လူရာနှင့်ချီပြီး ဆက်ဆံနေရသည့်အတွက် ကူးစက်တတ်သည့် အလားအလာ များရှိပါကြောင်း၊ ထိုသို့ ငွေပေးချေမှုမျိုး မြန်မာနိုင်ငံတွင် နည်းပါကြောင်း၊ မိမိတို့၏ ရေခံ၊ မြေခံသည် ရောဂါကူးစက်နိုင်မှု အလားအလာနည်းသည့် အနေအထားရှိသည်ကိုလည်း တွေ့ရပါကြောင်း။

ယမန်နေ့ညက ရန်ကုန်တွင် စားစရာ၊ သောက်စရာများ ဝယ်ယူစုဆောင်းကြခြင်းများ ဖြစ်သွားခဲ့ပါကြောင်း၊ ယခုကြုံတွေ့နေရသည်မှာ COVID-19 ရောဂါ၏ ဂယက်အပေါ် အသုံးချပြီး ရည်ရွယ်ချက်ရှိရှိ သို့မဟုတ် ရည်ရွယ်ချက်မရှိဘဲ ကောလာဟလသတင်းများ ထုတ်လွှင့်ခြင်းက လူထုကို စိုးရိမ်ပူပန်မှုကြီးမားစေပါကြောင်း၊ ထို့ကြောင့် ပြည်သူလူထုသို့ ပန်ကြားချက်ကို နိုင်ငံတော်သမ္မတရုံးက ထုတ်ပြန်ထားပါကြောင်း၊ ဈေးရောင်းသည့် ကုန်သည်လုပ်ငန်းရှင်များကိုလည်း သတိပေးပြောကြားလိုသည်မှာ ယခုဖြစ်ပွားနေသည်မှာ ကမ္ဘာလုံးဆိုင်ရာ ကူးစက်ရောဂါဖြစ်ပါကြောင်း၊ ယခုလိုကာလတွင် နိုင်ငံတိုင်း နိုင်ငံတိုင်းက နိုင်ငံတော်အစိုးရ၊ ပုဂ္ဂလိကကဏ္ဍနှင့် ပြည်သူလူထုများ ကျရာကဏ္ဍကနေ ပူးပေါင်းဆောင်ရွက်နေပါကြောင်း၊ ရောဂါ၏ ကျယ်ပြန့်မှုပမာဏသည် တစ်ကမ္ဘာလုံး အတိုင်းအတာအနေဖြင့် ကြီးသည့်အတွက် ယခုအချိန်တွင် အကျိုးအမြတ်အတွက် ဝိသမလောဘစိတ်များဖြင့် မလုပ်ကြရန် မေတ္တာရပ်ခံပါကြောင်း၊ ပြည်သူလူထုကို မေတ္တာရပ်ခံလိုသည်မှာ မြန်မာနိုင်ငံသည် အထူးသဖြင့် ဆန်ကို အဓိကစားသုံးသည့် နိုင်ငံဖြစ်ပါကြောင်း၊ ဆန်ကိုလည်း ပြည်ပမှ တင်သွင်းဝယ်ယူရသည့် နိုင်ငံမဟုတ်ပါကြောင်း၊ ပြည်တွင်းတွင် ဖူလုံသည့်အပြင် ပြည်ပသို့တင်ပို့ရောင်းချနေသည့် နိုင်ငံဖြစ်ပါကြောင်း၊ အစားအသောက်၊ သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်များကိုလည်း စိုက်ပျိုးထုတ်လုပ်ပြီး အိမ်နီးချင်းနိုင်ငံများကို တင်ပို့ရောင်းချနေသည့် နိုင်ငံဖြစ်ပါကြောင်း၊ ထို့ကြောင့် ပြည်တွင်းစားသုံးမှုသည် ဖူလုံမှုရှိပါကြောင်း၊ နိုင်ငံတော်အပိုင်းအနေဖြင့်လည်း အရန်ဆန် ဝယ်ယူစုဆောင်းထားပြီး တန်ချိန်တစ်သောင်းခွဲ လောလောဆယ်ရှိပါကြောင်း၊ နောက်ထပ်လည်း နိုင်ငံတော်အပိုင်းတွင်ရှိသည့် အရန်ဆန်နှင့် လုပ်ငန်းရှင်လက်ထဲတွင် ရှိသည့်ဆန် ယင်းပမာဏဖြင့် တစ်နိုင်ငံလုံး၏ စားသောက်နှုန်းကို တွက်ချက်ပြီး လိုအပ်သည့် အစီအမံများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လိုအပ်လျှင် ဆန်၊ စပါး တင်ပို့မှုများကိုလည်း ကန့်သတ်သင့်ပါက ကန့်သတ်သွားမည်ဖြစ်ပါကြောင်း၊ ယခုအချိန်တွင် အခွင့်ကောင်းယူပြီး ဈေးကစားသည့် အကျိုးမြတ်ရှာသည့် လုပ်ငန်းရှင်များ၊ ရောင်းချသူများကို ယခုကတည်းက သတိပေးပါကြောင်း၊ ထိထိရောက်ရောက် အရေးယူသွားမည်ဖြစ်ပါကြောင်း၊ Social Media ပေါ်တွင် မဟုတ်မမှန် သတင်းဖြန့်ဖြူးနေသူများ၊ ပြည်သူလူထုကြားတွင် အထိတ်တလန့်ဖြစ်အောင် လုပ်နေသူများကို သိရှိပါက ဥပဒေနှင့်အညီ ပြင်းပြင်းထန်ထန် အရေးယူသွားမည်ဖြစ်ပါကြောင်း။

### တည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင်၊ အလန့်တကြားဖြစ်အောင် လုပ်ဆောင်လာသည့် မည်သူ့ကိုမဆို အရေးယူမည်ဖြစ်

အထူးသဖြင့် ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါကို ရင်ဆိုင်နေရချိန်တွင် ယနေ့အထိ မိမိတို့နိုင်ငံ၌ တစ်ဦးတစ်ယောက်မှ ကူးစက်ခံရခြင်း မရှိသေးပါကြောင်း၊ ပြည်သူလူထုအကြား အထိတ်တလန့်ဖြစ်အောင်၊ တည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင်၊ အလန့်တကြားဖြစ်အောင် လုပ်ဆောင်လာသည့် မည်သူ့ကို မဆို အရေးယူမည်ဖြစ်ပါကြောင်း၊ ယင်းကပ်ရောဂါကြောင့် မြန်မာနိုင်ငံ၏ နယ်ပယ်အသီးသီးတွင် သက်ရောက်နိုင်သည့် အလားလာများနှင့် ပတ်သက်ပြီး ကော်မတီများဖွဲ့ထားပါကြောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် ဒေါက်တာမြင့်ထွေး ပူးတွဲဥက္ကဋ္ဌလုပ်သည့် ကော်မတီအပြင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်ပြီး ကာကွယ်ထိန်းချုပ်ရေး အမျိုးသားအဆင့် ကော်မတီကို ဖွဲ့စည်းထားပြီး ဖြစ်ပါကြောင်း၊ စီးပွားရေးနယ်ပယ်တွင် သက်ရောက်မှုများ ဖြစ်လာပါက ကုစားနိုင်ရန် ကုစားရေးလုပ်ငန်းကော်မတီကို ဖွဲ့စည်းထားပါကြောင်း။

မီဒီယာမှတစ်ဆင့် ပြည်သူလူထုကို ပြောလိုသည်မှာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက လိုအပ်သည့် အကြံပေးချက်များကို အချိန်နှင့် တစ်ပြေးညီ ထုတ်ပြန်နေပါကြောင်း၊ ယင်းအချက်များကို ဂရုပြုပြီး လိုက်နာကြရန် တိုက်တွန်းပါကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့် ပြည်ထောင်စုဝန်ကြီးဌာနများကိုလည်း လုပ်သင့်လုပ်ထိုက်သည်များကို ညွှန်ကြားထားပြီး ဖြစ်ပါကြောင်း၊ အဆင့်ဆင့်လည်း ညွှန်ကြားချက်များ ဆက်လက်ပြီး ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ပြည်သူလူထုကိုလည်း ကောလာဟလများနှင့် ပတ်သက်၍ သတင်းမှားများကို သေချာစိစစ်ဖော်ထုတ်ပေးကြရန်၊ အလွယ်တကူမယုံကြည်ကြရန် ပြောကြားလိုပါကြောင်း၊ သတင်းဌာနကြီး သုံးခုတွင် သတင်းကို ဖော်ပြပြီဆိုပါက ယုံကြည်လောက်သည့် အနေအထားရှိပါကြောင်း၊ အမည်ပေါင်းစုံဖြင့် သတင်းဌာနပေါင်းစုံ အမည်ခံပြီး လုပ်ဆောင်နေသည့် သတင်းမှားများ ဖြန့်နေခြင်းကို အလွယ်တကူ မယုံကြည်ကြရန် တိုက်တွန်းလိုပါကြောင်း၊ ပြည်သူလူထုသို့ ပန်ကြားချက်ပါအတိုင်း လူထုက ပါဝင်ဆောင်ရွက်ပေးရန်နှင့် နိုင်ငံတော်အပိုင်း၊ လူထုအပိုင်း၊ မီဒီယာအပိုင်း၊ ပုဂ္ဂလိကအပိုင်း အတူတကွ ဆောင်ရွက်သွားမည်ဆိုပါက မိမိတို့ နိုင်ငံအနေဖြင့် COVID -19 ရောဂါနှင့် ပတ်သက်ပြီး ကြိုတင်ပြင်ဆင်မှုများကို အားရ ကျေနပ်ဖွယ်ရာ ရှိလိမ့်မည်ဖြစ်ပါကြောင်း၊ ကြိုတင်ပြင်ဆင်ခြင်းမှာ အကောင်းဆုံး ကာကွယ်မှုဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်တွင်း ပြည်ပ သတင်းမီဒီယာသမားများက Coronavirus နှင့် ပတ်သက်ပြီး ထွက်ပေါ်လာသည့် သတင်းအမှား ကောလာဟလများကို စောင့်ကြည့်ဖော်ထုတ်အရေးယူနေမှု၊ Coronavirus နှင့် ပတ်သက်၍ ပြင်ဆင်ထားမှု၊ မြန်မာနိုင်ငံတွင် Coronavirus ကူးစက်ခံရမှု ရှိ၊ မရှိ၊ တရုတ်နိုင်ငံနှင့် ပတ်သက်သည့် လေကြောင်းလိုင်းများ ပိတ်ရန် အစီအစဉ် ရှိ၊ မရှိ၊ Coronavirus ကောလာဟလသတင်းများကြောင့် တက်လာမည့် ကုန်ဈေးနှုန်းများကို ထိန်းချုပ်ဆောင်ရွက်နေမှု၊ ကွတ်ခိုင်တွင် မူးယစ်ဆေးဝါးဖမ်းဆီးရမိမှု နောက်ဆုံးအခြေအနေနှင့် ဆက်လက်ဆောင်ရွက်နေမှု၊ Coronavirus နှင့် ပတ်သက်ပြီး ဖွဲ့စည်းထားသည့် ကော်မတီများ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေနှင့် ရန်ပုံငွေထူထောင်ထားမှု၊ မြောက်ပိုင်းအဖွဲ့ လေးဖွဲ့နှင့် ဆောင်ရွက်နေသည့် ငြိမ်းချမ်းရေးဖြစ်စဉ် နောက်ဆုံးအခြေအနေ၊ “ဝ” ဒေသတွင် ရွေးကောက်ပွဲ ကျင်းပရေးအတွက် ထုတ်ပြန်လာမှုအပေါ် ဆောင်ရွက်နေမှု၊ ရခိုင်ပြည်နယ်အတွင်း တိုက်ပွဲများဖြစ်ပွားမှုအခြေအနေ၊ COVID-19 ရောဂါကြောင့် (၂၁)ရာစုပင်လုံ ရွှေ့ဆိုင်းသွားရန် ရှိ၊ မရှိ၊ COVID-19 ရောဂါကြောင့် လူစုလူဝေး၊ ပွဲလမ်းသဘင်များ ကန့်သတ်ရာတွင် သတ်မှတ်ထားသည့် လူဦးရေသတ်မှတ်ချက်၊ COVID-19 ရောဂါနှင့် ပတ်သက်၍ သတင်းထုတ်ပြန်မှု အခြေအနေ၊ နှာခေါင်းစည်းများ ဝယ်မရဖြစ်နေပြီး ဈေးကြီးနေမှု၊ အရေးကြီးပုဂ္ဂိုလ်များအတွက် Coronavirus မဖြစ်ပွားအောင် ကာကွယ်မှုပေးထားမှု၊ ဗစ်တိုးရီးယားအမှုနှင့်ပတ်သက်ပြီး တာဝန်ရှိသူများအား အရေးယူဆောင်ရွက်ထားမှုနှင့် အမှုမှန်ပေါ်ပေါက်ရေးအတွက် ဆက်လက်ဆောင်ရွက်နေမှု၊ တရုတ်နိုင်ငံက လာရောက်သူများ နှင့်ပတ်သက်၍ ဗီဇာကန့်သတ်ထားမှု၊ နယ်စပ်ဒေသများတွင် Coronavirus ဝင်ရောက်လာခြင်းမရှိအောင် ဆောင်ရွက်ထားမှု၊ သင်္ကြန်တွင် မဏ္ဍပ်ကြီးများ ခွင့်ပြုခြင်းမရှိသည့်ကိစ္စ၊ Coronavirus နှင့် ပတ်သက်ပြီး ကျန်းမာရေးဝန်ထမ်းများအတွက် လုံလောက်သည့် အကာအကွယ်ပစ္စည်းများ ရှိ၊ မရှိ၊ ရုပ်ရှင်ရုံများ ယာယီပိတ်ထားရန် ရှိ၊ မရှိ စသည့်ကိစ္စရပ်များနှင့် စပ်လျဉ်းသည့် မေးခွန်းများကို မေးမြန်းကြရာ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

### ဗစ်တိုးရီးယားအမှု တာဝန်ရှိသူများကို ဝန်ထမ်းစည်းမျဉ်း စည်းကမ်းနှင့်အညီ အရေးယူနေ

ဗစ်တိုးရီးယားအမှုနှင့်ပတ်သက်ပြီး ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက တာဝန်ရှိသူများကို သက်ဆိုင်ရာဌာနက ဝန်ထမ်းစည်းမျဉ်းစည်းကမ်းနှင့်အညီ အရေးယူနေပါကြောင်း၊ အရေးယူပြီးစီးမှု အခြေအနေကို သမ္မတရုံးသို့ တင်ပြရမည်ဖြစ်ပါကြောင်း၊ လောလောဆယ်တွင် အရေးယူဆဲဖြစ်ပြီး ပြန်လည်တင်ပြလာခြင်း မရှိသေးပါကြောင်း၊ အရေးယူဆောင်ရွက်ပြီးစီးမှု အခြေအနေကို သိရှိသည်နှင့် ပြန်လည်ရှင်းလင်းပြောကြားပေးသွားမည် ဖြစ်ပါကြောင်း၊ အမှုပေါ်ပေါက်ရေးအတွက် တရားရေးဆိုင်ရာ၊ သက်သေအထောက်အထားဆိုင်ရာများနှင့် ပတ်သက်ပြီး မည်မျှအထိ ခိုင်လုံသည်ဆိုသည့်အပေါ် မူတည်ပါကြောင်း၊ တရားစွဲအဖွဲ့အစည်းနှင့် ကာယကံရှင်မိသားစုတို့အပေါ် မူတည်ပါကြောင်း၊ ၎င်းတို့အပေါ် မူတည်ပြီး ဆက်လက်ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ ၎င်းတို့၏ သဘောဆန္ဒအပေါ်တွင် ရရှိထားသည့် အထောက်အထား အချက်အလက်များက တရားခံဟု ပြနိုင်သည့် အနေအထားရပါက တရားစွဲလိမ့်မည်ဖြစ်ပါကြောင်း ဖြေကြားခဲ့သည်။

ရုပ်ရှင်ရုံများနှင့်ပတ်သက်ပြီး ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက ရုပ်ရှင်ရုံများ ပိတ်ခြင်း မပိတ်ခြင်းကို တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများက လုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်သမ္မတရုံးက ညွှန်ကြားထားပြီး ဖြစ်ပါကြောင်း၊ ညွှန်ကြားချက်အပေါ် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရ၊ ဝန်ကြီးဌာနများက ဆက်လက်လုပ်ဆောင်သွားရန် ဖြစ်ပါကြောင်း ဖြေကြားသည်။

**သတင်းစဉ်**

## ပလက်ဝမြို့နယ်တွင် ကုန်ဈေးနှုန်းအဆမတန်မြင့်တက်နေပြီး စက်သုံးဆီပြတ်လပ်လျက်ရှိ

**ပလက်ဝ မတ် ၁၂**

ချင်းပြည်နယ် ပလက်ဝမြို့နယ်တွင် နေ့စဉ်ပြေးဆွဲလျက်ရှိသော ကုန်းလမ်းနှင့် ရေကြောင်းလမ်းယာဉ်လိုင်းများ ပြေးဆွဲမှု ရပ်ဆိုင်းထားခြင်းကြောင့် လူသုံးကုန်ပစ္စည်းများနှင့် အခြေခံစားသောက်ကုန်ပစ္စည်းများ တဖြည်းဖြည်း ပြတ်လပ်နေပြီဖြစ်ကြောင်း သိရသည်။

ပလက်ဝမြို့နယ်တွင် ပြေးဆွဲလျက်ရှိသည့် ကုန်းလမ်းနှင့် ရေကြောင်းလမ်းများ ပြေးဆွဲမှုရပ်ဆိုင်းခြင်းကြောင့် ကုန်ဈေးနှုန်းကြီးမြင့်ခြင်းအပြင် လူသုံးကုန်ပစ္စည်းနှင့် စားသောက်ကုန်စည်များ တဖြည်းဖြည်း ပြတ်လပ်နေပြီဖြစ်၍ ပလက်ဝမြို့နယ်ရှိ ပြည်သူများ စားဝတ်နေရေး အခက်အခဲများ ကြုံတွေ့နေရပြီဖြစ်ကြောင်း သိရသည်။

“မြို့တွင်းမှာရှိတဲ့ ဈေးဆိုင်တွေမှာ ရိုးရိုးဆန်ကြမ်းတစ်အိတ်ကို ငွေကျပ် ခုနစ်သောင်း၊ ပေါ်ဆန်းမွှေးဆန်တစ်အိတ်ကို ငွေကျပ် တစ်သိန်းတစ်သောင်းအထိ ပေးဝယ်ရတယ်။ ဒါတောင် မြို့တွင်းမှာ လိုက်ရှာပြီးမှ ဝယ်ရတာ၊ အများကြီးဝယ်လို့ မရဘူး။ ပလက်ဝမြို့နယ်အတွင်းမှာ ဓာတ်ဆီ တစ်ဂါလန်ကို ငွေကျပ် တစ်သောင်းနှစ်ထောင် ပေးရတယ်။ အခုတော့ ဝယ်လို့မရတော့ဘူး”ဟု ဒေသခံပြည်သူတစ်ဦးက ပြောကြားသည်။

ပလက်ဝမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း လိုအပ်သောပစ္စည်းများ ရရှိနိုင်ခြင်း မရှိသည့်အတွက် လုပ်ငန်းတချို့ ခေတ္တရပ်ဆိုင်းထားရကြောင်း သိရသည်။

**အောင်မြဦး(ပြန်/ဆက်)**

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အတိုးနှုန်းများ ပြင်ဆင်သတ်မှတ်ခြင်းနှင့် စပ်လျဉ်း၍ အကျိုးသက်ရောက်မည့်ရက်ကို ပြင်ဆင်သတ်မှတ်

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် နိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေရန် ရည်ရွယ်၍ ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၁၂ ရက်နေ့တွင် ဗဟိုဘဏ်အတိုးနှုန်း၊ အပ်ငွေများအပေါ်ပေးသည့် အတိုးနှုန်းနှင့် ချေးငွေများအပေါ် တောင်းခံနိုင်သည့် အတိုးနှုန်းများ ပြင်ဆင်သတ်မှတ်ခြင်းနှင့် စပ်လျဉ်း၍ ၁၂-၃-၂၀၂၀ ရက်စွဲပါ ညွှန်ကြားချက်အမှတ်(၁/၂၀၂၀)ကို ထုတ်ပြန်ခဲ့ပါသည်။

ယခုအခါ နိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအပေါ် ထိရောက်မြန်ဆန်စွာ အကျိုးသက်ရောက်မှုရရှိနိုင်စေရန်အတွက် ညွှန်ကြားချက်အမှတ်(၁/၂၀၂၀)၏ အကျိုးသက်ရောက်မည့်ရက်ကို ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၁ ရက်နေ့အစား ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၁၆ ရက်နေ့အဖြစ် ပြင်ဆင်သတ်မှတ်လိုက်ပါသည်။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး COVID-19 ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများတွင် မိတ်ဖက်အဖွဲ့အစည်းများ ပိုမိုပါဝင်၍ ထိရောက်စွာဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေး တက်ရောက်

**နေပြည်တော် မတ် ၁၃**

COVID-19 ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများတွင် မိတ်ဖက်အဖွဲ့အစည်းများ ပိုမိုပါဝင်၍ ထိရောက်စွာဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၌ ကျင်းပသည်။

အစည်းအဝေးတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ယနေ့အစည်းအဝေးကို တက်ရောက်လာကြသော မြန်မာနိုင်ငံဆိုင်ရာ သံရုံးများ၊ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၊ အလှူရှင်အဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ မိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များအနေဖြင့် ဝန်ကြီးဌာန၏ COVID-19 ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို သိရှိနိုင်စေရန်နှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုကောင်းမွန်လာစေရန် ပြုလုပ်ခြင်းဖြစ်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် COVID-19 ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ရောဂါစတင်ဖြစ်ပွားမှုသတင်းများရရှိပြီးနောက် ဇန်နဝါရီ ၁ ရက်မှစတင်၍ လုပ်ဆောင်ခဲ့ပါကြောင်း၊ ဇန်နဝါရီ ၃၀ ရက်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က COVID-19 ရောဂါအား ကမ္ဘာ့လုံးဆိုင်ရာ အရေးပေါ်ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေ (Public health emergency of international concern) အဖြစ် သတ်မှတ်ကြေညာခဲ့ပြီး အဖွဲ့ဝင်နိုင်ငံများ ဆောင်ရွက်ရန်အချက်များကို တိုက်တွန်းပြောကြားခဲ့ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထိုသို့ မကြေညာမီကတည်းက အဆိုပါအချက်များကို လုပ်ဆောင်နေခြင်းဖြစ်ကြောင်း၊

## ရောဂါကူးစက် ဖြစ်ပွားမှုမရှိစေရန်နှင့် အသက်ဆုံးရှုံးမှုမရှိစေရေးအတွက် ပြတ်သားစွာဆုံးဖြတ် ဆောင်ရွက်သွားမည်

ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ မိမိတို့နိုင်ငံအပါအဝင် ရောဂါကူးစက်ပျံ့နှံ့မှုမရှိသေးသော နိုင်ငံများအတွက် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများကို အကြံပြုထားချက်များသည် ဝန်ကြီးဌာနမှ ဆောက်ရွက်နေသည့် လုပ်ငန်းများနှင့်ကိုက်ညီပါကြောင်း၊ မိမိတို့နိုင်ငံတွင် ယခုအထိ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာမတွေ့ရှိရသေးသော်လည်း လူနာတစ်ဦး ဝင်ရောက်လာပါက အခြားသူများထံကူးစက်ပြန့်ပွားကာ ရုတ်တရက် ရောဂါဖြစ်ပွားမှုများ များပြားလာနိုင်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် မိမိတို့၏ ပြည်သူတစ်ဦးတစ်ယောက်မျှ ရောဂါကူးစက် ဖြစ်ပွားမှုမရှိစေရန်နှင့် အသက်ဆုံးရှုံးမှုမရှိစေရေးအတွက် ပြတ်သားစွာဆုံးဖြတ် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ပြည်သူများထံသို့ COVID-19 ရောဂါ သတင်းအချက်များကို ကွယ်ဝှက်ထားခြင်းမရှိဘဲ ပွင့်လင်းမြင်သာစွာ ထုတ်ပြန်ပေးလျက်ရှိပါကြောင်း၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်)တွင် COVID-19 ရောဂါဓာတ်ခွဲစစ်ဆေးမှုများပြုလုပ်ရန် စက်ပစ္စည်းကိရိယာများ ယခင်ကတည်းက ရှိပြီးဖြစ်၍ ရောဂါပိုးသစ်ကို စစ်ဆေးရန် Primers, Probes နှင့် Reagents များကို ဂျပန်၊ ထိုင်းနှင့် စင်ကာပူနိုင်ငံများထံမှ ပံ့ပိုးမှုကို လက်ခံရရှိခဲ့ပြီးနောက် COVID-19 ရောဂါဓာတ်ခွဲစစ်ဆေးမှုများ ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊

ထိုသို့ စစ်ဆေးရာတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ရည်ညွှန်းဓာတ်ခွဲခန်းနှင့် အဖြေများ ကိုက်ညီတူညီခဲ့ပြီးဖြစ်သဖြင့် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာ ပညာရှင်များက ကိုယ်တိုင်သီးခြားလွတ်လပ်စွာ ဓာတ်ခွဲစစ်ဆေးဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ မိမိတို့အနေဖြင့် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ပြည်သူ့ကျန်းမာရေးဆိုင်ရာ ကြိုတင်ပြင်ဆင်မှုများ၊ ဆေးရုံပိုင်းဆိုင်ရာကုသရေးလုပ်ငန်း ကြိုတင်ပြင်ဆင်မှုများဖြင့် ဆောင်ရွက်ခဲ့ပါကြောင်း၊ လုပ်ငန်းလမ်းညွှန်များ၊ စံလုပ်ထုံးလုပ်နည်းများကိုလည်း မွမ်းမံပြုစု ဖြန့်ဝေခဲ့ပါကြောင်း၊

ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီအစည်းအဝေး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဗဟိုအဆင့်ညှိနှိုင်းအစည်းအဝေးနှင့် ဝန်ကြီးဌာနများ ပေါင်းစပ်ညှိနှိုင်းမှုအစည်းအဝေးများပြုလုပ်၍ လည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့် ညှိနှိုင်းအစည်းအဝေးများပြုလုပ်၍ လည်းကောင်း၊ ဗဟိုအဆင့်နှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့် ကျန်းမာရေးဌာနများ video conferencing များဖြင့် ချိတ်ဆက်၍လည်းကောင်း ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအတွက် ရှုထောင့်ပေါင်းစုံမှ ဆွေးနွေးသုံးသပ်မှုများ ပြုလုပ်ဆောင်ရွက်နေပါကြောင်း၊



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး COVID-19 ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများတွင် မိတ်ဖက်အဖွဲ့အစည်းများ ပိုမိုပါဝင်၍ ထိရောက်စွာဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ သတင်းစဉ်

## နိုင်ငံတကာ ဝင်၊ ထွက်ဂိတ်ပေါက်များတွင် ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း လုပ်ငန်းဆန်းစစ်သုံးသပ်မှုအဖွဲ့တို့ကို ဖွဲ့စည်းဆောင်ရွက်နေ

ထို့အပြင် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ပိုမိုအောင်မြင်ထိရောက်မှုရှိစေရန်အတွက် ကပ်ရောဂါဗေဒရှုထောင့်သုံးသပ်ဆန်းစစ်မှု အဖွဲ့၊ တိုင်းဒေသကြီး/ ပြည်နယ်များတွင် ရောဂါကာကွယ်ထိန်းချုပ်မှု လုပ်ငန်းဆန်းစစ်သုံးသပ်မှုအဖွဲ့၏ ဆေးရုံပိုင်းကြိုတင်ပြင်ဆင်ခြင်း လုပ်ငန်းဆန်းစစ်သုံးသပ်မှုအဖွဲ့၊ နိုင်ငံတကာ ဝင်၊ ထွက်ဂိတ်ပေါက်များတွင် ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း လုပ်ငန်းဆန်းစစ်သုံးသပ်မှုအဖွဲ့တို့ကို ဖွဲ့စည်းဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို မိမိတို့၏ ကိုယ်ပိုင်အရေးကိစ္စသဖွယ် အလေးထားဆောင်ရွက်နေသည့် ဝန်ကြီးဌာနရှိ ဝန်ထမ်းများအား ကျေးဇူးတင်ရှိ အသိအမှတ်ပြုပါကြောင်း၊ ပြည်သူ့ကျန်းမာရေးအတိုင်းအတာတစ်ခုအထိ ကျေနပ်မှုရှိပြီး ဆေးရုံပိုင်းဆိုင်ရာ ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ ပိုမိုကောင်းမွန်စေရေးအတွက် မိတ်ဖက်အဖွဲ့အစည်းများ၊ အလှူရှင်အဖွဲ့အစည်းများမှ ပံ့ပိုးဆောင်ရွက်မှုများ ပေးအပ်စေလိုပါကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များ၊ လူမှုရေးဝန်ကြီးများ၊ နိုင်ငံတကာနှင့်ပြည်တွင်း အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများ အားလုံး၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုများဖြင့် ဆက်လက်လုပ်ဆောင်နေပါကြောင်း၊

ယခုကဲ့သို့ အရေးပေါ်ကျန်းမာရေးပြဿနာနှင့် ကပ်ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် စနစ်တကျ ချိတ်ဆက်ပူးပေါင်းဆောင်ရွက်မှုသည် အရေးအကြီးဆုံး ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနများ၊ ကုသရေးပညာရှင်များနှင့် teleconference နှင့် video conference များ ပုံမှန်ပြုလုပ်၍ လုပ်ငန်းဦးတည်ချက်တူညီစေရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဝန်ကြီးဌာနမှ လုပ်ဆောင်လျက်ရှိသော ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ပြန်လည်ဆန်းစစ်သုံးသပ်ခြင်းနှင့် အားဖြည့်ဆောင်ရွက်ခြင်းတို့ကိုလည်း လုပ်ဆောင်လျက်ရှိပါကြောင်း၊ ယခု COVID-19 ရောဂါ ကမ္ဘာတွင်ဖြစ်ပွားမှုဖြစ်စဉ်များ၊ မိမိတို့၏ ရောဂါကာကွယ်ထိန်းချုပ်မှု လုပ်ငန်းတွင် မျိုးဆက်သစ်ပညာရှင်များအတွက် လေ့လာနိုင်ရန် လုပ်ငန်းဆောင်ရွက်မှုများကိုလည်း မှတ်တမ်း(document)များ စနစ်တကျ ထားရှိခြင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အတွေ့အကြုံများကို ပြည်သူ့ကျန်းမာရေး တက္ကသိုလ်(ရန်ကုန်)နှင့် အခြေခံကျန်းမာရေးတက္ကသိုလ်(မကွေး)တို့တွင် ပြန်လည်သင်ကြားဆွေးနွေးခြင်းတို့ လုပ်ဆောင်ရမည်ဖြစ်ကြောင်း။

ယခုအစည်းအဝေးသို့ တက်ရောက်လာသူ နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် မိမိတို့နိုင်ငံတွင် ဆောင်ရွက်လျက်ရှိသော ရောဂါကာကွယ် ထိန်းချုပ်ရေး အတွေ့အကြုံကောင်းများ မျှဝေပေးအပ်စေလိုပါကြောင်း၊ ဝန်ကြီးဌာနသည် နိုင်ငံတကာကျန်းမာရေးဝန်ကြီးဌာနများ၏ အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေးအရာရှိများနှင့် သတင်းပေးပို့ ချိတ်ဆက်မှုများ ဆောင်ရွက်ကာ ပြည်ပတွင် ရောဂါဖြစ်ပွားသူနှင့် ထိတွေ့ခဲ့ပြီး ပြည်တွင်းသို့ ဝင်ရောက်ခဲ့သူများအား ရှာဖွေ၍ အသွားအလာကန့်သတ် (quarantine)ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရောဂါကာကွယ်ထိန်းချုပ်မှုလုပ်ငန်းများတွင် ပြည်သူများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုများသည် အထူးအရေးကြီးပါကြောင်း၊ ပြည်သူများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုများ ထိရောက်စေရေး၊ ပြည်သူများ ရောဂါကာကွယ်ရေးနည်းလမ်းများသိရှိစေရေးတို့အတွက် ကျန်းမာရေးအသိပညာပေးနှိုးဆော်ခြင်းလုပ်ငန်းများ မဟာဗျူဟာချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း။

## ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ပွင့်လင်းစွာဖြင့်အကြံပြုခြင်း၊ ဆွေးနွေးခြင်းများ လုပ်ဆောင်စေလို

ယခုအစည်းအဝေးတွင် မြန်မာနိုင်ငံဆိုင်ရာသံရုံးများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၊ အလှူရှင်အဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ မိတ်ဖက်အဖွဲ့အစည်းများအနေဖြင့် ဝန်ကြီးဌာနမှ ဆောင်ရွက်နေသော ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ပွင့်လင်းစွာဖြင့်အကြံပြုခြင်း၊ ဆွေးနွေးခြင်းများ လုပ်ဆောင်စေလိုပါကြောင်း၊ အဖွဲ့အစည်းများ၏ ရည်မှန်းချက်၊ ရည်ရွယ်ချက်များနှင့် ကိုက်ညီသည့် ဝန်ကြီးဌာန၏ ရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများတွင် ဆက်လက်ပူးပေါင်းပါဝင်ဆောင်ရွက်ကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာထွန်းတင်၊ ကုသရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာမိုးခိုင်၊ ပြည်တွင်း/ ပြည်ပဆက်ဆံရေးနှင့် သတင်းပြန်ကြားရေးဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာအောင်စိုးထက်တို့က COVID-19 ရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ဆေးရုံပိုင်း ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများ၊ ဆေးနှင့်ဆေးဝါးပစ္စည်းများ လှူဒါန်းလက်ခံရရှိမှုနှင့် ရောဂါဖြစ်ပွားခြင်းကာကွယ်တုံ့ပြန်ဆောင်ရွက်ရေးစီမံချက်တို့ကို သက်ဆိုင်ရာကဏ္ဍအလိုက် တင်ပြကြပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်၊ မြန်မာနိုင်ငံဆိုင်ရာ အီတလီသံအမတ်ကြီး၊ မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်သံရုံးမှ ပထမအတွင်းဝန်၊ မြန်မာနိုင်ငံ ဆိုင်ရာ ဩစတြေးလျသံရုံးနှင့် ဗြိတိန်နိုင်ငံသံရုံးတို့မှ ကိုယ်စားလှယ်များ၊ ကမ္ဘာ့ဘဏ်၊ ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့၊ Public Health England၊ အလှူရှင်အဖွဲ့အစည်းများနှင့် မိတ်ဖက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများက လုပ်ငန်းကဏ္ဍအလိုက် ထောက်ပံ့ပေးမည့် အစီအစဉ်များကို အကြံပြုဆွေးနွေးကြသည်။

**သတင်းစဉ်**

# COVID-19 ရောဂါကူးစက်မဖြစ်ပွားရန် မန္တလေးမြို့ရှိ လက်ဖက်ရည်ဆိုင်တချို့တွင် လက်သန့်ဆေးရည်များ ထားရှိဝန်ဆောင်မှုပေး

**မန္တလေး မတ် ၁၃**

မန္တလေးမြို့ရှိ လက်ဖက်ရည်ဆိုင်တချို့တွင် COVID-19 ရောဂါကူးစက်ဖြစ်ပွားမှုမရှိစေရေးအတွက် လူတစ်ဦးချင်းစီမှ ကာကွယ်တားဆီးနိုင်ရန် လာရောက်စားသုံးသူများ၏ စားပွဲအသီးသီးတွင် လက်သန့်ဆေးရည်များ စတင်ထားရှိကာ ဝန်ဆောင်မှုပေးနေကြောင်း သိရသည်။

လက်ရှိကာလ၌ COVID-19 ရောဂါပိုး မြန်မာနိုင်ငံတွင် ဖြစ်ပွားမှုမရှိသေးသည့်အတွက် ၎င်းအခြေအနေကို ဆက်လက်ကာကွယ်ထိန်းသိမ်းနိုင်စေရန် လုပ်ငန်းရှင်များကလည်း ယခုလို ပူးပေါင်းပါဝင် ဆောင်ရွက်လာခြင်းအပေါ် လေးစားဂုဏ်ယူမိကြောင်း အဆိုပါလက်သန့်ဆေးရည်ပုလင်းများ ထားရှိဝန်ဆောင်မှုပေးနေသည့် အောင်မြေသာစံ မြို့နယ်တွင် ဖွင့်လှစ်သည့် မင်းသီဟ လက်ဖက်ရည်ဆိုင်သို့ လာရောက်သည့် ဦးတင်မောင်က ပြောသည်။

မန္တလေးတိုင်း ဒေသကြီးအတွင်း COVID-19 ရောဂါကူးစက် ဖြစ်ပွားမှုမရှိစေရေးအတွက် မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင် ဥက္ကဋ္ဌအဖြစ်ပါဝင်သည့် တိုင်းဒေသကြီးအဆင့် စောင့်ကြည့်စစ်ဆေးကုသရေး ကြီးကြပ်မှုကော်မတီ(SRT)ကို ဖွဲ့စည်းကာ ရောဂါကာကွယ်တားဆီးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည့်အပြင် မန္တလေးခရိုင်အတွင်းရှိ အရပ်ဘက်အဖွဲ့အစည်းများမှလည်း အဆိုပါရောဂါနှင့်ပတ်သက်၍ လူထုအသိပညာပေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်ရန် မတ် ၁၄ ရက်တွင် အထူးအစည်းအဝေး ကျင်းပရန် စီစဉ်ထားကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# COVID–19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁၃–၃–၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ကမ္ဘာ့နိုင်ငံများတွင် ကူးစက်ပျံ့နှံ့လျက်ရှိသည့် COVID–19 လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါဖြစ်ပွားမှုဖြစ်စဉ်နှင့်ပတ်သက်၍ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း လုပ်ငန်းများအား အပြည်ပြည်ဆိုင်ရာ ဝင်ပေါက်၊ ထွက်ပေါက်ဂိတ်များတွင် လည်းကောင်း၊ ဆေးရုံအခြေပြုအဖြစ်လည်းကောင်း၊ ပြည်သူလူထုအခြေပြု စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများဖြင့် လည်းကောင်း၊ ပုဂ္ဂလိကဆေးရုံများနှင့် ပူးပေါင်း၍လည်းကောင်း ဆောင်ရွက်လျက်ရှိပါသည်။

၂။ ထိုသို့ဆောင်ရွက်ရာတွင် (၁၂–၃–၂၀၂၀) ရက်နေ့၊ ညနေ (၆:၀၀) နာရီမှ (၁၃–၃–၂၀၂၀) ရက်နေ့၊ ညနေ (၆:၀၀) နာရီအထိ စောင့်ကြည့်လူနာ (၁၁)ဦး ရှိခဲ့ပြီး သက်ဆိုင်ရာ ဆေးရုံများတွင် သီးခြားထားရှိ ဆေးကုသမှုပေးလျက်ရှိပါသည်။ ၎င်းတို့ထံမှ ဓာတ်ခွဲနမူနာရယူ၍ အမျိုးသားကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်)သို့ ပေးပို့စစ်ဆေးသွားမည်ဖြစ်ပါသည်။ **(ဇယား –၁)**

၃။ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်)တွင် ဓာတ်ခွဲစစ်ဆေးချက်များအရ (၁၃–၃–၂၀၂၀) ရက်နေ့၊ နံနက် (၆:၀၀) နာရီမှ ညနေ (၆:၀၀) နာရီအထိ သက်ဆိုင်ရာ ဆေးရုံများရှိ စောင့်ကြပ်ကြည့်ရှုကုသမှုပေးလျက်ရှိသော လူနာများအနက် လူနာ (၁၂) ဦး၏ ဓာတ်ခွဲအဖြေများတွင် Coronavirus Disease 2019 (COVID–19) ဗိုင်းရပ်စ်ရောဂါပိုး မရှိပါကြောင်း (မရှိကြောင်း) စစ်ဆေးသိရှိရပါသည်။ **(ဇယား –၂)**

၄။ ကိုရီးယားသမ္မတနိုင်ငံ၊ ဆိုးလ်မြို့မှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ (၁၃–၃–၂၀၂၀) ရက်နေ့၊ နံနက် (၇:၃၀) နာရီအချိန်တွင် ဆိုက်ရောက်လာသော မြန်မာအပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်း (MAI) လေယာဉ်တွင်ပါရှိသည့် ခရီးသည် (၅၄) ဦးအနက် COVID–19 ကူးစက်ဖြစ်ပွားမှု ပြင်းထန်နေသည့် ဒေသများဖြစ်သည့် Daegu မြို့မှ (၁) ဦး၊ Gyeonju မြို့မှ (၃) ဦး၊ Jimju မြို့မှ (၁) ဦးနှင့် Gimhae မြို့မှ (၂) ဦး၊ စုစုပေါင်း မြန်မာနိုင်ငံသား (၇) ဦးတို့အား တောင်ဥက္ကလာပ အမျိုးသမီးနှင့် ကလေးဆေးရုံကြီးတွင် Hospital Quarantine အဖြစ်ထားရှိ၍ လည်းကောင်း၊ အခြားဒေသများမှ လာရောက်သူ မြန်မာနိုင်ငံသား (၄၃) ဦးနှင့် နိုင်ငံခြားသား (၄) ဦး၊ စုစုပေါင်း (၄၇) ဦးအား Home Quarantine နှင့် Hotel Quarantine အဖြစ်လည်းကောင်း (၁၄) ရက်ခွဲခြားထားရှိ၍ စောင့်ကြပ်ကြည့်ရှုလျက် ရှိပါသည်။

၅။ (၁၃–၃–၂၀၂၀) ရက်နေ့တွင် ဆေးရုံများ၌ထားရှိ၍ အသွားအလာကန့်သတ်မှု (Hospital Quarantine) ပြုလုပ်ထားသော တောင်ဥက္ကလာပ အမျိုးသမီးနှင့် ကလေးဆေးရုံကြီးမှ မြန်မာနိုင်ငံသား (၇) ဦးနှင့် မန္တလေးတိုင်းဒေသကြီး၊ ကန်တော်နဒီဆေးရုံမှ နိုင်ငံခြားသား (၁) ဦး၊ စုစုပေါင်း (၈) ဦးတို့၏ ဓာတ်ခွဲအဖြေများတွင် Coronavirus Disease 2019 (COVID–19) ဗိုင်းရပ်စ်ရောဂါပိုးမရှိပါကြောင်း (မရှိကြောင်း) စစ်ဆေးသိရှိရပါသည်။

၆။ ယနေ့ (၁၃–၃–၂၀၂၀) ရက်နေ့၊ ညနေ (၆:၀၀) နာရီအချိန်အထိ ဓာတ်ခွဲအဖြေ စောင့်ဆိုင်းဆဲ လူနာ (၆) ဦးအား သက်ဆိုင်ရာ ဆေးရုံများတွင် စောင့်ကြပ်ကြည့်ရှု ကုသမှုပေးလျက်ရှိပါသည်။

၇။ (၁၃–၃–၂၀၂၀) ရက်နေ့အထိ မြန်မာနိုင်ငံတွင် COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ မတွေ့ရှိသေးသော်လည်း ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့်၍ ဆောင်ရွက်လျက်ရှိပါသည်။ ယခုအခါ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံအချို့ အပါအဝင် ကမ္ဘာ့နိုင်ငံ (၁၁၈) နိုင်ငံတွင် COVID–19 ရောဂါ ကူးစက်ဖြစ်ပွားလျက်ရှိသဖြင့် ပြည်သူလူထုအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ရောဂါကာကွယ်ရေးဆိုင်ရာ ကျန်းမာရေးအသိပညာပေး အချက်အလက်များအား တိကျစွာ လိုက်နာဆောင်ရွက်ရန် နှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

ဇယား–၁

COVID–19 ရောဂါ စောင့်ကြည့်လူနာ/သံသယလူနာများ တွေ့ရှိမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း
(၁၃–၃–၂၀၂၀)ရက်နေ့၊ ည (၈:၀၀) နာရီ

| စဉ် | အသက် | ကျား/မ | နေရပ်လိပ်စာ | ရောဂါလက္ခဏာများ | ရောဂါလက္ခဏာများ စတင်ဖြစ်ပွားသည့်ရက် | ခရီးသွားရာဇဝင် – သွားရောက်ခဲ့သည့် နိုင်ငံ၊ မြို့ | ခရီးသွားရာဇဝင် – မြန်မာ နိုင်ငံသို့ ရောက်ရှိသည့်ရက် | လူနာအား စတင်တွေ့ရှိသည့်နေရာ | COVID-19 ရောဂါလူနာနှင့် ထိတွေ့မှု ရှိ/ မရှိ | ဆေးကုသမှုခံယူလျက်ရှိသည့် ဆေးရုံ/ ရက်စွဲ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၄၉ နှစ် | ကျား | ဂျပန်နိုင်ငံ၊ Kanagawa | ဖျားခြင်း၊ ချောင်းဆိုးခြင်း | ၁၁–၃–၂၀၂၀ | ဂျပန်နိုင်ငံ | ၁–၃–၂၀၂၀ | ပုဂ္ဂလိက ဆေးရုံ | မရှိပါ။ | ဝေဘာဂီအထူးကုဆေးရုံ (၁၂–၃–၂၀၂၀) | ဂျပန်နိုင်ငံသား |
| ၂ | ၃၂ နှစ် | ကျား | မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ် | ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ ခေါင်းကိုက်ခြင်း | ၆–၃–၂၀၂၀ | ထိုင်းနိုင်ငံ၊ ဘန်ကောက် | (၂၀၂၀) ခုနှစ်၊ ဇန်နဝါရီလအတွင်း | မန္တလေး အထွေထွေရောဂါကုဆေးရုံကြီး | မရှိပါ။ | ကန်တော်နဒီဆေးရုံ (၁၂–၃–၂၀၂၀) | အမေရိကန်နိုင်ငံသား |
| ၃ | ၂၈ နှစ် | ကျား | မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ် | ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ ခေါင်းကိုက်ခြင်း | ၁၀–၃–၂၀၂၀ | ဂျပန်နိုင်ငံ | (၂၀၂၀) ခုနှစ်၊ ဇန်နဝါရီလအတွင်း | မန္တလေး အထွေထွေရောဂါကုဆေးရုံကြီး | မရှိပါ။ | ကန်တော်နဒီဆေးရုံ (၁၂–၃–၂၀၂၀) | အမေရိကန်နိုင်ငံသား |
| ၄ | ၃၁ နှစ် | ကျား | မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ် | ဖျားခြင်း၊ ခေါင်းကိုက်ခြင်း၊ နှာရည်ယိုခြင်း | ၁၀–၃–၂၀၂၀ | ထိုင်းနိုင်ငံ၊ ဘန်ကောက် | (၂၀၂၀) ခုနှစ်၊ ဇန်နဝါရီလအတွင်း | မန္တလေး အထွေထွေရောဂါကုဆေးရုံကြီး | မရှိပါ။ | ကန်တော်နဒီဆေးရုံ (၁၂–၃–၂၀၂၀) | အမေရိကန်နိုင်ငံသား |
| ၅ | ၆၀ နှစ် | ကျား | မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ် | ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ မောပန်းခြင်း၊ အသက်ရှူမဝခြင်း | ၉–၃–၂၀၂၀ | မရှိပါ။ | | မန္တလေး အထွေထွေရောဂါကုဆေးရုံကြီး | မရှိပါ။ | ကန်တော်နဒီဆေးရုံ (၁၂–၃–၂၀၂၀) | မြန်မာနိုင်ငံသား |
| ၆ | ၂၆ နှစ် | ကျား | မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ် | ဖျားခြင်း၊ လည်ချောင်းနာခြင်း | ၁၀–၃–၂၀၂၀ | တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဟီနန်မြို့ | ၆–၃–၂၀၂၀ | မန္တလေး အထွေထွေရောဂါကုဆေးရုံကြီး | မရှိပါ။ | ကန်တော်နဒီဆေးရုံ (၁၂–၃–၂၀၂၀) | တရုတ်နိုင်ငံသား |
| ၇ | ၃၁ နှစ် | ကျား | မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ် | ဖျားခြင်း၊ ချောင်းဆိုးခြင်း | ၆–၃–၂၀၂၀ | ပြင်သစ်နိုင်ငံ | ၂၃–၂–၂၀၂၀ | မန္တလေး အထွေထွေရောဂါကုဆေးရုံကြီး | မရှိပါ။ | ကန်တော်နဒီဆေးရုံ (၁၂–၃–၂၀၂၀) | အမေရိကန်နိုင်ငံသား |
| ၈ | ၂၅ နှစ် | မ | ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ် | ဖျားခြင်း | ၁၀–၃–၂၀၂၀ | ထိုင်းနိုင်ငံ၊ မဲဆောက်မြို့ | ၆–၃–၂၀၂၀ | လှည်းလမ်းကူး တိုက်နယ်ဆေးရုံ | မရှိပါ။ | ထန်းတပင်မြို့နယ်ပြည်သူ့ဆေးရုံ (၁၂–၃–၂၀၂၀) | မြန်မာနိုင်ငံသား |
| ၉ | ၄၄ နှစ် | ကျား | ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ် | ဖျားခြင်း | ၁၂–၃–၂၀၂၀ | တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကွမ်တုံမြို့ | ၁၂–၃–၂၀၂၀ | မူဆယ် နယ်စပ်ဂိတ် | မရှိပါ။ | မူဆယ်ပြည်သူ့ဆေးရုံ (၁၂–၃–၂၀၂၀) | မြန်မာနိုင်ငံသား |
| ၁၀ | ၂၁ နှစ် | ကျား | ဂျပန်နိုင်ငံ | ဖျားခြင်း၊ ဝမ်းသွားခြင်း | ၁၃–၃–၂၀၂၀ | ဂျပန်နိုင်ငံ | ၉–၃–၂၀၂၀ | ပုလဲမြို့သစ်မြို့နယ်ပြည်သူ့ဆေးရုံ | မရှိပါ။ | ဝေဘာဂီအထူးကုဆေးရုံ (၁၃–၃–၂၀၂၀) | ဂျပန်နိုင်ငံသား |
| ၁၁ | ၃၅ နှစ် | ကျား | ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် | ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူမဝခြင်း | ၁၃–၃–၂၀၂၀ | မရှိပါ။ | | ရန်ကုန် (အရှေ့ပိုင်း) ဆေးရုံကြီး | မရှိပါ။ | ရန်ကုန် (အရှေ့ပိုင်း) ဆေးရုံကြီး | မြန်မာနိုင်ငံသား |

ဇယား–၂

COVID–19 ရောဂါအတွက် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ
(၁၃–၃–၂၀၂၀)ရက်နေ့၊ ည (၈:၀၀) နာရီ

| စဉ် | အသက် | ကျား/မ | နေရပ်လိပ်စာ | ဆေးကုသမှုခံယူလျက်ရှိသည့်ဆေးရုံ | ဆေးရုံ စတင်တက်ရောက်သည့်ရက်စွဲ | COVID–19 ဓာတ်ခွဲအဖြေ |
|---|---|---|---|---|---|---|
| ၁ | ၆၅ နှစ် | ကျား | ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ် | မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး | ၁၂–၃–၂၀၂၀ | မတွေ့ရှိပါ။ |
| ၂ | ၄၉ နှစ် | ကျား | ဂျပန်နိုင်ငံ၊ Kanagawa | ဝေဘာဂီအထူးကုဆေးရုံ | ၁၂–၃–၂၀၂၀ | မတွေ့ရှိပါ။ |
| ၃ | ၂၄ နှစ် | မ | မကွေးတိုင်းဒေသကြီး၊ ကံမမြို့နယ် | ကြို့ပင်တိုက်နယ်ဆေးရုံ | ၁၁–၃–၂၀၂၀ | မတွေ့ရှိပါ။ |
| ၄ | ၃၁ နှစ် | ကျား | မန္တလေးတိုင်းဒေသကြီး၊ချမ်းအေးသာစံမြို့နယ် | ကန်တော်နဒီ ဆေးရုံ | ၁၂–၃–၂၀၂၀ | မတွေ့ရှိပါ။ |
| ၅ | ၂၈ နှစ် | ကျား | မန္တလေးတိုင်းဒေသကြီး၊ချမ်းအေးသာစံမြို့နယ် | ကန်တော်နဒီ ဆေးရုံ | ၁၂–၃–၂၀၂၀ | မတွေ့ရှိပါ။ |
| ၆ | ၃၂ နှစ် | ကျား | မန္တလေးတိုင်းဒေသကြီး၊ချမ်းအေးသာစံမြို့နယ် | ကန်တော်နဒီ ဆေးရုံ | ၁၂–၃–၂၀၂၀ | မတွေ့ရှိပါ။ |
| ၇ | ၂၀ နှစ် | ကျား | ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ လားရှိုးမြို့ | လားရှိုးပြည်သူ့ဆေးရုံကြီး | ၁၂–၃–၂၀၂၀ | မတွေ့ရှိပါ။ |
| ၈ | ၆၈ နှစ် | ကျား | နမ့်လန်မြို့နယ် ရှမ်းပြည်နယ် (မြောက်ပိုင်း) | လားရှိုးပြည်သူ့ဆေးရုံကြီး | ၁၁–၃–၂၀၂၀ | မတွေ့ရှိပါ။ |
| ၉ | ၆၀ နှစ် | ကျား | မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ် | ကန်တော်နဒီ ဆေးရုံ | ၁၂–၃–၂၀၂၀ | မတွေ့ရှိပါ။ |
| ၁၀ | ၂၆ နှစ် | ကျား | မန္တလေးတိုင်းဒေသကြီး၊မဟာအောင်မြေမြို့နယ် | ကန်တော်နဒီ ဆေးရုံ | ၁၂–၃–၂၀၂၀ | မတွေ့ရှိပါ။ |
| ၁၁ | ၃၁ နှစ် | ကျား | မန္တလေးတိုင်းဒေသကြီး၊ချမ်းအေးသာစံမြို့နယ် | ကန်တော်နဒီ ဆေးရုံ | ၁၂–၃–၂၀၂၀ | မတွေ့ရှိပါ။ |
| ၁၂ | ၄၈ နှစ် | ကျား | မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ် | မူဆယ်ပြည်သူ့ဆေးရုံ | ၁၀–၃–၂၀၂၀ | မတွေ့ရှိပါ။ |

# ပြည်ထောင်စုလွှတ်တော်သို့ လာရောက်လေ့လာ

**နေပြည်တော် မတ် ၁၃**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၅) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၂ ရက်မြောက်နေ့တွင် ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ ဆရာ ဆရာမနှင့် ကျောင်းသား ကျောင်းသူများ၊ လွှတ်တော်ကိုယ်စားလှယ်များမှတစ်ဆင့် လာရောက်လေ့လာကြသည့် ပြည်သူများစုစုပေါင်း ၃၅၂ ဦး ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပသည့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးကို တက်ရောက်လေ့လာကြသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးသို့ စတင်ကျင်းပသည့်ရက်မှ ယနေ့အထိ လွှတ်တော်သို့ လာရောက်လေ့လာသူပေါင်း ၆၈၁၈၇ ဦးရှိပြီး လွှတ်တော်သို့ လာရောက်လေ့လာလိုပါက ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံးနှင့် အမျိုးသားလွှတ်တော်ရုံးတို့မှ သက်ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်ထံ လိပ်မူ၍ သုံးရက်ကြိုတင်ပေးပို့နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# COVID-19 ရောဂါနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

(၄-၁-၂၀၂၀ ရက်နေ့မှ ၁၃-၃-၂၀၂၀ ရက်နေ့ထိ)

(၁၃-၃-၂၀၂၀) ရက်နေ့၊ ည (၈:၁၅) နာရီ

**၁။ ကမ္ဘာ့နိုင်ငံများ၏ COVID-19 ရောဂါဖြစ်ပွားမှုအခြေအနေ**

(ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ (၁၃-၃-၂၀၂၀) ရက်နေ့ မြန်မာစံတော်ချိန် (၁၅:၃၀) နာရီအချိန် ထုတ်ပြန်ချက်)

- ကမ္ဘာပေါ်တွင် ရောဂါဖြစ်ပွားနေသည့်နိုင်ငံစုစုပေါင်း - (၁၁၈) နိုင်ငံ
- ကမ္ဘာ့နိုင်ငံများတွင် ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း - (၁၂၅,၀၄၈) ဦး
- ကမ္ဘာ့နိုင်ငံများတွင် သေဆုံးသူ စုစုပေါင်း - (၄,၆၁၃) ဦး
- ကမ္ဘာပေါ်တွင် သေဆုံးမှုရာခိုင်နှုန်း - (၃.၆) %
- **ကမ္ဘာပေါ်တွင် ဖြစ်ပွား/ သေဆုံးမှုများသော နိုင်ငံများမှာ -**

| စဉ် | နိုင်ငံ | စဖြစ်သည့်မှ ယခုအချိန်ထိ | |
|---|---|---|---|
| | | ဓာတ်ခွဲအတည်ပြု ဖြစ်ပွားသူ စုစုပေါင်း | သေဆုံးသူ စုစုပေါင်း |
| ၁ | အီတလီ | ၁၂,၄၆၂ | ၈၂၇ |
| ၂ | အီရန် | ၉,၀၀၀ | ၃၅၄ |
| ၃ | ကိုရီးယားသမ္မတနိုင်ငံ | ၇,၈၆၉ | ၆၆ |
| ၄ | ပြင်သစ် | ၂,၂၆၉ | ၄၈ |
| ၅ | စပိန် | ၂,၁၄၀ | ၄၈ |
| | (၅) နိုင်ငံ စုစုပေါင်း | ၃၃,၇၄၀ | ၁,၃၄၃ |

- ကမ္ဘာ့ဒေသအသီးသီးတွင် ရောဂါကူးစက်ဖြစ်ပွားသော နိုင်ငံများ ဆက်တိုက်များပြားလာခဲ့ကြောင်းနှင့် နိုင်ငံပြင်ပမှ ရောဂါကူးစက်မှု (Imported case) များသာမက နိုင်ငံတွင်း၌ပါ ရောဂါကူးစက်မှု (Local transmission) များ ရှိလာပါကြောင်း တွေ့ရှိရပါသည်။
- တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြင်ပတွင် နိုင်ငံတွင်းကူးစက်မှုဖြစ်ပွားသော နိုင်ငံ(၇၁) နိုင်ငံမှာ -

| စဉ် | ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ သတ်မှတ်ထားသော ဒေသကြီးများ | နိုင်ငံ |
|---|---|---|
| ၁။ | အနောက်ပစိဖိတ်ဒေသ | - ကိုရီးယားသမ္မတနိုင်ငံ၊ ဂျပန်၊ စင်ကာပူ၊ ဩစတြေးလျ၊ မလေးရှား၊ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ နယူးဇီလန်၊ ကမ္ဘောဒီးယား၊ ဘရူနိုင်း |
| ၂။ | ဥရောပဒေသ | - အီတလီ၊ ဂျာမနီ၊ ပြင်သစ်၊ စပိန်၊ ဆွစ်ဇာလန်၊ အင်္ဂလန်၊ နယ်သာလန်၊ ဘယ်လ်ဂျီယံ၊ ဆွီဒင်၊ နော်ဝေး၊ ဩစတြီးယား၊ ဂရိ၊ အိုက်စလန်၊ ဒိန်းမတ်၊ ဆန်မာရီနို၊ ချက်သမ္မတနိုင်ငံ၊ အစ္စရေး၊ ပေါ်တူဂီ၊ ဖင်လန်၊ အိုင်ယာလန်၊ ရိုမေးနီးယား၊ ဆလိုဗေးနီးယား၊ ခရိုအေးရှား၊ ဟန်ဂေရီ၊ ဘယ်လာရုစ်၊ ဆလိုဗေးကီးယား၊ ဘော့စနီးယားနှင့် ဟာဇီဂိုဗီးနား၊ ဘူဂေးရီးယား၊ ပိုလန်၊ မြောက်မက်စီဒိုးနီးယား၊ ဆားဗီးယား၊ အာဘေးနီးယား၊ |
| ၃။ | အရှေ့တောင်အာရှဒေသ | - ထိုင်း၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ မော်လ်ဒိုက်၊ ဘင်္ဂလားဒေ့ရှ် |
| ၄။ | အရှေ့အလယ်ပိုင်းဒေသ | - အီရန်၊ကာတာ၊ ဘာရိန်း၊ကူဝိတ်၊ အီရတ်၊ အီဂျစ်၊ ယူအေအီး၊ လက်ဘနွန်၊ မော်ရိုကို၊တူနီးရှား၊ ဆော်ဒီအာရေးဗီးရား၊ |
| ၅။ | အမေရိကဒေသ | - အမေရိကန်၊ကနေဒါ၊ဘရာဇီး၊အီကွေဒေါ၊ချီလီ၊ကော်စတာရီကာ၊ ပီရူး၊ပနားမား၊ ပါရာဂွေး |
| ၆။ | အာဖရိကဒေသ | - အယ်လ်ဂျီးရီးယား၊ ကမ်မရွန်း |
| ၇။ | နယ်မြေဒေသ | - ပါလက်စတိုင်းနယ်မြေ |

- ကိုရီးယားသမ္မတနိုင်ငံ၊ အီတလီနိုင်ငံနှင့် အီရန်နိုင်ငံတို့၏ ရောဂါဖြစ်ပွားမှု၊ သေဆုံးမှုသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံပြင်ပ အခြားနိုင်ငံများတွင် ရောဂါဖြစ်ပွားမှုအားလုံး၏ (၆၇.၆ %) ခန့်နှင့် သေဆုံးမှုအားလုံး၏ (၈၇ %) ခန့် ရှိပါသည်။
- ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ထုတ်ပြန်ချက်များအရ လွန်ခဲ့သော (၂) ပတ်အတွင်း၌ တရုတ် ပြည်သူ့သမ္မတနိုင်ငံတွင် ရောဂါကူးစက်ဖြစ်ပွားမှုနှုန်း ကျဆင်းလာသော်လည်း အခြားကမ္ဘာ့နိုင်ငံများတွင် ရောဂါကူးစက်သူဦးရေ (၁၃)ဆ များပြားလာခဲ့ပြီး ရောဂါကူးစက်ဖြစ်ပွားသည့် နိုင်ငံအရေအတွက်မှာလည်း (၃) ဆ များပြားလာခဲ့ကြောင်း သိရှိရပါသည်။
- လက်ရှိအချိန်၌ ကမ္ဘာပေါ်တွင် COVID-19 ရောဂါအတည်ပြုလူနာ မတွေ့ရှိရသေးသော ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ စုစုပေါင်း (၇၆) နိုင်ငံရှိပြီး ထိုနိုင်ငံများထဲတွင် မြန်မာနိုင်ငံလည်း ပါဝင်ပါသည်။

**၂။ မြန်မာနိုင်ငံ၏ COVID-19 ရောဂါဖြစ်ပွားမှုအခြေအနေ (၁၃-၃-၂၀၂၀) ရက်နေ့၊ ညနေ (၄:၀၀) နာရီအချိန်ထိ)**

| | ဓာတ်ခွဲစစ်ဆေးမှု အခြေအနေ | | | လူနာဦးရေ စုစုပေါင်း |
|---|---|---|---|---|
| | ပိုးတွေ့ | ပိုးမတွေ့ | ဓာတ်ခွဲရလဒ် စောင့်ဆိုင်းဆဲ | |
| စောင့်ကြည့်လူနာ | - | ၁၀၇ | ၆ | ၁၁၃ |
| သံသယလူနာ | - | ၂ | - | ၂ |
| စုစုပေါင်း | - | ၁၀၉ | ၆ | ၁၁၅ |

၃။ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ဆေးရုံများတွင် (၃၁-၁-၂၀၂၀) ရက်နေ့မှ (၁၃-၃-၂၀၂၀) ရက်နေ့အထိ စောင့်ကြည့်လူနာ/ သံသယလူနာတွေ့ရှိရမှု အခြေအနေများမှာ ရန်ကုန်တိုင်းဒေသကြီးတွင် (၄၅) ဦး၊ ရှမ်းပြည်နယ်တွင် (၂၁) ဦး၊ မန္တလေးတိုင်းဒေသကြီးတွင် (၂၁) ဦးနှင့် အခြားတိုင်းဒေသကြီး/ ပြည်နယ်များတွင် (၂၈) ဦး စုစုပေါင်း (၁၁၅) ဦး တို့ဖြစ်ပါသည်။

၄။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် COVID-19 ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများအား ဆောင်ရွက်ရာတွင်-

(က) သံသယလူနာနှင့် စောင့်ကြည့်လူနာများအား စောစီးစွာရှာဖွေဖော်ထုတ်ခြင်း၊ သီးခြားထားရှိကုသခြင်းနှင့် ထိရောက်ကောင်းမွန်သည့် ကုသမှုများ ပေးလျက်ရှိခြင်း၊

(ခ) ဆင့်ပွားကူးစက်ပျံ့နှံ့မှုများအား ကာကွယ်နိုင်ရေးအတွက် လူနာနှင့်အနီးကပ် ထိတွေ့သူများ (အတူနေမိသားစုများနှင့် ကျန်းမာရေးဝန်ထမ်းများစသည်) တို့အား ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းနှင့် ဆေးရုံ၊ ဆေးခန်းများတွင် ရောဂါပိုးကူးစက်မှုကာကွယ်ထိန်းချုပ်ခြင်းလုပ်ငန်းများအား အစဉ်တစိုက် ဆက်လက်အားဖြည့်ဆောင်ရွက်ခြင်း၊

(ဂ) ကျန်းမာရေးဝန်ထမ်းများအား မှန်ကန်ထိရောက်သည့် ရောဂါကာကွယ်ရေးလုပ်ငန်းများအား တိကျစွာဆောင်ရွက်နိုင်ရန် လုပ်ငန်းလမ်းညွှန်ချက်များအား ရေးသားဖြန့်ဝေခြင်းနှင့် ပြည်သူလူထုမှ လိုက်နာဆောင်ရွက်ရမည့်လမ်းညွှန်ချက်များအား ဖြန့်ဝေခြင်း၊

(ဃ) ကမ္ဘာ့နိုင်ငံများအပါအဝင် မြန်မာနိုင်ငံ၌ လတ်တလောဖြစ်ပွားနေသော အခြေအနေများ၊ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများအား နိုင်ငံပိုင်သတင်းစာမျက်နှာများနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ (www.mohs.gov. mm) နှင့် လူမှုကွန်ရက်စာမျက်နှာများ (https://www.facebook.com/ MinistryOf HealthAndSportsMyanmar နှင့် https://www.facebook.com/ MyanmarCDC) တို့တွင် ဖော်ပြခြင်းနှင့် တစ်ပြိုင်တည်းမှာပင် ပြည်သူလူထုအကြား ပျံ့နှံ့လေ့ရှိသည့် သတင်းအမှားများအား သတင်းအမှန်များဖြင့် အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်ဆောင်ရွက်ခြင်း၊

(င) ကျန်းမာရေးအသိပညာပေးလုပ်ငန်းများအား မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ လူမှုရေးအသင်းအဖွဲ့များ (Civil Society Organizations) နှင့် ပြည်သူလူထုအခြေပြုအသင်းအဖွဲ့များ (Community Based Organizations) တို့မှ ပူးပေါင်း၍ တိုင်းဒေသကြီး/ ပြည်နယ်များရှိ လူစည်ကားသည့် နေရာများဖြစ်သည့် ကားဂိတ်များ၊ ဈေးများ စသည့်နေရာများတွင် COVID-19 ကျန်းမာရေးအသိပညာပေးလုပ်ငန်းများအား Hand Held Loud Speaker များဖြင့် ပိုမိုဆောင်ရွက်စေခြင်း၊

(စ) COVID – 19 ရောဂါကြောင့် ပြည်သူလူထု၏ လူမှုစီးပွားထိခိုက်မှုများ နည်းပါးစေရန် သက်ဆိုင်ရာနီးနွယ်ဌာနများဖြင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

၅။ ရောဂါကူးစက်ဖြစ်ပွားမှုနှုန်း မြင့်တက်လျက်ရှိသည့် နိုင်ငံများမှ ခရီးသည်များသည် လေကြောင်းခရီးဖြင့် တိုက်ရိုက်သော်လည်းကောင်း၊ အခြားနိုင်ငံများတွင် ရပ်နားဖြတ်သန်းပြီးသော်လည်းကောင်း၊ မြန်မာနိုင်ငံသို့ ဝင်ရောက်နိုင်သည့် အခြေအနေများစွာရှိနေပါသည်။

- ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် အပြည်ပြည်ဆိုင်ရာလေဆိပ်များ၌ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများဖြစ်သော အဖျားရောဂါစောင့်ကြပ်ကြည့်ရှုခြင်း၊ နိုင်ငံတကာမှ ခရီးသည်များအား COVID-19 ရောဂါကင်းရှင်းကြောင်း လက်မှတ်နှင့် ကျန်းမာကြောင်း ဆေးထောက်ခံချက် (Medical Certificate) ပါရှိမှသာ မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်ခွင့်ပြုမည်ဖြစ်ကြောင်း၊ လေယာဉ်ပေါ်တွင် Health Declaration Card များ ဖြည့်စွက်ခြင်းအား အထူးကြပ်မတ်ခြင်းများအား ဆောင်ရွက်လျက်ရှိပါသည်။
- ရောဂါလက္ခဏာမပြသေးသော်လည်း ရောဂါရှိသူ (Asymptomatic carrier) တစ်ဦးထံမှ အခြားသူများထံသို့ ရောဂါကူးစက်ပြန့်ပွားရာတွင် အလုံပိတ်အခန်း (သို့မဟုတ်) လေယာဉ်၊ သင်္ဘော၊ အဝေးပြေးဘတ်စ်ကားကဲ့သို့သော နေရာများတွင် ရောဂါကူးစက်မှုများပြားနိုင်ကြောင်း တွေ့ရှိရ၍ ပြည်သူလူထုများအနေဖြင့် သတိပြုရန် လိုအပ်ပါသည်။

၆။ မြန်မာနိုင်ငံတွင်လည်း ရောဂါဖြစ်ပွားသူအများအပြား ရုတ်တရက်တစ်ပြိုင်နက် တွေ့ရှိလာနိုင်ပြီး ပြည်သူများအတွင်း၌ ကူးစက်ဖြစ်ပွားနိုင်ခြင်းတို့ကြောင့် ပြည်သူများနှင့် လူမှုရေးအဖွဲ့အစည်းများအနေဖြင့် -

(က) ယခုကာလအတွင်း လူစုလူဝေးများပြားရာနေရာများနှင့် ပွဲလမ်းသဘင်ရှိရာနေရာများကို အတတ်နိုင်ဆုံးရှောင်ကြဉ်ကြပါရန်၊

(ခ) အခြေအနေ အကြောင်းကြောင်းကြောင့် မဖြစ်မနေကျင်းပရမည့် လူစုလူဝေးနှင့် ပွဲလမ်းသဘင်များကိုသာ ပြုလုပ်ကြပါရန်၊

(ဂ) ရောဂါဖြစ်ပွားနေသူ၏ ချောင်းဆိုးခြင်း၊ နှာချေခြင်းတို့မှ ထွက်ရှိလာသော အမှုန်အမွှားများမှတစ်ဆင့် ရောဂါကူးစက်နိုင်သဖြင့် လက်ကို မကြာခဏ ဆပ်ပြာဖြင့် ဆေးကြောပေးရန်အတွက် ပွဲလမ်းသဘင်များတွင် ဆပ်ပြာနှင့် ရေ (သို့မဟုတ်) လက် သန့်စင်ဆေးရည် (Hand Sanitizer) များ စီစဉ်ထားရှိရန်၊

(ဃ) ပွဲလမ်းသဘင်များ မကျင်းပမီ COVID-19 ရောဂါနှင့်ပတ်သက်သည့် သတင်းအချက်အလက်များအား (၅) မိနစ်ခန့် အချိန်ယူပြောကြားရန်၊

(င) အကယ်၍ ထိုသို့မလွှဲမရှောင်သာ ကျင်းပရပါက တက်ရောက်သည့်လူအရေအတွက် နည်းနိုင်သမျှနည်းပါးစေရန်နှင့် ဖျားနာသူများနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါရှိသူများ မလာရောက်စေရေး အစီအမံများ တင်းကျပ်စွာပြုလုပ်ရန်၊

(စ) COVID-19 ရောဂါသည် အထူးသဖြင့် သက်ကြီးရွယ်အိုများနှင့် နာတာရှည်ရောဂါ၊ ကင်ဆာရောဂါအခံရှိသူများ၌ ပိုမိုပြင်းထန်စွာ ဖြစ်ပွားနိုင်ပါ၍ ၎င်းတို့အား လူစုလူဝေးမှ အတတ်နိုင်ဆုံးရှောင်ကြဉ်ရန်နှင့် ရောဂါကာကွယ်ရေးလမ်းညွှန်ချက်များအား စနစ်တကျလိုက်နာရန် လိုအပ်ပါသည်။

၇။ ကမ္ဘာ့ကပ်ရောဂါ (Pandemic) အနေဖြင့် ဖြစ်ပွားလျက်ရှိသော COVID-19 ရောဂါအား တုံ့ပြန်ဆောင်ရွက်ရာတွင် ပြည်သူလူထုတစ်ရပ်လုံးအနေဖြင့် ကျန်းမာရေးဝန်ထမ်းများနှင့်အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်မှုသည် လွန်စွာအရေးပါလှပါသဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ရောဂါကာကွယ်ရေး ကျန်းမာရေးအသိပညာပေးနှိုးဆော်ချက်များကိုလည်း တိကျစွာ စနစ်တကျလိုက်နာဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# မြို့နယ်အချို့၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၁၃**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၁၁ ရက် ည ၁၀ နာရီခွဲက စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့ မြို့မရပ်ကွက်အနီး မြို့ရှောင်လမ်းတွင် မင်းမင်း(ခ)အောင်ဇော်ထွန်း မောင်းနှင်လာသည့် ဆိုင်ကယ်ပေါ်ရှိ ဆာလာအိတ် နှစ်အိတ်အတွင်းမှ ဘိန်းဖြူ ၁၀ ဒသမ ၅၆ ကီလို သိမ်းဆည်းရမိခဲ့ပြီး **(ယာပုံ)** ကွင်းဆက်အရ မတ် ၁၂ ရက် မွန်းလွဲ ၁ နာရီခွဲ၌ ကလေးမြို့ ပင်လုံရပ်ကွက် နယ်မြေ(၁)ရှိ ထမင်းဆိုင်တွင် ကိုဗိုက်(ခ)နိုင်လင်းအား မြန်မာငွေကျပ် ၁၄၃ ဒသမ ၃ သိန်းဖြင့်လည်းကောင်း။

မတ် ၁၁ ရက် ည ၁၁ နာရီခွဲက မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် မြစ်ငယ်မြို့ရှိ ရန်ကုန် – မန္တလေး ကားလမ်းတွင် အမျိုးသားတစ်ဦး မောင်းနှင်ပြီး အမျိုးသမီး နှစ်ဦးလိုက်ပါလာသော ဆိုင်ကယ်ကို စစ်ဆေးရန် ရပ်တန့်ခိုင်းစဉ် အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့မှာ ဆိုင်ကယ်မောင်းနှင်ထွက်ပြေးသွားပြီး မနန်းစန်းစန်းဝင်း(ခ)စန္ဒာမှာ လက်ဆွဲအိတ်တစ်လုံးနှင့်အတူ ကျန်ခဲ့၍ စစ်ဆေးရာ လက်ဆွဲအိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၆၇၈၀၊ စိတ်ကြွရူးသွပ်ဆေးအကြေ ၀ ဒသမ ၃၅၂ ကီလိုနှင့် ဖုန်းတစ်လုံးတို့ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သည်။

ထို့အပြင် မတ် ၁၂ ရက် မွန်းလွဲ ၁ နာရီတွင် တပ်မတော်မှ ရှမ်းပြည်နယ် လောက်ကိုင်မြို့နယ် ရှန်ကိုင်ကျေးရွာအနီး လောက်ကိုင် – ချင်းရွှေဟော် ကားလမ်းတွင် ချိန်စွမ်းချို မောင်းနှင်လာသည့် ဆိုင်ကယ်အား ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**



# ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်အတွင်း ဖုန်း၊ ဆိုင်ကယ်ခိုးမှုကျူးလွန်သူ နှစ်ဦးအား ဖမ်းဆီးရမိ

**ရန်ကုန် မတ် ၁၃**

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး၊ အုပ်ချုပ်မှုဌာနခွဲမှ တပ်ဖွဲ့ဝင်များသည် မတ် ၈ ရက် မွန်းလွဲ ၂ နာရီခွဲခန့်က ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်အတွင်း ခိုး၊ ဆိုး၊ လု၊ နှိုက် သတင်းများ စုံစမ်းဆောင်ရွက်နေစဉ် ခိုးမှုများ ကျူးလွန်ထားကြောင်း ကြိုတင်သတင်းရရှိထားသူ ထက်ကဲ (ခ) သားသားကို (၅၁)ရပ်ကွက် ဘုရင့်နောင်လမ်း (၆၁)ဂိတ်ဟောင်း မှတ်တိုင်အနီးရှိ ဆိုင်ကယ်ကယ်ရီဂိတ်တွင် တွေ့ရှိစစ်ဆေးရာ ၎င်းသည် ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလနှင့် မတ်လတို့တွင် ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် (၅၁)ရပ်ကွက် အတွင်းမှ ဆိုင်ကယ် ခြောက်စီးနှင့် ဖုန်း တစ်လုံး၊ (၄၇)ရပ်ကွက်အတွင်းမှ ဆိုင်ကယ်တစ်စီး၊ (၄၆)ရပ်ကွက် အတွင်းမှ ဆိုင်ကယ် နှစ်စီး၊ (၅၀) ရပ်ကွက်အတွင်းမှ ဆိုင်ကယ် တစ်စီး နှင့် (၄၈)ရပ်ကွက်အတွင်းမှ ဆိုင်ကယ် တစ်စီး စုစုပေါင်း ဆိုင်ကယ် ၁၁ စီးနှင့် ဖုန်းတစ်လုံး ခိုးယူခဲ့ကြောင်း၊ ခိုးယူရရှိသည့် ဆိုင်ကယ်နှင့် ဖုန်းတို့အား ၎င်း၏ ယောက်ဖတော်စပ်သူ အောင်မျိုးကျော် (ခ)အောင်အောင်က ပြန်လည် ရောင်းချပေးကြောင်း စစ်ဆေး ပေါ်ပေါက်သည်။

အောင်မျိုးကျော် (ခ) အောင်အောင်အား လိုက်လံဖမ်းဆီးခဲ့၍ သက်သေခံပစ္စည်းများကို ပြန်လည်သိမ်းဆည်းရရှိပြီးဖြစ်သောကြောင့် ၎င်းတို့နှစ်ဦးကို **(ဝဲပုံ)** ဥပဒေနှင့်အညီ အမြန်တရားစွဲတင်ပို့နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရဲပြန်ကြား**



## မြန်မာ့ရုပ်မြင်သံကြား

၁၄ – ၃ – ၂၀၂၀(စနေနေ့)

**နံနက်ပိုင်း**

- ၆:၀၀ – မင်းကွန်းဆရာတော်ကြီး၏ပရိတ်တရားတော်
- ၇:၀၀ – Breakfast News
- ၇:၃၅ – Weekly Sports Info
- ၈:၃၅ – ပြည်သူ့အကျိုးပြုမှတ်တိုင်များ "တိုးတက်အောင်မြင် မန္တလေးမြို့တော်တစ်ခွင်" (အဆင့်မြင့်သန့်စင်ခန်းများ ဆောင်ရွက်ထားရှိမှု)
- ၈:၄၅ – ပန်းပျိုးခင်း(အပိုင်း– ၇၄)
- ၉:၁၅ – မဟော်သဓာ(အပိုင်း– ၁၈) "မဟော်သဓာနှင့် အမရာဒေဝီ"(ဒုတိယပိုင်း)
- ၁၀:၃၅ – လုံမမှတ်စု(၁၃၀)
- ၁၁:၃၅ – ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၂:၃၅ – နိုင်ငံခြားဇာတ်လမ်းတွဲ

**ညပိုင်း**

- ၁၆:၃၅ – "ရာမညမြေမှ အလှတရားများ" (အပိုင်း– ၁)
- ၁၇:၁၅ – ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
- ၁၇:၄၀ – သူတို့ဒေသ သူတို့ဘဝ "လှတောသားစကားကြွယ်"
- ၁၈:၂၅ – MRTV Travelogue (ရွှေသောင်ယံသို့ ခရီးသွားခြင်း) (အပိုင်း– ၄)
- ၁၉:၁၅ – နိုင်ငံခြားဇာတ်လမ်းတွဲ
- ၂၀:၀၀ – ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၀:၃၅ – ရာဇဝင်ထဲက သမိုင်းအနုပညာ "သမိုင်းထဲကမကွဲရာ" (အပိုင်း– ၄) (ရွှေဇာတိစေတီတော်နှင့် ရွှေရောင် စေတီတော်)
- – မြန်မာဗီဒီယိုဇာတ်လမ်း "ကံကိုမပိုင်တဲ့ ကိုကံပိုင်" (ကျော်ဟိန်း၊ နိုင်းနိုင်း၊ ပန်းဖြူ၊ မျိုးသန္တာထွန်း) (ဒါရိုက်တာ– မောင်မောင်ဦး(စန္ဒီးဝှိုက်)

# ကျောက်ပန်းတောင်းမြို့နယ်တွင် အမျိုးသားတစ်ဦး ဝရိန်ဆော်ရာမှ ဓာတ်လိုက်သေဆုံး

**ကျောက်ပန်းတောင်း မတ် ၁၃**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် လက်ပံပျားကျေးရွာတွင် မတ် ၁၃ ရက် မွန်းတည့် ၁၂ နာရီခန့်က ဆိုင်ခန်း မျက်နှာကြက်အား ဝရိန်ဆော်ရာမှ လူတစ်ဦး ဓာတ်လိုက်သေဆုံးခဲ့ကြောင်း သိရသည်။

အဆိုပါသတင်းအရ လက်ပံပျားကျေးရွာ နယ်မြေရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ လျှပ်စစ်ဝရိန်ဆော်သည့် တင်လင်းအောင်ဖြစ်ပြီး ၎င်းသည် ဖခင်ဖြစ်သူ ဦးမောင်ညွန့်နှင့်အတူ လက်ပံပျားတောင်ရွာနေ ဦးထွန်းထွန်း(ဈေးရောင်း) ပိုင်ဆိုင်သော ဈေးဆိုင်ခန်းအမှတ်––––၏ ဆိုင်ခန်းအဆောက်အအုံ မျက်နှာကြက်ကို လှေကားဖြင့်တက်ကာ လျှပ်စစ်ဝရိန်တို့ တပ်ဆင်နေစဉ် ဓာတ်လိုက်ကာ ပြုတ်ကျ၍ လက်ပံပျားဆေးရုံသို့ ပို့ဆောင်စဉ် ဆေးရုံ၌သေဆုံးသွားခြင်း ဖြစ်ကြောင်း သိရသည်။

**နေအောင်(ပြန်/ဆက်)**

## အပြည်ပြည်ဆိုင်ရာလေဆိပ်များ၊ ရေဆိပ်နှင့် နယ်စပ်ဝင်/ထွက်ပေါက်များမှ နိုင်ငံခြားသားများ ဝင်ရောက်မှုနှိုင်းယှဉ်ချက်

| စဉ် | လအမည် | ၂၀၁၈–၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် | | | ၂၀၁၉–၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် | | |
|---|---|---|---|---|---|---|---|
| | | ကမ္ဘာလှည့် | လုပ်ငန်း | စုစုပေါင်း | ကမ္ဘာလှည့် | လုပ်ငန်း | စုစုပေါင်း |
| ၁။ | အောက်တိုဘာလ | ၅၂၆၄၇ | ၂၁၀၀၅ | ၇၃၆၅၂ | ၉၁၈၃၆ | ၂၇၅၉၀ | ၁၁၉၄၂၆ |
| ၂။ | နိုဝင်ဘာလ | ၇၇၄၉၈ | ၂၁၄၈၂ | ၉၈၉၈၀ | ၁၁၅၈၉၈ | ၂၇၄၈၈ | ၁၄၃၃၈၆ |
| ၃။ | ဒီဇင်ဘာလ | ၈၂၄၇၄ | ၁၉၅၃၈ | ၁၀၂၀၁၂ | ၁၂၇၉၅၀ | ၂၄၉၆၇ | ၁၅၂၉၁၇ |
| ၄။ | ဇန်နဝါရီလ | ၉၃၁၂၅ | ၁၈၆၈၉ | ၁၁၁၈၁၄ | ၁၂၃၆၂၂ | ၂၆၀၃၂ | ၁၄၉၆၅၄ |
| ၅။ | ဖေဖော်ဝါရီလ | ၁၀၂၀၁၆ | ၂၄၆၁၂ | ၁၂၆၆၂၈ | ၄၆၈၇၉ | ၂၁၉၄၈ | ၆၈၈၂၇ |
| စုစုပေါင်း | | ၄၀၇၇၆၀ | ၁၀၅၃၂၆ | ၅၁၃၀၈၆ | ၅၀၆၁၈၅ | ၁၂၈၀၂၅ | ၆၃၄၂၁၀ |

## အပြည်ပြည်ဆိုင်ရာလေဆိပ်များနှင့် နယ်စပ်ဝင်/ထွက်ပေါက်များမှ နိုင်ငံခြားသားများ ဝင်ရောက်မှုနှိုင်းယှဉ်ချက်

| စဉ် | အပြည်ပြည်ဆိုင်ရာ လေဆိပ်များနှင့် နယ်စပ် ဝင်/ထွက် ပေါက်များ | ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ | | ၂၀၂၀ ခုနှစ်၊ ဖေဖော်ဝါရီလ | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | ကမ္ဘာလှည့် | လုပ်ငန်း | ကမ္ဘာလှည့် | လုပ်ငန်း | |
| ၁။ | ရန်ကုန်လေဆိပ်/ရေဆိပ် | ၆၃၇၇၅ | ၁၇၄၂၀ | ၃၅၂၃၁ | ၁၃၇၃၃ | |
| ၂။ | မန္တလေးလေဆိပ် | ၂၆၃၉၉ | ၅၇၂၄ | ၅၇၃၅ | ၂၄၀၀ | |
| ၃။ | နေပြည်တော်လေဆိပ် | ၃၈၅ | ၃၈၃ | ၁၇၂ | ၁၁၄ | |
| ၄။ | မြိတ်လေဆိပ် | ၀ | ၀ | ၀ | ၀ | |
| ၅။ | တာချီလိတ် | ၇၆၀၀ | ၃၃၁ | ၂၃၆၁ | ၁၁၄ | |
| ၆။ | မြဝတီ | ၁၇၃၁ | ၆၃၆ | ၁၉၈၂ | ၅၄၄၁ | |
| ၇။ | ကော့သောင်း | ၁၄၆၀ | ၇၄ | ၈၀၇ | ၆၀ | |
| ၈။ | ထီးခီး | ၃၉၄ | ၂၂ | ၁၁၉ | ၂၃ | |
| ၉။ | တမူး | ၂၆၄ | ၂၀ | ၄၆၂ | ၃၇ | |
| ၁၀။ | ရိခေါဒါရ် | ၈ | ၂ | ၁၀ | ၂၆ | |
| စုစုပေါင်း | | ၁၀၂၀၁၆ | ၂၄၆၁၂ | ၄၆၈၇၉ | ၂၁၉၄၈ | |

# ကျောက်တံခါးမြို့နယ်တွင် ခရီးသည်တင်ယာဉ်နှင့် ဆိုင်ကယ်တိုက်မိမှုဖြစ်ပွား

**ကျောက်တံခါး မတ် ၁၃**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါး မြို့နယ် ရန်ကုန်–မန္တလေးကားလမ်း ဟောင်း ကန်ရွာကျေးရွာတွင် မတ် ၁၂ ရက် ည ၈ နာရီခန့်က ရန်ကုန် ဘက်မှ မန္တလေးဘက်သို့ လှည်းကူး မြို့နေ ယာဉ်မောင်း ကိုဖြိုးရန်အောင် (ခ)ကိုလတ် (၃၄ နှစ်) မောင်းနှင်လာသည့် ခရီးသည် ၄၅ ဦးခန့် တင်ဆောင်လာသော ခရီးသည်တင်ယာဉ်မှာ ၎င်း၏လားရာတူ ရှေ့တွင် မောင်းနှင်နေသော ယာဉ်အား ကျော်တက်စဉ် မျက်နှာချင်းဆိုင် လမ်းမှန်အတိုင်း မန္တလေးဘက်မှ ရန်ကုန်ဘက်သို့ ကျောက်တံခါးမြို့နယ်နေ အနီးကူးမား (၂၇ နှစ်) မောင်းနှင်ပြီး နောက်တွင် တစ်ရွာတည်းနေ မောင်မဟေဆလာ (၁၅ နှစ်)လိုက်ပါလာသော ဆိုင်ကယ် နှင့် အရှိန်မထိန်းနိုင်ဘဲ ချိတ်မိရာ အနီးကူးမားနှင့် မောင်မဟေဆလာ တို့တွင် ပြင်းထန်ဒဏ်ရာရရှိခဲ့ပြီး ကျောက်တံခါးမြို့နယ် ပြည်သူ့ဆေးရုံ၌ ဆေးကုသမှုခံယူလျက်ရှိသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်ပေါ့လျော့စွာ မောင်းနှင်သူ ဖြိုးရန်အောင် (ခ) ကိုလတ်အား ကျောက်တံခါးမြို့မ ရဲစခန်းက အမှုဖွင့်အရေးယူ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**



# အိန္ဒိယက ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ရန် ပြည်ဝင်ခွင့်ကို တင်းကျပ်စွာကန့်သတ်



အိန္ဒိယနိုင်ငံသို့ လာရောက်လည်ပတ်နေသော နိုင်ငံခြားသားဧည့်သည်များကို တွေ့ရစဉ်။

**နယူးဒေလီ မတ် ၁၃**
အိန္ဒိယနိုင်ငံသည် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့မှုကို ကာကွယ်ရန် ပြည်ဝင်ခွင့်ကို တင်းကျပ်စွာကန့်သတ်လိုက်ကြောင်း မကြာသေးမီက သတင်းထုတ်ပြန်လိုက်သည်။

နိုင်ငံခြားသားများသို့ထုတ်ပေးသော ခရီးသွားလာခွင့်နှင့် စီးပွားရေးဗီဇာများကို တစ်လခန့်ရပ်နားထားမည်ဖြစ်ကြောင်း အိန္ဒိယအစိုးရက ပြောကြားသည်။

အဆိုပါကန့်သတ်မှုသည် မတ် ၁၃ ရက်မှ ဧပြီ ၁၅ ရက်အထိ အကျိုးဝင်မည်ဖြစ်ကြောင်း သိရသည်။ သို့သော်လည်း ကန့်သတ်မှုတွင် အလုပ်နှင့် သံတမန်ဗီဇာများ မပါဝင်ကြောင်း သိရသည်။ မဖြစ်မနေလာရောက်ရမည့်ကိစ္စမျိုးဆိုလျှင် အိန္ဒိယသံရုံးများတွင် ဗီဇာအသစ်များကို လျှောက်ထားနိုင်ကြောင်းနှင့် အခြားသံတမန်ဆိုင်ရာအဖွဲ့အစည်းများတွင်လည်း အထောက်အထားများရယူနိုင်ကြောင်း သတင်းရရှိသည်။

အဆိုပါ တင်းကျပ်စွာကန့်သတ်ချက်တွင် ဖေဖော်ဝါရီ ၁၅ ရက်အထိ တရုတ်နိုင်ငံ၊ အီတလီနှင့် အခြားနိုင်ငံ ငါးနိုင်ငံသို့ သွားရောက်ခဲ့သူများကို ရောဂါခြေချုပ်ဖြင့် ၁၄ ရက်ကြာ စောင့်ကြည့်မည်ဖြစ်ကြောင်း ဖော်ပြထားသည်။

အိန္ဒိယနိုင်ငံသည် သူ့နိုင်ငံသားများကို မလိုအပ်ဘဲ နိုင်ငံခြားခရီးသွားလာခြင်း မပြုလုပ်ရန် တင်းကျပ်စွာ အကြံပြုထားသည်။ နိုင်ငံရပ်ခြားသို့ သွားရောက်သူများသည်လည်း အမိမြေသို့ ပြန်လည်ရောက်ရှိလာပါက ၎င်းတို့ကို ၁၄ ရက်ကြာ သီးသန့်ခွဲထားပြီး ရောဂါအခြေအနေကို စောင့်ကြည့်စစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံသည် ကိုရိုနာဗိုင်းရပ်ကူးစက်ပျံ့နှံ့မှုကို ကြိုတင်ကာကွယ်သည့်အနေဖြင့် မြန်မာနိုင်ငံနှင့် ထိစပ်လျက်ရှိသော နယ်စပ်များကိုလည်း ပိတ်ထားလိုက်ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပြန့်ပွားမှုသည် ၇၃ ဦးအထိ ရှိလာပြီဖြစ်ကြောင်း သိရသည်။

မတ်လအစောပိုင်းကလည်း အိန္ဒိယနိုင်ငံသည် ဂျပန်၊ တောင်ကိုရီးယားနှင့် တချို့နိုင်ငံသားများအတွက် ဗီဇာများကို ပယ်ဖျက်လိုက်ကြောင်း သတင်းရရှိသည်။

**အင်န်အိတ်ချ်ကေ**

# တရုတ်နိုင်ငံတွင် ကိုရိုနာကူးစက်ဖြစ်ပွားနှုန်း ခုဂဏန်းအထိ ကျဆင်း

**ပေကျင်း မတ် ၁၃**
တရုတ်ကျန်းမာရေး အာဏာပိုင်များက ယမန်နေ့က ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုရှစ်ဦးသာ ရှိခဲ့ကြောင်းနှင့် ယင်းပမာဏသည် ဇန်နဝါရီလကတည်းက တစ်ရက်တာအတွင်း ကူးစက်ခံရနှုန်း ဖော်ပြမှုများတွင် အနည်းဆုံးဖြစ်ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဖော်ပြလိုက်သည်။

တရုတ်ပြည်မကြီးတွင် ကိုရိုနာဗိုင်းရပ်စ်အသစ် ကူးစက်ခံရမှု ၈၀၈၁၃ ဦးအထိရောက်ရှိလာကြောင်း အမျိုးသားကျန်းမာရေး ကော်မရှင်က မတ် ၁၃ ရက်က ကြေညာလိုက်သည်။

ကူးစက်မှုရှစ်ဦးတွင် ငါးဦးမှာ ကိုရိုနာဗိုင်းရပ်စ် စတင်ဖြစ်ပွားရာ တရုတ်နိုင်ငံ ဟူပေပြည်နယ် ဝူဟန်မြို့မှ ဖြစ်ကြောင်း သိရသည်။ အခြားသုံးဦးမှာ ရောဂါဖြစ်ပွားနေသည့်ဒေသများမှ တရုတ်နိုင်ငံသို့ ဝင်ရောက်လာသူများ ဖြစ်ကြသည်။

တရုတ်နိုင်ငံပြည်မကြီးတွင် ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးသည့် အရေအတွက်မှာ ၃၁၇၆ ဦးဖြစ်ကြောင်း ယခင်ရက်များကထက် ခုနစ်ဦးပိုများလာကြောင်းနှင့် သေဆုံးသူအများစုမှာ ဟူပေပြည်နယ်မှဖြစ်ကြောင်း သိရသည်။

အမျိုးသားကျန်းမာရေးကော်မရှင်မှ မတ် ၁၂ ရက်က နိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ်အသစ်ကူးစက်မှုများ ရှိခဲ့ကြောင်း ပြောကြားခဲ့သည်။ တရုတ်နိုင်ငံသည် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပြန့်ပွားမှုကို ကာကွယ်ရန် တခြားနိုင်ငံများနှင့်လည်း ပူးပေါင်းဆောင်ရွက်နေကြောင်း သတင်းရရှိသည်။

တရုတ်အစိုးရသည် မတ် ၁၂ ရက်က ဆေးဘက်ဆိုင်ရာကျွမ်းကျင်သူ ကိုးဦးပါအဖွဲ့တစ်ဖွဲ့ကို လိုအပ်သောထောက်ပံ့မှုများလုပ်ဆောင်နိုင်ရန် အီတလီသို့ စေလွှတ်ခဲ့ကြောင်း သတင်းရရှိသည်။ ယခုလို ဆေးဘက်အဖွဲ့များစေလွှတ်ခြင်းသည် အီရန်နှင့် အီရတ်ပြီးလျှင် အီတလီနိုင်ငံသို့တတိယနိုင်ငံအဖြစ် စေလွှတ်ခြင်းဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**




ဆေးဘက်ဆိုင်ရာတာဝန်ရှိသူများ ကိုရိုနာဗိုင်းရပ်စ်ကို ကုသနိုင်ရန် ဆောင်ရွက်နေစဉ်။

# အီရန်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရမှု ၁၀၀၀၀ အထိ တိုးလာ

**တီဟီရန် မတ် ၁၃**
အီရန်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်အသစ်ကူးစက်မှုပေါင်းသည် ၁၀၀၀၀ အထိ ရောက်ရှိလာပြီဖြစ်ကြောင်း သတင်းများတွင် ဖော်ပြလိုက်သည်။

အီရန်နိုင်ငံ၏ ကျန်းမာရေးဝန်ကြီးဌာနက ကိုဗစ်-၁၉ ကူးစက်ခံရမှု ၁၀၀၇၅ အထိ တိုးလာပြီး သေဆုံးသူ ၄၂၉ ဦးအထိရှိလာကြောင်း ဖော်ပြထားသည်။

တရုတ်နိုင်ငံနှင့် အီတလီနိုင်ငံပြီးလျှင် အီရန်နိုင်ငံသည် ကမ္ဘာပေါ်တွင် ကိုဗစ်-၁၉ ကူးစက်မှု တတိယအများဆုံးနိုင်ငံတစ်နိုင်ငံဖြစ်လာသည်။

ကိုဗစ် -၁၉ ကူးစက်ခံရသူအရေအတွက် မြင့်တက်လာသောကြောင့် အရက်သောက်လျှင် ကိုဗစ်-၁၉ ကိုကာကွယ်နိုင်သည်ဟု အွန်လိုင်းမှ ရေးသားချက်များကို ယုံကြည်လျက် လူများသည် ချက်အရက်များကို သောက်သုံးကြကြောင်း သိရသည်။ အီရန်နိုင်ငံတွင် အဆိုပါအရက်များကို သောက်ပြီးနောက် သေဆုံးသူများမှာ အနည်းဆုံး ၇၀ ခန့် ဖြစ်လာခဲ့သည်။

အမေရိကန်၏ အရေးယူပိတ်ဆို့မှုများကြောင့် စီးပွားရေးကျဆင်းမှုနှင့် ရင်ဆိုင်နေလင့်ကစား အီရန်နိုင်ငံ ဗဟိုဘဏ်သည် ကိုရိုနာဗိုင်းရပ်စ် တိုက်ဖျက်ရေးလုပ်ငန်းအတွက် နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ထံမှ အရေးပေါ်ချေးငွေ အမေရိကန်ဒေါ်လာ ငါးဘီလီယံတောင်းဆိုထားကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# သီရိလင်္ကာအစိုးရက နိုင်ငံသားများကို နိုင်ငံရပ်ခြားခရီးမထွက်ရန် တားမြစ်

**ကိုလံဘို မတ် ၁၃**
ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကြောင့် သီရိလင်္ကာအစိုးရသည် ယမန်နေ့က အရေးကြီးကိစ္စမရှိဘဲ နိုင်ငံသားများကို နိုင်ငံရပ်ခြားမထွက်ရန်တားမြစ်လိုက်ကြောင်း အစိုးရသတင်းအချက်အလက် ထုတ်ပြန်ရေးဌာနက ဖော်ပြလိုက်သည်။

အီတလီ၊ တောင်ကိုရီးယားနှင့် အီရန်နိုင်ငံတို့မှ ပြန်ရောက်လာသော သီရိလင်္ကာနိုင်ငံသားများသာမက သီရိလင်္ကာနိုင်ငံသို့ လာရောက်ကြသည့် ၎င်းနိုင်ငံ များမှ နိုင်ငံခြားသားများကိုပါ ၁၄ ရက်ကြာ သီးသန့်ခွဲထားပြီး ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှု ရှိ မရှိ စစ်ဆေးသွားမည်ဖြစ်ကြောင်း အစိုးရသတင်း အချက်အလက်ထုတ်ပြန်ရေးဌာနက ကြေညာချက်တွင် ဆက်လက်ဖော်ပြထားသည်။

ယင်းနိုင်ငံများမှ သီရိလင်္ကာနိုင်ငံသို့ လာရောက်သည့် နိုင်ငံခြားသားခရီးသွားများကို သတ်မှတ်ထားသည့် သီးသန့်ခွဲခြားရာနေရာများတွင် ခွဲထားပြီး ကိုဗစ်-၁၉ ရောဂါအခြေအနေကို စောင့်ကြည့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

သီရိလင်္ကာနိုင်ငံ၏ အမျိုးသားကျန်းမာရေးဆိုင်ရာလုံခြုံရေးအတွက် ဆောင်ရွက်လျက်ရှိသည့် သီးသန့်ခွဲခြားစောင့်ကြည့်စစ်ဆေးမှုများကို လေးစား လိုက်နာကြရန် သက်ဆိုင်ရာအဖွဲ့အစည်းများကိုလည်း အစိုးရက တောင်းဆို ထားကြောင်း သတင်းရရှိသည်။

**ဆင်ဟွာ**

# တရုတ်နိုင်ငံက ဧဝရက်တောင်တက်ခွင့်ပြုမှု ဖျက်သိမ်း

**ပေကျင်း မတ် ၁၃**
နွေဦးတောင်တက် ရာသီမရောက်မီ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့မှုများကြောင့် တရုတ်နိုင်ငံက ကမ္ဘာ့အမြင့်ဆုံး ဧဝရက်တောင်တက်ခွင့်ပြုပေးမှုကို ရပ်ဆိုင်းလိုက်ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဖော်ပြလိုက်သည်။

လွန်ခဲ့သော ယခုလိုနွေဦးတောင်တက်ရာသီတွင် ကမ္ဘာ့အမြင့်ဆုံး ဧဝရက်တောင်ပေါ်သို့ တက်ရောက်ခဲ့သော တောင်တက်သမား အရေအတွက်သည် ၈၈၅ ဦးရှိကြောင်း၊ အဆိုပါ တောင်တက်သမားများထဲတွင် ၆၄၄ ဦးသည် နီပေါမှဖြစ်ပြီး ၂၄၁ ဦးမှာ တိဗက်ဒေသမှဖြစ်ကြောင်း သိရသည်။

တရုတ်ဘက်မှ ဧဝရက်တောင်ပေါ်သို့ တက်ရောက်ခွင့်ပြုပေးနေမှုကို ရပ်ဆိုင်းလိုက်သော်လည်း နီပေါဘက်မှ ကျန်းမာရေးစစ်ဆေးမှုများ လုပ်ဆောင်ပြီး ဧဝရက်တောင်ပေါ်သို့ တက်ရောက် ခွင့်ပြုပေးနေလျက်ရှိကြောင်း သိရသည်။



တောင်တက်ရာသီတစ်ခုတွင် ဧဝရက်တောင်ထိပ်တစ်နေရာရှိ တောင်တက်သမားများကို တွေ့ရစဉ်။

တရုတ်အာဏာပိုင်များက ဧဝရက်တောင်ပေါ်သို့ တက်ရောက်ခွင့်ပြုပေးနေမှုကို မြောက်ဘက်အခြမ်းတွင် ပိတ်လိုက်ပြီဖြစ်ကြောင်း အသိပေးခဲ့သည်ဟု ဩစတြီးယားအခြေစိုက် ဖာတန်ဘာ့ချ် စူးစမ်းလေ့လာရေးအဖွဲ့က ပြောသည်။

တိဗက်ရှိ နိုင်ငံခြားသား လာရောက် လည်ပတ်ရာနေရာများကို ဇန်နဝါရီလကတည်းက ပိတ်လိုက်ကြောင်း ပြည်တွင်းခရီးသွားလာမှုဆိုင်ရာရုံးက ပြောသည်။ တရုတ်တိဗက်တောင်တက်အဖွဲ့က ဧဝရက်တောင်ပေါ်သို့ တက်ရောက်ခွင့်ပြုရေး ခွင့်ပြုချက်ပေး မပေးနှင့်ပတ်သက်ပြီး အေအက်ဖ်ပီ၏ မေးမြန်းချက်များကို ငြင်းဆိုထားကြောင်း သိရသည်။

**အေအက်ဖ်ပီ**

## နိုင်ငံတကာ သတင်းတိုထွာ

### ကိုရိုနာဗိုင်းရပ်စ်နှင့် ပတ်သက်ပြီး နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်သွားရန် ဂျပန်ဝန်ကြီးချုပ် ကတိပြု

**တိုကျို မတ် ၁၃**

ကိုရိုနာဗိုင်းရပ်စ် အမျိုးအစားသစ် ကူးစက်ပြန့်ပွားမှုကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ကမ္ဘာနှင့်ချီဖြစ်ပွားသည့် ကပ်ရောဂါအဖြစ် ကြေညာလိုက်ပြီးနောက် အဆိုပါ ဗိုင်းရပ်စ်ပြန့်ပွားမှုကို တိုက်ဖျက်ရန် ဂျပန်နိုင်ငံအနေဖြင့် နိုင်ငံတကာအသိုက်အဝန်းနှင့် ပူးပေါင်းဆောင်ရွက်ပြီး အကောင်းဆုံးလုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ပြောကြားလိုက်သည်။

ကိုရိုနာဗိုင်းရပ်စ်ကို ကပ်ရောဂါအဖြစ် ကြေညာလိုက်ခြင်းသည် ကိုရိုနာဗိုင်းရပ်စ်အမျိုးအစားသစ် ကူးစက်ပြန့်ပွားမှု ဆက်လက်ဖြစ်ပွားသည့်အပေါ် တုံ့ပြန်ချက်တစ်ခုဖြစ်ကြောင်း အာဘေးက သတင်းထောက်များကို ပြောကြားလိုက်သည်။

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက မိမိအနေဖြင့် ဂျပန်နိုင်ငံသားများ၏ကျန်းမာရေးနှင့် လူနေမှုဘဝများကို ကာကွယ်ပေးသွားရန် ဖြစ်နိုင်သည့် ကိစ္စမှန်သမျှအကောင်းဆုံးလုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

ထို့အပြင် ကိုရိုနာဗိုင်းရပ်စ် ထိန်းချုပ် ဟန့်တားနိုင်ရေးအတွက် လိုအပ်သည့် မည်သည့်လုပ်ဆောင်ချက်မဆို တွေဝေမနေဘဲ အကောင်းဆုံးအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဟုလည်း ထပ်လောင်းပြောကြားလိုက်သည်။

**အင်န်အိတ်ချ်ကေ**

### ကနေဒါဝန်ကြီးချုပ်၏ဇနီးတွင် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိ

**တိုရန်တို မတ် ၁၃**

ကနေဒါဝန်ကြီးချုပ် ဂျက်စတင်ထရူးဒို၏ဇနီးတွင် နိုဗယ်ကိုရိုနာဗိုင်းရပ်စ် ရောဂါပိုးတွေ့ရှိကြောင်း ဝန်ကြီးချုပ်ရုံးက ယမန်နေ့က ထုတ်ပြန်ကြေညာလိုက်သည့် ကြေညာချက်တွင်ဖော်ပြလိုက်သည်။

ကျန်းမာရေးအကြံပြုချက်များအတိုင်း ၎င်းကို လက်ရှိမှာ ခွဲထားပြီး သီးသန့်စောင့်ကြည့်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြေညာချက်တွင် ဆက်လက်ဖော်ပြထားသည်။ သို့သော်လည်း ဝန်ကြီးချုပ်တွင် ကိုဗစ်-၁၉ ရောဂါလက္ခဏာ ပြသခြင်း မရှိသေးကြောင်း သိရသည်။

ကိုရိုနာဗိုင်းရပ်စ်ကြိုတင်ကာကွယ်သည့်အနေဖြင့် ဆရာဝန်များ၏ အကြံပြုချက်အတိုင်း ဝန်ကြီးချုပ်ကိုလည်း သီးသန့် ၁၄ ရက်ကြာ ခွဲထားမည်ဖြစ်ကြောင်း သိရသည်။


ကနေဒါနိုင်ငံတွင် မတ် ၁၂ ရက်အထိ ကိုရိုနာဗိုင်းရပ်စ် အတည်ပြုလူနာ ၉၃ ဦးရှိကြောင်း သိရပြီး သေဆုံးသူ တစ်ဦးရှိကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**ဆင်ဟွာ**

# အီတလီရဲ့ စီးပွားရေး ကိုရိုနာဗိုင်းရပ်စ်ကြောင့် အထိနာခဲ့ပြီလား

*ထွန်းသစ်စ*

**အီတလီနိုင်ငံဟာ တစ်နိုင်ငံလုံးကို အလုံပိတ်ထားခဲ့တာတောင် မတ်လ ၁၁ ရက်နေ့ဟာ သတင်းဖော်ပြချက်တွေအရ ကိုရိုနာဗိုင်းရပ်စ်ကြောင့် အသေအပျောက်အများဆုံးနေ့အဖြစ် စံချိန်တင်သွားခဲ့ပါတယ်။ ထို့အတူပဲ အမေရိကန်ပြည်ထောင်စု နယူးယောက်မှာ တစ်ကမ္ဘာလုံးက ကပ်ရောဂါအဖြစ် သတ်မှတ်ထားတဲ့ ကိုရိုနာဗိုင်းရပ်ကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်ဖို့ အမျိုးသားအဆင့် စောင့်ရှောက်မှုတွေတောင် ပြုလုပ်နေကြပါတယ်။**



ကိုရိုနာဗိုင်းရပ်ကူးစက်ပျံ့နှံ့မှုကို ကာကွယ်သည့်အနေဖြင့် ခရီးသွားတစ်ဦး နှာခေါင်းစည်း စည်းထားသည်ကိုတွေ့ရစဉ်။

**ကမ္ဘာတစ်ဝန်းပျံ့နှံ့ရောက်ရှိ**

ဥရောပရဲ့အဆိုးရွားဆုံး ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရတဲ့ နိုင်ငံဖြစ်တဲ့ အီတလီနိုင်ငံဟာ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရမှုကြောင့် သေဆုံးတဲ့ လူအရေအတွက်ဟာ ၁၀၁၆ ဦးအထိ မြင့်တက်လာခဲ့ပြီလို့ ပြောပါတယ်။ ဥရောပမှာ ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးမှုအရေအတွက် အများဆုံးနဲ့ ကမ္ဘာကြီးကို အံ့သြစေခဲ့ပါတယ်။ ထို့အတူပဲ မြင့်တက်လာတဲ့ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့မှုနဲ့အတူ ကမ္ဘာ့အားကစားပွဲတော်တွေ၊ ယဉ်ကျေးမှုပွဲတော်တွေနဲ့ နိုင်ငံရေးပွဲလမ်းတွေကလည်း ဘယ်သို့ဘယ်ပုံရှိမလဲ အတတ်တော့မဆိုနိုင်ချေ။

ကိုရိုနာဗိုင်းရပ်စ်ဟာ ကမ္ဘာတစ်ဝန်းမှာ ဆပွားတိုးတက်များပြားလာသော်လည်း ကိုရိုနာဗိုင်းရပ်စ် စတင်ဖြစ်ပွားရာ တရုတ်နိုင်ငံမှ အာဏာပိုင်များကတော့ တရုတ်နိုင်ငံအနေနဲ့ ကိုရိုနာဗိုင်းရပ်စ်ကို အထိုက်အလျောက်တော့ ထိန်းချုပ် ဟန့်တားနိုင်ခဲ့ပြီဖြစ်ကြောင်း ကြေညာလိုက်ပါတယ်။ တရုတ်နိုင်ငံဟာ ကိုရိုနာဗိုင်းရပ်စ် အဆိုးရွားဆုံးဖြစ်ပွားခဲ့တဲ့နိုင်ငံဖြစ်ပြီး ကိုရိုနာဗိုင်းရပ်စ် အတည်ပြုလူနာပေါင်း ၈၀၀၀၀ ထက်မနည်းရှိခဲ့ကာ သေဆုံးသူပေါင်း ၃၀၀၀ ကျော်ရှိခဲ့ပါတယ်။ ကမ္ဘာတစ်ဝန်းလုံးမှာ ကိုရိုနာဗိုင်းရပ်စ်ဖြစ်စဉ်ပေါင်း ၁၂၆၀၀၀ ခုရှိခဲ့ပြီး သေဆုံးသည့်ဖြစ်စဉ်ပေါင်း ၄၆၀၀ ရှိခဲ့ကြောင်း သိရသည်။ ယခုအခါမှာ ကိုရိုနာဗိုင်းရပ်စ်ဟာ နိုင်ငံပေါင်း ၁၁၄ နိုင်ငံအထိ ပျံ့နှံ့ရောက်ရှိခဲ့ကြောင်း အေအက်ဖ်ပီ စစ်တမ်းများအရ သိရပါတယ်။

**စိတ်လှုပ်ရှားမှုတွေဖြစ်စေ**

ကိုရိုနာဗိုင်းရပ်စ်ဟာ နိုင်ငံရေးသမားများအပါအဝင် ဆူကြုံနိမ့်မြင့်မရွေး လူသားအားလုံးကို ကူးစက်နိုင်ပါတယ်။ ဒါကြောင့် အမေရိကန်ဒီမိုကရက်တစ်ပါတီမှသမ္မတလောင်းများအဖြစ် ရေပန်းစားနေတဲ့ ဘာနီးဆန်ဒါးနဲ့ ဂျိုးဘိုက်ဒန်တို့ဟာ သူတို့ရဲ့မဲဆွယ်စည်းရုံးရေးပွဲတွေကို ဖျက်သိမ်းခဲ့ပါတယ်။ ထို့အတူ ဗြိတိန်ကျန်းမာရေးဝန်ကြီး နာဒင်ဒေါရစ်ကိုလည်း ကိုရိုနာဗိုင်းရပ်စ်ပိုးရှိကြောင်း အတည်ပြုထားပါတယ်။

အမေရိကန်အာဏာပိုင်များရဲ့ တုံ့ပြန်မှုအပေါ် ဝေဖန်မှုများမြင့်တက်နေတဲ့ကြားက နယူးယောက်မှာ အခုဆိုရင် ကိုရိုနာဗိုင်းရပ်စ်ကို တားဆီးကာကွယ်ဖို့ အမျိုးသားအဆင့် စောင့်ရှောက်မှုတွေ ပြုလုပ်နေကြပါတယ်။ နယူးယောက်ပြည်နယ်တစ်ခုထဲမှာကိုပဲ ကိုရိုနာဗိုင်းရပ်စ် အတည်ပြုလူနာပေါင်း ၁၇၃ ဦး ရှိပါတယ်။ အဲဒီထဲကမှ ၁၀၈ ဦးဟာ ဝက်ချက်စ်တာကောင်တီမှ ဖြစ်ပါတယ်။ အမျိုးသားအဆင့် ကျန်းမာရေးစောင့်ရှောက်မှုတွေ ပြုလုပ်တာက အံ့သြဖွယ်ဖြစ်ပါတယ်။ ဒါဟာ ဘဝနဲ့သေဆုံးခြင်းကြား တိုက်ရိုက်သက်ဆိုင်ပါတယ်လို့ ပြည်နယ်အုပ်ချုပ်ရေးမှူး အန်ဒရူးကူမိုက ပြောပါတယ်။

**လူတွေကိုစိတ်လှုပ်ရှားမှုတွေဖြစ်**

လူတွေက ကြောက်နေကြတယ်။ ဒါဟာ ထူးခြားတဲ့အခြေအနေဖြစ်တယ်လို့ နယူးရိုချယ်လီဘားကို လုပ်ကိုင်ဆောင်ရွက်နေသူ မိုင်းလ်ဂိုးလ်ဘာ့ဂ်ျက ပြောပါတယ်။ ကိုရိုနာဗိုင်းရပ်စ်ကြောင့် ဟိုနား ဒီနားသွားဖို့ လူတွေကို စိတ်လှုပ်ရှားမှုတွေဖြစ်စေပါတယ်။ စီးပွားရေးတွေလုပ်ဖို့ လူတွေကို စိတ်လှုပ်ရှားမှုတွေဖြစ်စေပါတယ်။

မကြုံစဖူးတဲ့လှုပ်ရှားမှုအဖြစ် အီတလီဝန်ကြီးချုပ် ဂူဆက်ပီကွန်တီက သူ့နိုင်ငံမှာ မှီတင်းနေထိုင်တဲ့ လူဦးရေ သန်း ၆၀ ကို အရေးကြီးတဲ့ အလုပ်ကိစ္စနဲ့ ကျန်းမာရေးကိစ္စမှ တစ်ပါး အပြင်မထွက်ရန် တိုက်တွန်းပြောကြားထားပါတယ်။

အရင်က စည်ကားတဲ့ မီလန်တို့၊ ရောမတို့ရဲ့ ပြည်သူ့ရင်ပြင်တွေဟာလည်းအခုအခါမှာတော့ ခြောက်ကပ်တိတ်ဆိတ်လို့ နေပါပြီ။ တချို့ဒေသခံတွေဟာလည်း ဈေးဝယ်ခြင်းကဲ့သို့သော နေ့စဉ်ကိစ္စတွေအတွက် အိမ်ထဲက အိမ်ပြင်ထွက်ဖို့တောင် ကြောက်လန့်နေကြပါတယ်။

ကိုရိုနာဗိုင်းရပ်စ်ဟာ ကမ္ဘာ့စီးပွားရေးကို ကစဉ့်ကလျားဖြစ်စေပါတယ်။ ကိုရိုနာဗိုင်းရပ်စ်ကြောင့် ဈေးကွက်စီးပွားရေးအပေါ် များစွာ ကမောက်ကမဖြစ်စေတယ်လို့ အီတလီနိုင်ငံ မြောက်ပိုင်းမှာရှိတဲ့ စားသောက်ဆိုင်ပိုင်ရှင်တစ်ဦးက ပြောကြားထားပါတယ်။

**စက်ရုံတွေကိုပိတ်ခဲ့**

ကိုရိုနာဗိုင်းရပ်စ်တရုတ်နိုင်ငံမှာ စတင်ဖြစ်တဲ့အချိန်ကတည်းက အဲဒီဗိုင်းရပ်စ်ပြန့်ပွားမှုကို တားဆီးဖို့ကြိုးစားမှုတွေလုပ်ဆောင်တဲ့နေရာမှာ ကမ္ဘာအနှံ့မှာရှိတဲ့ ကုမ္ပဏီတွေဟာ အဲဒီရဲ့ ရိုက်ခတ်မှုဒဏ်တွေကို ခံစားခဲ့ရပါတယ်။ ကိုရိုနာဗိုင်းရပ်စ် စတင်ဖြစ်ပွားရာ တရုတ်နိုင်ငံ အလယ်ပိုင်း ဟူပေပြည်နယ်ကိုလည်း သီးခြားခွဲခြားခဲ့ပြီး အဲဒီမှာရှိတဲ့ စက်ရုံတွေကိုလည်း ပိတ်ခဲ့ရပါတယ်။

ကိုရိုနာဗိုင်းရပ်စ်ပျံ့နှံ့မှုကြောင့် ဖြစ်ပွားလာတဲ့ အကြောက်တရားတွေဟာ ရှယ်ယာဈေးကွက်မှာလည်း ကမောက်ကမတွေဖြစ်ခဲ့ပါတယ်။ သို့သော်လည်း စက်မှုထိပ်သီးနိုင်ငံများရဲ့ ကြေညာချက်မှာတော့ ဘယ်လိုမျိုးဆောင်ရွက်သွားမလဲဆိုတဲ့ အစီအစဉ်အသေးစိတ်ကိုဖော်ပြခြင်းတော့ မရှိသေးပါဘူး။ ဘဏ္ဍာရေးပိုင်းဆိုင်ရာနဲ့ အတိုးနှုန်းဖြတ်တောက်မှုတွေမှာယခင်ကထက်နှိုင်းစာရင် စိတ်ပျက်စရာကောင်းနေကြောင်း လန်ဒန်ရှိ စီးပွားရေးပညာရှင်တစ်ယောက်က သုံးသပ်ထားပါတယ်။

အင်္ဂလန်ဘဏ်ကလည်း ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားချိန်မှာ အင်္ဂလန်ရဲ့ စီးပွားရေးတောင့်တင်းဖို့ လိုအပ်တဲ့ဆောင်ရွက်မှုများကို လုပ်ဆောင်သွားမယ်ဆိုပြီး ပြောထားတာရှိပါတယ်။ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့နဲ့ ကမ္ဘာ့ဘဏ်တို့ကလည်း ပူးတွဲကြေညာချက်တစ်ရပ်ထုတ်ပြန်ခဲ့ပြီး ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့မှုကို ကူညီဖို့လုပ်ဆောင်သွားမယ်လို့ဖော်ပြထားပါတယ်။

လွန်ခဲ့တဲ့နှစ်က တရုတ်နိုင်ငံ ဟူပေပြည်နယ်မှာ စတင်လာတဲ့ ကိုရိုနာဗိုင်းရပ်စ်ဟာ ယခုအခါမှာတော့ လူပေါင်းတစ်သိန်းကျော် ကူးစက်ခံစားနေရပြီဖြစ်ပြီး နိုင်ငံပေါင်း ၁၁၄ နိုင်ငံကျော်အထိ ပျံ့နှံ့ရောက်ရှိနေပြီဖြစ်ပါတယ်။ ကိုရိုနာဗိုင်းရပ်စ်ကို လျှော့တွက်ထားတဲ့ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်အစိုးရအဖွဲ့ဟာ ကိုရိုနာဗိုင်းရပ်စ် ကာကွယ်ရေးလုပ်ငန်းများနဲ့ ပတ်သက်ပြီး အခုအခါမှာတော့ ဝေဖန်မှုတွေနဲ့ ရင်ဆိုင်နေရတာကို တွေ့မြင်နေရပါတယ်။

**ဆိုးရွားစွာထိခိုက်**

နိုဗယ်ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့မှုကြောင့် နိုင်ငံတကာရဲ့ စီးပွားရေးကိုပျက်စီးဆုံးရှုံးမှုတွေဖြစ်ပေါ်စေပါတယ်။ အထူးသဖြင့် ဟိုတယ်နဲ့ခရီးသွားလာရေးကဏ္ဍကို ဆိုးရွားစွာထိခိုက်သလို သယ်ယူပို့ဆောင်ရေးနဲ့ ကုန်သွယ်ရေးတွေကိုလည်း ဆိုးရွားစွာ ထိခိုက်မှုတွေဖြစ်ပေါ်စေပါတယ်။ ထို့အတူ တရုတ်နိုင်ငံ၏စီးပွားရေးကိုလည်း အကြီးအကျယ်ထိခိုက်စေသလို တစ်ကမ္ဘာလုံးရဲ့ စီးပွားရေးကိုလည်း ကျိန်းသေထိခိုက်စေမှာဖြစ်သလို အခုဆိုရင် အီတလီကိုလည်း ထိခိုက်လာပြီဖြစ်ပါတယ်။ အခုတော့အရာရာဟာ မသေချာမှုတွေဖြစ်လာပါပြီ။

**အေအက်ဖ်ပီ**

**“ကိုရိုနာဗိုင်းရပ်စ်ဟာ နိုင်ငံရေးသမားများအပါအဝင် ဆူကြုံနိမ့်မြင့်မရွေး လူသားအားလုံးကို ကူးစက်နိုင်ပါတယ်။ ဒါကြောင့် အမေရိကန်ဒီမိုကရက်တစ်ပါတီမှ သမ္မတလောင်းများအဖြစ် ရေပန်းစားနေတဲ့ ဘာနီးဆန်ဒါးနဲ့ ဂျိုးဘိုက်ဒန်တို့ဟာ သူတို့ရဲ့မဲဆွယ်စည်းရုံးရေးပွဲတွေကို ဖျက်သိမ်းခဲ့ပါတယ်။ ထို့အတူ ဗြိတိန်ကျန်းမာရေးဝန်ကြီး နာဒင်ဒေါရစ်ကိုလည်း ကိုရိုနာဗိုင်းရပ်စ်ပိုးရှိကြောင်း အတည်ပြုထားပါတယ်”**

## မန္တလေး၌ COVID-19 ရောဂါနှင့် ပတ်သက်၍ စောင့်ကြည့်စစ်ဆေးကုသရေး ညှိနှိုင်းအစည်းအဝေးကျင်းပ



**မန္တလေး မတ် ၁၃**

COVID-19 လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါနှင့်ပတ်သက်၍ စောင့်ကြည့်စစ်ဆေးကုသရေး တိုင်းဒေသကြီး ကြီးကြပ်မှုကော်မတီ (Surveillance and Respond Team–SRT) ၏ ၄/၂၀၂၀ ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးသုံးထပ်ဆောင်ရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။**(ယာပုံ)**

အဆိုပါ အစည်းအဝေးတွင် တိုင်းဒေသကြီး ခေတ္တဝန်ကြီးချုပ် ဦးဇာနည်အောင်က COVID-19 ရောဂါနှင့် ပတ်သက်၍ WHO မှ ကြေညာသည့် အတိမ်အနက်ကို ကြည့်ပြီး တိုင်းဒေသကြီးအတွင်း၌ COVID-19 ရောဂါဖြစ်ပွားလာခဲ့ပါက ကာကွယ်ထိန်းချုပ်ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများကို ခေါ်ယူ၍ ညှိနှိုင်းဆွေးနွေးခြင်းဖြစ်ကြောင်း၊ အကယ်၍ COVID-19 ရောဂါသည် မိမိတို့နိုင်ငံသို့ ရောက်ရှိလာပါက ထိန်းချုပ်ရန်အတွက် သီးသန့်ဆေးရုံများ လိုအပ်လာမည်ဖြစ်ကြောင်း၊ လက်ရှိတွင် ကန်တော်နဒီဆေးရုံအပြင် ကမ်းနားလမ်းရှိ ယခင်က ကူးစက်ရောဂါကုသရေးဆေးရုံအဖြစ်ထားရှိသည့် ဆေးရုံနှင့် ဟိုတယ်အဖြစ် မဆောင်ရွက်ဘဲ ထားရှိသည့် ၆၂ လမ်းပေါ်ရှိ နဒီမြန်မာဟိုတယ်များကိုလည်း လိုအပ်လာပါက သီးသန့်ဆေးရုံအဖြစ် ဆောင်ရွက်နိုင်ရေးအတွက် ဝန်ကြီးချုပ်၏ ညွှန်ကြားချက်ဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပြင်ဆင်နေကြောင်း၊ ယခုကာလအတွင်း၌ ဗိုင်းရပ်စ်ရောဂါကာကွယ်ရန် လူတစ်ဦးချင်းစီကလည်း ပွဲလမ်းသဘင်များနှင့် လူစုလူဝေးနေရာများသို့ အတတ်နိုင်ဆုံး ရှောင်ရှားစေလိုကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ပွဲလမ်းသဘင်များနှင့်ပတ်သက်၍ မဖြစ်မနေ ကျင်းပရန်ရှိပါကလည်း အချိန်နှင့် လူဦးရေလျှော့ချရန် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများသို့ အကြောင်းကြားထားပြီးဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးခေတ္တဝန်ကြီးချုပ်က သင်္ကြန်ပွဲတော်နှင့် ပတ်သက်၍ အထူးအလေးနက်ထား စဉ်းစားရမည်ဖြစ်ကြောင်း၊ သင်္ကြန်ပွဲတော်ကျင်းပရန် တစ်လခန့်သာ လိုတော့သည့် ကာလအတွင်း၌ နိုင်ငံသူ နိုင်ငံသားအားလုံးမှ COVID-19 ရောဂါကာကွယ်ထိန်းသိမ်းရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ပြည်ပနိုင်ငံများမှ ပြန်လာသူများရှိခဲ့ပါက အိမ်တွင်း၌ ၁၄ ရက်ကြာ နေထိုင်ကြရန်နှင့် ထူးခြားသည့် ကျန်းမာရေးအခြေအနေဖြစ်ပေါ်ခဲ့ပါက နီးစပ်ရာကျန်းမာရေးဌာနသို့ အမြန်ဆုံးသတင်းပို့ရန် ခရိုင်မြို့နယ်များရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများသို့ ညွှန်ကြားထားပြီးဖြစ်ကြောင်း၊ ယခုတက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုနေစဉ်ကာလတွင် ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများနှင့် ပညာရေးဝန်ထမ်းအားလုံးကို ရောဂါလက္ခဏာနှင့်ပတ်သက်သော ထောက်လှမ်းသည့်လုပ်ငန်းများကို လုပ်ကိုင်ပေးရန်နှင့် ထူးခြားသည့် ကျန်းမာရေးအခြေအနေများရှိခဲ့ပါက လိုအပ်သည့် ဆောင်ရွက်မှုများကို ချက်ချင်းလုပ်ဆောင်ပေးရန် တိုက်တွန်းပြောကြားခဲ့သည်။

ထို့နောက် COVID-19 ရောဂါစောင့်ကြည့်စစ်ဆေးကုသရေး တိုင်းဒေသကြီး ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဒေါက်တာရဲလွင်က SRT လုပ်ငန်းများနှင့် ပတ်သက်၍ ဆွေးနွေးပြီးနောက် SRT အတွင်းရေးမှူး ဒေါက်တာသန်းသန်းမြင့်က COVID-19 နှင့် ပတ်သက်၍ ကြိုတင်ကာကွယ်တားဆီးမှု လုပ်ငန်းဆောင်ရွက်နေမှုများနှင့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တက်ရောက်လာကြသော တိုင်းဒေသကြီးဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုအပ်မည့် အစီအမံများနှင့် စပ်လျဉ်း၍ အကြံပြု တင်ပြဆွေးနွေးကြသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## သထုံမြို့နယ်၌ အခြေခံအိမ်တွင်း လျှပ်စစ်သွယ်တန်းမှုသင်တန်း ဖွင့်လှစ်

**သထုံ မတ် ၁၃**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွန်ပြည်နယ် အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှကြီးမှူး၍ အခြေခံအိမ်တွင်း လျှပ်စစ်သွယ်တန်းမှုနည်းပညာသင်တန်းဖွင့်ပွဲ အခမ်းအနားကို မတ် ၁၁ ရက်က သထုံမြို့နယ် ဈေးမသွယ်ကျေးရွာ(ပအိုဝ်းစု)၌ ကျင်းပသည်။

သင်တန်းသို့ မွန်ပြည်နယ် ပအိုဝ်းတိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး နန်းစံဝင့်ခိုင်က အမှာစကား ပြောကြားပြီး ပြည်နယ်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်နွယ်နွယ်ဝါက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

သထုံမြို့အတွင်းရှိ ကျေးရွာများဖြစ်သည့် (ဒလပန်း၊ အင်းကွဲ၊ ရှမ်းစု၊ ကြက်တူ ရွေးတောင်၊ ဝါးကုတ် တော၊ အနန်းပင်၊ စခန်းကြီး၊ ဈေးမ သွယ်/အောက်) စသည့် ကျေးရွာများမှ သင်တန်းသား များ တက်ရောက်လျက်ရှိကြောင်း သိရသည်။



အဆိုပါသင်တန်း၌ အခြေခံလျှပ်စစ်သွယ်တန်းမှု နည်းပညာအမျိုးမျိုး သိရှိနားလည်စေရန်၊ အသက်အန္တရာယ် ဖြစ်စေနိုင်သောလွဲမှားသည့် လျှပ်စစ်ကြိုးသွယ်တန်းအသုံးပြုမှုများ မဖြစ်စေရန်၊ လက်သုံးကိရိယာများ မှန်ကန်စွာ အသုံးပြုနိုင်စေရန်နှင့် လျှပ်စစ်မီးမရရှိသေးသည့် အဆိုပါရွာများသို့ လျှပ်စစ်မီး သွယ်တန်းရောက်ရှိချိန်၌ မိမိတို့နေအိမ်တွင် လျှပ်စစ်အန္တရာယ်ကင်းရှင်းစွာ စနစ်တကျ သွယ်တန်းတပ်ဆင်နိုင်စေရန် ရည်ရွယ်၍ စာတွေ့/လက်တွေ့ စနစ်တကျ သင်ကြားသွားမည်ဖြစ်သည်။

သင်တန်းသို့ သင်တန်းသား ၂၅ ဦး တက်ရောက်လျက်ရှိကြောင်း၊ သင်တန်းကာလမှာ မတ် ၁၁ ရက်မှ ၂၀ ရက်အထိ ၁၀ ရက်ကြာ ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် အခမဲ့ဖွင့်လှစ်သင်ကြားလျက်ရှိကြောင်း သိရသည်။

**မောင်ရွှေဝင်း(ပြည်)**

## ဆီဆိုင်မြို့နယ်၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်နှင့် တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေး

**ဆီဆိုင် မတ် ၁၃**

ကျေးလက်နေပြည်သူများ ရာသီမရွေး သွားလာမှုအဆင်ပြေချောမွေ့စေရန်အတွက် ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ်အတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများအား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်လှသိန်း၊ မြို့နယ်တည်ဆောက်ရေး လုပ်ငန်းကြီးကြပ်မှုကော်မတီနှင့် အရည်အသွေးစစ်ဆေးရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်နိုင်နှင့် အဖွဲ့ဝင်များသည် မတ် ၁၁ ရက်က ကြည့်ရှုစစ်ဆေးသည်။

ကွင်းဆင်းစစ်ဆေးရာတွင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေ ၇၄ ဒသမ ၂၂ သန်းဖြင့် ဆီဆိုင်- စံကားလမ်း မူလ ကျောက်လမ်းအား ကတ္တရာလမ်း အဆင့်တိုးမြှင့်ခြင်းလုပ်ငန်းနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့တို့၏ ထောက်ပံ့မှု၊ ဒေသခံပြည်သူများ ပူးပေါင်းပါဝင်မှုတို့ဖြင့် ဆောင်ရွက်သည့် Clean and Green Cities အစီအစဉ်ဖြင့် ဆောင်ရွက်သော ဟိုခဲရပ်ကွက်၊ ပိတောက်လမ်းသွယ်(၂) အရှည် ပေ ၄၀၀ ၊ အကျယ် ၁၂ ပေ၊ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းများကို သတ်မှတ်အရည်အသွေးပြည့်မီ ရေး ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ခွန်ရဲထွေး(ဆီဆိုင်)**




## ကမ္ဘာ့ကျောက်မီးသွေးလောကနှင့် မြန်မာ့ကျောက်မီးသွေး စာအုပ်ထွက်ရှိ




**ရန်ကုန် မတ် ၁၃**

ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ စာပေဗိမာန်က ၂၀၁၇ ခုနှစ်အတွက် စာပေဗိမာန်စာမူဆု၊ သုတပဒေသာ(သိပ္ပံ) ပထမဆုရရှိသည့် စာရေးဆရာ ပန်းတနော် ခင်မောင်မြင့်၏ "ကမ္ဘာ့ကျောက်မီးသွေးလောကနှင့် မြန်မာ့ကျောက်မီးသွေး"စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် စွမ်းအင်အရင်းအမြစ် အမျိုးမျိုးအနက် ကျောက်မီးသွေး ဖြစ်ပေါ်လာပုံနှင့် တူးဖော်ပုံ၊ အခြားလောင်စာများနှင့် စာလျှင် အကုန်အကျသက်သာပြီး ကမ္ဘာ့နိုင်ငံအတော်များများတွင် အလွယ်တကူရရှိနိုင်၍ ပတ်ဝန်းကျင်ထိခိုက်မှုနည်းနိုင်သမျှ နည်းအောင်သန့်ရှင်းသော ကျောက်မီးသွေးနည်းပညာသုံး၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်နေကြပုံ၊ မြန်မာနိုင်ငံတွင်လည်း ကမ္ဘာ့အခြေအနေ၊ နိုင်ငံ၏စီးပွားရေးနှင့် နည်းပညာအခြေအနေနှင့် စွမ်းအင်လိုအပ်ချက်အခြေအနေများအရ သန့်ရှင်းသော ကျောက်မီးသွေးနည်းပညာဖြင့် လျှပ်စစ်ဓာတ်ထုတ်ယူသင့်ပုံတို့ကို အချက်အလက်ပြည့်ပြည့်စုံစုံဖြင့် ရေးသားထားသော စာအုပ်ကောင်းတစ်အုပ်ဖြစ်ပါသည်။

အဆိုပါစာအုပ်ကို ရောင်းဈေးငွေကျပ် ၁၅၀၀ ဖြင့် အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၁- ၂၄၉၀၃၁၊ ၀၁- ၃၈၁၄၄၈)၊ အမှတ် (တ-၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၆၇-၃၄၁၄၆၈၁)၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၂-၄၀၃၀၁၈၆)နှင့် အမြို့မြို့ရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉- ၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်၊ အရောင်းဌာန (ဖုန်း ၀၁- ၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈)တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

## စာပေဗိမာန်စာအုပ်အသင်း စာအုပ်ဖြန့်ချိ

**ရန်ကုန် မတ် ၁၃**

ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ စာပေဗိမာန်စာအုပ်အသင်းက ၂၀၁၇ ခုနှစ်၊ စာပေဗိမာန်စာမူဆု၊ ဘာသာပြန်စာပေ ပထမဆုရ " ဒီပံလင်း" ရေးသားသည့် " ကမ္ဘာသားအားလုံးအတွက် စိန်ခေါ်ချက်များ" စာအုပ်ကို စာအုပ်အသင်း၏ ၂၀၂၀ ပြည့်နှစ် မတ်လအသင်းပေးစာအုပ်အဖြစ် စာအုပ်အသင်းဝင်များသို့ ဖြန့်ချိလျက်ရှိပါသည်။ ရန်ကုန်မြို့ရှိ စာအုပ်အသင်းဝင်များသည် အမှတ် (၅၂၉/၅၃၁)၊ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်အသင်းတွင် လာရောက်ထုတ်ယူနိုင်ပြီး ကျန်အသင်းဝင်များသို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ရုံးများမှတစ်ဆင့် လည်းကောင်း၊ စာတိုက်မှတစ်ဆင့်လည်းကောင်း ပေးပို့လျက်ရှိပါသည်။

စာပေဗိမာန်အသင်းဝင်လိုပါက အတွင်းရေးမှူး၊ စာပေဗိမာန်စာအုပ်အသင်း အမှတ်(၅၂၉/၅၃၁)၊ ကုန်သည်လမ်း ရန်ကုန်မြို့၊ ဖုန်း ၀၁-၂၄၉၀၃၁၊ ၃၈၁၄၄၈ သို့ လိပ်မူ၍ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

## တရားရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အတွေ့အကြုံ ထပ်ဆင့်ရှင်းလင်းပွဲကျင်းပ

**မကွေး မတ် ၁၃**


ပြည်ထောင်စုတရားလွှတ်တော်ချုပ် နေပြည်တော်တွင်ကျင်းပခဲ့သော ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်တရားလွှတ်တော်များ၊ ခရိုင်တရားရုံးများ၏ (၁၈)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး အတွေ့အကြုံ ထပ်ဆင့်ရှင်းလင်းသည့်အခမ်းအနားကို မတ်လပထမပတ်က မကွေးတိုင်းဒေသကြီးတရားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးစိန်ထွန်းက ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ၏ မှာကြားချက်များကို ထပ်ဆင့်ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ဦးမြင့်သိန်းနှင့် တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ဒေါ်နုယဉ်တို့ကတရား စီရင်ရေးကိစ္စရပ်များနှင့် ပတ်သက်၍လည်းကောင်း၊ တိုင်းဒေသကြီးတရားရေးဦးစီးမှူး ဒေါ်စိုးညာဏ်က တရားရုံးစီမံရေးရာ၊ထောက်ပံ့နှင့်ငွေစာရင်းရေးရာ ကိစ္စရပ်များနှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

**သန်းနိုင်ဦး(ငဖဲ)**

# ဧရာဝတီတိုင်းဒေသကြီး ရွှေလောင်းကြိုးတံတားအား သံကူကွန်ကရစ်တံတားအဆင့်မြှင့်တင်



ရွှေလောင်း တံတားတည်ဆောက်နေမှုကို တွေ့ရစဉ်။

**ရန်ကုန် မတ် ၁၃**

ရွှေလောင်းကြိုးတံတားအား သံကူကွန်ကရစ်တံတားအဖြစ် အစားထိုးအဆင့်မြှင့်တင်တည်ဆောက်ရေးလုပ်ငန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားအထူးအဖွဲ့ (၁၅)က တာဝန်ယူ၍ ဆောင်ရွက်လျက်ရှိရာ ယခုအခါ တံတား တစ်စင်းလုံး တည်ဆောက်မှုလုပ်ငန်း ၅၅ ရာခိုင်နှုန်း ပြီးစီး ပြီဖြစ်သည်ဟု သိရသည်။

ရွှေလောင်းကြိုးတံတားကို ဆောက်လုပ်ရေးဝန်ကြီး ဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ယူ၍ ၂၀၀၀ ပြည့်နှစ် ဇူလိုင် ၈ ရက်တွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၀၂ ခုနှစ် မတ် ၂၁ ရက်၌ ဖွင့်လှစ်အသုံးပြုခဲ့သည်။

တံတားတစ်စင်းလုံးအရှည်မှာ ပေ ၁၉၀၀ (၅၇၉.၁ ဒသမ ၁၂ မီတာ) ဖြစ်ပြီး ချဉ်းကပ်တံတားအရှည် ရန်ကုန် ဘက်ကမ်း ၂၁၃ ဒသမ ၃၆ မီတာ (ပေ ၇၀၀ )၊ ရွှေလောင်း ဘက်ကမ်း ၂၁၃ ဒသမ ၃၆ မီတာ (ပေ ၇၀၀ ) ရှိပြီး မူလ ပင်မကြိုးတံတားခန်းဖွင့်မှာ ၁၅၂ ဒသမ ၄၀ မီတာ (ပေ ၅၀၀) ဖြစ်သည်။

မူလခွင့်ပြုအလေးချိန်မှာ ၃၆ တန်ဖြစ်ပြီး ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းကျပြီးနောက်ပိုင်း၌ ပင်မကြိုးတံတား၏ ခံနိုင်ရည် ကျဆင်းလာသဖြင့် တန် ၂၀ ထိသာ ခွင့်ပြု ထားခဲ့ရာမှ မြောင်းမြကြိုးတံတား ပြတ်ကျခဲ့သည့် ဖြစ်စဉ် ကြောင့် တံတား၏ ကြံ့ခိုင်မှုကို သိရှိနိုင်ရန် ဆောက်လုပ်ရေး ဝန်ကြီးဌာန တံတားဦးစီးဌာနမှ အင်ဂျင်နီယာများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Highway Construction Association(CHCA) နှင့် China Road and Bridge Corporation (CRBC) မှ ကျွမ်းကျင်ပညာရှင်များပူးပေါင်း၍ တိုင်းတာစစ်ဆေးမှုများကို ဆောင်ရွက်ခဲ့ကြသည်။

စစ်ဆေးမှုများပြုလုပ်ပြီးနောက် ရရှိလာသောရလဒ် များအပေါ်အခြေခံ၍ ပင်မကြိုးတံတား၏ ကြံ့ခိုင် မှုကို အဆင့် (၅)အဖြစ် သတ်မှတ်ပြီး လက်ရှိခွင့်ပြု ထားသော တန်၂၀အား လျှော့၍ ၁၀ တန်အထိသာ ခွင့်ပြုသွားရန် သတ်မှတ်ခဲ့သည်။

ထိုသို့ခံနိုင်ရည်အား ကျဆင်းလာခြင်း ကြောင့် တံတားပေါ်တွင် ကုန်တင်ယာဉ်ကြီးများ ဖြတ်သန်းသွားလာနိုင်မှု မပြုနိုင်ပါသဖြင့် ဆောက် လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တံတား အထူးအဖွဲ့ (၁၅) မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှ စတင်ပြီး ပင်မကြိုးတံတားအားဖြုတ်သိမ်း၍ ယာဉ်တစ်စီးချင်း ၇၅ တန် ခံနိုင်ရည်ရှိသော Steel Box Girder ခန်းဖွင့် (၄၁ ဒသမ ၂ မီတာ+ ၇၀ မီတာ+ ၄၁ ဒသမ ၂ မီတာ)= ၁၅၂ ဒသမ ၄ မီတာ (ပေ ၅၀၀) + သံကူကွန်ကရစ်တံတား အမျိုးအစားအဖြစ် အဆင့်မြှင့်တင်တည်ဆောက် ခဲ့ခြင်းဖြစ်သည်။

ရွှေလောင်းတံတားအဆင့်မြှင့်တင်ခြင်း စီမံ ကိန်းသည် ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မ မြို့နယ် ပန်းတနော်-ရွှေလောင်း - ဝါးခယ်မ- ကျုံမငေးလမ်း မိုင်တိုင်အမှတ် (၂၁/၀) ရှိ ရွှေလောင်းမြစ်ပေါ်၌ဖြတ်ပြီး ယာဉ်သွားလမ်း အကျယ် ၂၄ ပေ၊ လူသွားလမ်းအကျယ်တစ်ဖက် သုံးပေ၊ ရေလမ်းကင်းလွတ်အမြင့် ၂၉ ဒသမ ၅၂ ပေ၊ ခန့်မှန်းတန်ဖိုးငွေကျပ်သန်း ၅၄၃၅ ဒသမ ၇၀ အကုန်အကျခံကာ ၂၀၂၀ ပြည့်နှစ် ဇူလိုင် ၃၁ ရက်တွင် အပြီးတည်ဆောက် မည်ဖြစ်ကြောင်း သိရသည်။

ခရမ်းစိုးမြင့်

# ကန်ပက်လက်မြို့နယ် ပူစောကျေးရွာ၌ ကြိုးတံတားတည်ဆောက်မှု ၈၀ ရာခိုင်နှုန်းပြီးစီး

**ကန်ပက်လက် မတ် ၁၃**

ချင်းပြည်နယ် ကန်ပက်လက်မြို့နယ် ခေါက်ပုံကျင်းကျေးရွာတွင် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်ပေး လျက်ရှိသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ထောက်ပံ့ရန်ပုံငွေ၊ လွှတ်တော်ရန်ပုံငွေ၊ ပြည်သူထည့်ဝင်ငွေများဖြင့် ဆောင်ရွက်လျက်ရှိသော ပူစောကျေးရွာကြိုးတံတား တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို မတ် ၁၀ ရက်က တာဝန်ရှိသူများ စစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးရာတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးကွီးထန်း၊ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးထန်းအွမ်နှင့် ဝန်ထမ်းများ၊ သက်ဆိုင်ရာကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် များက ပူစော ကျေးရွာ ကြိုးတံတားတည်ဆောက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေး ကာ သတ်မှတ်စံချိန်စံညွှန်း ပြည့်မီစွာဖြင့် အချိန်မီပြီးစီးရေး ဆွေးနွေးမှာကြား ခဲ့သည်။

ကန်ပက်လက်မြို့နယ်အတွင်းရှိ ကျေးရွာများသည် တောင်ပေါ်ဒေသ ဖြစ်သည့်အတွက် မိုးရာသီတွင် လမ်းပန်းဆက်သွယ်ရေး သွားလာရခက်ခဲ့ကြောင်း၊ အဆိုပါ ခေါက်ပုံကျင်းကျေးရွာ ကြိုးတံတားတည်ဆောက်ခြင်းလုပ်ငန်း ဆောင် ရွက်ပြီးစီးပါက ယင်းကျေးရွာအနီးရှိ ပန်းတောင်၊ ရောင်တွီး၊ ငရှောင်၊ လာလျှင်ဖုံကျင်းကျေးရွာရှိ အိမ်ခြေ ၁၂၃ အိမ်၊ လူဦးရေ ၇၈၂ ဦးတို့၏ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးများ အတွက် အကျိုးပြုမည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးက ပြောသည်။

အဆိုပါ ခေါက်ပုံကျင်းကျေးရွာ ကြိုးတံတားအရှည် ပေ ၃၈၀၊ အကျယ် ၄ ဒသမ ၅ ပေ၊ အမြင့်ပေ ၃၀ တည်ဆောက်ခြင်း လုပ်ငန်းကို မြို့နယ်ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း ထောက်ပံ့ရန်ပုံငွေ ကျပ်သိန်း ၁၀၀ ၊ လွှတ်တော် ရန်ပုံငွေ ကျပ်သိန်း ၄၀၊ ပြည်သူထည့်ဝင်ငွေကျပ်သိန်း ၅၀ တို့ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ၈၀ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

စိုးမိုးကျော်

# ရေကြောင်းသတိပေးချက်

**နေပြည်တော် မတ် ၁၃**

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်း များတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော POSCO Daewoo Corporation (Myanmar E&P) သည် ရွှေသဘာဝဓာတ်ငွေ့လုပ်ငန်းများ နှင့် သက်ဆိုင်သည့် Pipeline Free Span Rectification လုပ်ငန်းများကို ရွှေပလက်ဖောင်းမှ near shore Kyaukphyu တစ်လျှောက် MV. PACIFIC RAPIER (Call Sign: 9V5943) ရေယာဉ်ဖြင့် Point A. မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၉ မိနစ် ၂၃ ဒသမ ၈၉၂ စက္ကန့် ၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၁၈ မိနစ် ၅၀ ဒသမ ၂၉၂ စက္ကန့်၊ Point B. မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၆ မိနစ် ၂၅ ဒသမ ၅၈၄ စက္ကန့် ၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၂၉ မိနစ် ၅၅ ဒသမ ၂၄၈ စက္ကန့်၊ Point C. မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၅ မိနစ် ၃၀ ဒသမ ၇၉၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၂၉ မိနစ် ၃၃ ဒသမ ၀၀၀ စက္ကန့်၊ Point D. မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၈ မိနစ် ၂၅ ဒသမ ၆၀၈ စက္ကန့်၊ အရှေ့ လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၁၈ မိနစ် ၂၆ ဒသမ ၇၈၄ စက္ကန့်တို့တွင် ဆောင်ရွက် သွားမည်ဖြစ်သည်။

ထို့ကြောင့် မတ် ၁၆ ရက်မှ မတ် ၃၁ ရက်အထိ လုပ်ငန်းဆောင်ရွက်နေစဉ် လုပ်ငန်းကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါ လုပ်ငန်းခွင် ဧရိယာမှ ၄ ကီလိုမီတာပတ်လည်အတွင်း ရေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာထား၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်းနှင့် ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းကိရိယာများချထား ခြင်းများမပြုလုပ်ကြရန် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ အသိပေးကြေညာထားကြောင်း သိရသည်။

သတင်းစဉ်

# ရေကြောင်းသတိပေးချက်

**နေပြည်တော် မတ် ၁၃**

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေး လုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော Berlanga Myanmar Pte.Ltd သည် ကမ်းလွန်လုပ်ကွက်အမှတ် M-8 တွင် ရေနံရှာဖွေ တွင်းတူးဖော်ရေးလုပ်ငန်းများကို Semi-Submersible Drilling Rig; NOBLE CLYDE BOUDREAUX (Call Sign: A8BM6) ရေယာဉ်ဖြင့် WS-B ၌ မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၉ မိနစ် ၀၀ ဒသမ ၈၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၃၀ မိနစ် ၄၇ ဒသမ ၀၆ စက္ကန့်တွင် ဆောင်ရွက်သွားမည်ဖြစ်သည်။

ထို့ကြောင့် မတ် ၁၆ ရက်မှ ၃၀ ရက်အထိ လုပ်ငန်းဆောင်ရွက်နေစဉ် လုပ်ငန်းကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါ လုပ်ငန်းခွင် ဧရိယာမှ ၅ မိုင် ပတ်လည်အတွင်း ရေကြောင်းသတိပေးချက် ထုတ်ပြန် ကြေညာထား၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘော များ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်းနှင့် ကျောက်ချရပ်နား ထားခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်းများ မပြုလုပ် ကြရန် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ အသိပေးကြေညာ ထားကြောင်း သိရသည်။

သတင်းစဉ်

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၃-၃-၂၀၂၀

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၉၇၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၂၆၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၉၇၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၂၆၆၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၆၁၀/၇၀၀ | ကျပ် | ၆၇၀/၇၀၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၆၂၀/၇၁၀ | ကျပ် | ၆၈၅/၇၁၅ | ကျပ် |
| အောက်တိန်း ၉၂ | ၅၆၀/၆၃၀ | ကျပ် | ၆၃၀/၆၆၀ | ကျပ် |
| အောက်တိန်း ၉၅ | ၆၈၀/၇၅၀ | ကျပ် | ၇၆၅/၇၉၅ | ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၀၉ . ၆ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၇၉ . ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၀၀ . ၅ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၇၅ . ၄ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၃၂ . ၁ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၈၈၆ . ၇၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၀၁ . ၆၈ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၉ . ၀၆၈ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၅ . ၇၁ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၈ . ၇၇ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၄ . ၂၈၅ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁၅၀၀ | ၁၁၀၀၀ | ၂၈၆၅ | ၃၂၀၉၇၅၀၀ |
| MTSH | ၃၈၅၀ | ၃၈၀၀ | ၁၆၂၁၃ | ၆၁၈၄၈၅၅၀ |
| MCB | ၈၂၀၀ | ၈၂၀၀ | ၉၅၂ | ၇၈၀၆၄၀၀ |
| FPB | ၂၂၅၀၀ | ၂၂၀၀၀ | ၈၉၉ | ၁၉၈၀၅၅၀၀ |
| TMH | ၂၈၅၀ | ၂၈၅၀ | ၈၆၅ | ၂၄၆၅၂၅၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - စိုးစိုးနိုင်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ
အကြီးတန်း သတင်းထောက်များ - ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်လင်းအောင်၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်း သတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm



မကွေး ပါရာဒီဆိုရုပ်ရှင်ရုံကို တိုင်းဒေသကြီး သယံဇာတ၊ သဘာဝပတ်ဝန်းကျင်၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီး ဦးမြင့်ဇော်၊ တိုင်းဒေသကြီး ဥပဒေချုပ် ဦးဆန်းလင်း၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးနာယက ရုပ်ရှင်သရုပ်ဆောင် ဦးအောင်လွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

# ပါရာဒီဆို ရုပ်ရှင်ရုံသစ်များ မကွေးမြို့နှင့် အောင်လံမြို့တို့တွင် ဖွင့်လှစ်

**ရန်ကုန် မတ် ၁၃**

မကွေး ပါရာဒီဆိုရုပ်ရှင်ရုံဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီက မကွေးတိုင်းဒေသကြီး မကွေးမြို့ တောင်တွင်းကြီးလမ်းမကြီး အောင်စေတနာ(A) ရပ်ကွက်ရှိ ယင်းရုပ်ရှင်ရုံနေရာတွင် ကျင်းပရာ တိုင်းဒေသကြီး သယံဇာတ၊ သဘာဝပတ်ဝန်းကျင်၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီး ဦးမြင့်ဇော်၊ တိုင်းဒေသကြီး ဥပဒေချုပ် ဦးဆန်းလင်း၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး နာယက ရုပ်ရှင်သရုပ်ဆောင် ဦးအောင်လွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

**ရုပ်ရှင်ဇာတ်ကားနမူနာပြသ**

အခမ်းအနားတွင် တိုင်းဒေသကြီး ဥပဒေချုပ် ဦးဆန်းလင်းက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ နာယက ရုပ်ရှင်သရုပ်ဆောင် ဦးအောင်လွင်က ကျေးဇူးတင်စကား ပြောကြားကာ ရုပ်ရှင်ဇာတ်ကားနမူနာ ပြသခြင်း၊ တက်ရောက်လာသည့် ဧည့်ပရိသတ်များနှင့်စာနယ်ဇင်းများက သိလိုသည့် မေးမြန်းခြင်းများအပေါ် တာဝန်ရှိသူများက ပြန်လည်ဖြေကြားခြင်းများ ဆောင်ရွက်ကြသည်။

ဆက်လက်၍ အောင်လံပါရာဒီဆို ရုပ်ရှင်ရုံဖွင့်ပွဲကို မွန်းတည့် ၁၂ နာရီတွင် အောင်လံမြို့နယ် ပြည်လမ်းစမ်းချောင်းရပ်ကွက်ရှိ ယင်းရုပ်ရှင်ရုံနေရာတွင် ကျင်းပရာ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာ ခင်မောင်အေး၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်မျိုးလတ်၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးနာယက ရုပ်ရှင်သရုပ်ဆောင် ဦးအောင်လွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး လူမှုရေးဝန်ကြီးက အမှာစကားပြောကြားခြင်း၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ နာယက ရုပ်ရှင်သရုပ်ဆောင် ဦးအောင်လွင်က ကျေးဇူးတင်စကားပြောကြားခြင်းများ ဆောင်ရွက်ကြသည်။

**ပိတ်ကား၂၁၃ ခုအထိ တိုးတက်လာ**

မကွေးတိုင်းဒေသကြီးတွင် ပါရာဒီဆိုရုပ်ရှင်ရုံအုပ်စုမှ ဒစ်ဂျစ်တယ်စနစ်ဖြင့် ပြသသည့် ရုပ်ရှင်ရုံနှင့် ပိတ်ကားအရေအတွက် နှစ်ခုနှင့် အခြားရုပ်ရှင်ရုံနှင့် ပိတ်ကားအရေအတွက် ခြောက်ခုရှိသဖြင့် စုစုပေါင်း ရှစ်ခုအထိ ရှိလာပြီဖြစ်ကြောင်း၊ ယခုအခါ မြန်မာတစ်နိုင်ငံလုံးတွင် ဒစ်ဂျစ်တယ်စနစ်ဖြင့် ပြသသည့် ရုပ်ရှင်ရုံနှင့် ပိတ်ကားအရေအတွက် စုစုပေါင်းမှာ ၂၁၃ ခုအထိ တိုးတက်လာပြီဖြစ်ကြောင်း သိရသည်။

**ကျော်စွာသိန်း (FDC)**

# လူငယ်မျိုးဆက်သစ် မြန်မာသံတေးသံရှင် ထက်အာကာကျော်၏ တေးစီးရီးထွက်ရှိ

ဂီတစာဆို မောင်မျိုးသူ ရေးသားစီစဉ်ပြီး မျိုးဆက်သစ် မြန်မာသံတေးသံရှင် ထက်အာကာကျော် သီဆိုထားသည့် "ကုသိုလ်အကျိုးဆောင်" တေးစီးရီး ဒီဗီဒီ ကာရာအိုကေထွက်ရှိမည့်အကြောင်း စာနယ်ဇင်းမိတ်ဆက်ပွဲကို မတ်လ ၁၁ ရက် မွန်းလွဲပိုင်းက မြန်မာနိုင်ငံဂီတအစည်းအရုံး၌ ကျင်းပသည်။

**မြန်မာသံစဉ်တွေကို ခုံမင်**

"အသက်က ဆယ့်သုံးနှစ်ပြည့်ပါပြီ။ ဂီတကို အလွန်ဝါသနာပါပါတယ်။ အထူးသဖြင့် မြန်မာသံစဉ်တွေကို ခုံမင်ပါတယ်။ ယဉ်ကျေးလိမ္မာ သင်တန်းတွေ တက်ရောက်ခဲ့ပြီးတော့ ဓမ္မတေးသီချင်းတွေကို သီဆိုခွင့်ရခဲ့တယ်။ တေးသံရှင် ဆရာ ဇော်မင်းဟန်တို့နဲ့တွေ့ပြီး မြန်မာ့အသံမှာလည်း သီချင်းတွေ သီဆိုခဲ့ရပါတယ်။ ကြယ်ကလေးတို့ရဲ့ ဂီတမိုးကောင်းကင် အဆိုပြိုင်ပွဲကိုလည်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ဖူးပါတယ်။ အဆိုပြိုင်ပွဲတွေကရတဲ့ အတွေ့အကြုံတွေနဲ့ "ကုသိုလ်အကျိုးဆောင်" တေးစီးရီးလေးကို အကောင်းဆုံးကြိုးစားသီဆိုထားပါတယ်။ ပရိသတ်တွေအနေနဲ့ကျွန်တော့်ကို ဝေဖန်ပေးစေချင်ပါတယ်" ဟု တေးသံရှင် ထက်အာကာကျော်က ပြောသည်။

**မတ်လအတွင်း ဖြန့်ချိသွားမည်**

ဂီတစာဆို မောင်မျိုးသူ ရေးစပ်ထားသော ပရဟိတသီချင်း ၁၂ ပုဒ် ပါဝင်ကာ ဒါရိုက်တာ မောင်မျိုးသူ (စုံနံ့သာ) က ဒီဗီဒီကာရာအိုကေအဖြစ် ရိုက်ကူးပေးထားခြင်းဖြစ်ပြီး ၂၀၂၀ ပြည့်နှစ် မတ်လအတွင်း ရှမ်းလေးဗွီဒီယို ထုတ်လုပ်ရေးမှ ဖြန့်ချိသွားမည်ဟုသိရသည်။

**ကိုလင်း**



မြန်မာသံတေးသံရှင် ထက်အာကာကျော်

# "ရွှေပင်လယ်ဆီးသော်လည်း"နှင့် "စစ်တပ်မရှိတဲ့ဘုရင်" စာအုပ်များ မိတ်ဆက်ပွဲ ကျင်းပ

**ရန်ကုန် မတ် ၁၃**

ဆရာမကြီး ကြူကြူသင်း၏ "ရွှေပင်လယ်ဆီးသော်လည်း" မဂ္ဂဇင်း ဝတ္ထုရှည်များ စာအုပ်နှင့် ဆရာ နန်းရွှေလီကြိုင်(မိုင်းပန်)၏ "စစ်တပ်မရှိတဲ့ ဘုရင်နှင့် ရသစာစုများ" စာအုပ်မိတ်ဆက်ပွဲကို ယနေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ရွှေဥဒေါင်းခန်းမ၌ ကျင်းပသည်။

မိတ်ဆက်ပွဲတွင် ဆရာမော်ဝန်း ကြည်မြတ်၊ ဆရာမ ခင်လှိုင်ကြူနှင့် ဆရာမ စမ်းစမ်းနွဲ့ (သာယာဝတီ) တို့က မုဒိတာစကားများ ပြောကြားကြပြီး ဆရာ နန်းရွှေလီကြိုင် (မိုင်းပန်) နှင့် ဆရာမကြီး ကြူကြူသင်းတို့က စာအုပ်များအကြောင်းကို မိတ်ဆက်ပြောကြားကြသည်။

"ရွှေပင်လယ်ဆီးသော်လည်း" မဂ္ဂဇင်းဝတ္ထုရှည်များ စာအုပ်ကို ငွေကျပ် ၃၀၀၀ နှုန်းနှင့် "စစ်တပ်မရှိတဲ့ ဘုရင်နှင့် ရသစာစုများ" စာအုပ်ကို ငွေကျပ် ၃၅၀၀ နှုန်းဖြင့် ကောင်းကင်မေ စာပေတိုက်က ဖြန့်ချိသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုကိုအေး**

# တေးသံရှင် ဖိုးပြည့် (ကိုယ်စောင့်နတ် ) နှင့် တွေ့ဆုံခြင်း

"ကိုယ်စောင့်နတ်" တေးသီချင်းဖြင့် ပရိသတ်အားပေးမှု ရရှိခဲ့သော ဖိုးပြည့်က ဒုတိယတစ်ကိုယ်တော် တေးအယ်လ်ဘမ်ထွက်ရန် ပြင်ဆင်နေပြီး ယင်းတေးစီးရီးထွက်မည့် အကြောင်းနှင့်အတူ အနုပညာအပေါ် ခံယူထားရှိသည့် အချက်များကို ယခုလို မေးမြန်းဖြစ်ခဲ့သည် ။

**မေး။ ။ အခုအချိန်မှာ ဘယ်လို အကြောင်းအရာတွေ သီဆိုဖြစ် သလဲ။ လက်ရှိ ဂီတလောက အခြေအနေကရော။**

ဖြေ။ ။ အကြောင်းအရာတွေကတော့ အစုံပါပဲ။ တစ်ယောက်နဲ့ တစ်ယောက်မတူပါဘူး။ အချစ် အကြောင်းတို့၊ ဘဝအကြောင်းတို့ပါသလို ပေါ့ပေါ့ပါးပါးလည်း ပါပါတယ်။ ဂီတလောက အခြေအနေ ကတော့ သီချင်းခွေတစ်ခွေလုပ်ပြီး သွားရင်တော့ ငြိမ်ငြိမ်နေပါတယ်။ ခွေထွက်ပြီးရင် ပြန်ငြိမ်သလို ဖြစ်နေတယ်လို့ပဲ ပြောချင်ပါတယ်။

**မေး။ ။ ဇာတ်ဝင်တေးအနေနဲ့ ဘယ်နှပုဒ်လောက် ရောင်းဖြစ်သလဲ။**

ဖြေ။ ။ ကျွန်တော်က ဝက်ပါရှင်းတမ်း ဇာတ်လမ်းတွဲမှာ Theme Song ဇာတ်ဝင်တေး သီဆိုဖြစ်ပါတယ်။ ကျွန်တော်ရဲ့ "ကိုယ်စောင့်နတ်" သီချင်းတစ်ပုဒ်ပဲ ရောင်းဖြစ်ပါတယ်။ အများကြီး ရောင်းရင်လည်း သိပ်မကောင်းဘူးလေ။ ဇာတ်ကား နှစ်ကား၊ သုံးကားလောက်တော့ သီချင်းရောင်းထားပါတယ်။



တေးသံရှင် ဖိုးပြည့်

**မေး။ ။ Second Album ထွက်ဖို့ ရော ရှိမလား။**

ဖြေ။ ။ ကျွန်တော့်ရဲ့ ဒုတိယတစ်ကိုယ်တော် အခွေကတော့ အောက်တိုဘာလမှာ ထွက်ဖို့ရှိပါတယ်။ ကျွန်တော့်မွေးနေ့မှာ ထွက်ဖြစ်ဖို့ ကြိုးစားနေပါတယ်။ ဂီတပိုင်းကိုတော့ အရင်အခွေလိုပဲ ကိုယ်လုပ်နိုင်သလောက်လေး ကြိုးစားလုပ်ဆောင်သွားမှာပါ။

**မေး။ ။ ခုရော COVID – 19 ရောဂါကြောင့် ရှိုးပွဲသီဆိုရတဲ့ အခြေအနေကရော။**

ဖြေ။ ။ ကျွန်တော်နဲ့ သူငယ်ချင်းတွေ Band နဲ့ တီးခတ်သီဆိုဖို့ပါပဲ။ ဒီ COVID – 19 ရောဂါကြောင့် ဖျော်ဖြေပွဲတွေ ပျက်သွားတယ်။ ပွဲတွေ လွတ်သွားတယ်။ နှာခေါင်းပိတ်ပြီး သီချင်းဆိုရင်တော့ အောက်မှာဘယ်သူမှရှိမယ် မထင်မိဘူး။ ဒါပေမယ့် ကျန်းမာရေးက ပိုအရေးကြီးတာပါ။

**မေး။ ။ လက်ရှိအချစ်ရေးကိုရော ပြောလို့ရပြီလား။**

ဖြေ။ ။ အချစ်ရေးက ဝါးတားတားပဲ။ မျက်လုံးနဲ့တူတယ်။ အဝေးကဆိုရင် မှုန်နေတယ်။ အနီးကလည်း မမြင်ရဘူး (ရယ်လျက်) ရန်ကုန်သူတွေကတော့ ကြည့်လိုက်တိုင်း တွေ့တယ်။ ဒါပေမယ့် ကိုယ့်အချစ်တော့ မဟုတ်ဘူး ဖြစ်နေတယ်။

တကယ်လို့ ကိုရီးယားဇာတ်လမ်းထဲကလို မိန်းကလေးကလာပြောမယ်ဆိုရင် အဆင်ပြေမှာ။ ကျွန်တော်ကလည်း သူ့ကိုမပြောဖြစ်ဘူး။ သူ့ကလည်း ကျွန်တော့်ကို လာမပြောဘူး ဖြစ်နေတယ်။ သူ့ဘက်က လာပြောရင်တော့ ကျွန်တော့်အချစ်ရေးအတွက် ထီပေါက်သလို ဖြစ်သွားမှာပါ။

ပရိသတ်တွေကို ပျော်စေချင်လို့ ရယ်စရာပြောတာပါ။ အားလုံးပဲပျော်ရွှင်ပါစေလို့ ဆုတောင်းပေးပါတယ်။

**ကိုလင်း**

# မြန်မာနိုင်ငံ၏ ဆန်စပါးမျိုး မွေးမြူရွေးချယ်ရေးကဏ္ဍမြှင့်တင်ခြင်းဆိုင်ရာ အစည်းအဝေးကျင်းပ

**နေပြည်တော် မတ် ၁၃**

စိုက်ပျိုးရေးသုတေသနဦးစီးဌာန (DAR) နှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် မီဇအချက်အလက်နည်းပညာများကိုအသုံးပြု၍ မြန်မာနိုင်ငံ၏ ဆန်စပါးမျိုး မွေးမြူရွေးချယ်ရေးကဏ္ဍမြှင့်တင်ခြင်းစီမံကိန်းအစီအစဉ်အရ ကျင်းပသည့် ဒုတိယအကြိမ် ပူးပေါင်းညှိနှိုင်းရေး ကော်မတီအစည်းအဝေးကို မတ်လပထမပတ်က စိုက်ပျိုးရေးသုတေသနဦးစီးဌာန Farmer Channel အစည်းအဝေးခန်းမ၌ ကျင်းပသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် (လယ်ယာကဏ္ဍ) ဦးကျော်မင်းဦးက အမှာစကားပြောကြားပြီး စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာနိုင်ကြည်ဝင်းက စီမံကိန်းကို ၂၀၁၈ ခုနှစ်မှစတင်၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး စီမံကိန်းတာဝန်ခံများနှင့် အဖွဲ့ဝင်များမှ အချိတ်အဆက်မိမိ ဆောင်ရွက်သွားမှသာ စီမံကိန်းကို အောင်မြင်စွာအကောင်အထည်ဖော်နိုင်မည်ဖြစ်ကြောင်း၊ စီမံကိန်းကာလအတွင်းရရှိသော နည်းပညာအချက်အလက်များကို မျိုးဆက်သစ်သုတေသီများအား ပြန်လည်မျှဝေပေးရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ၂၀၁၉ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ်အတွင်း စီမံကိန်း၏ တိုးတက်မှုများနှင့် လုပ်ငန်းဆောင်ရွက်မှုများကို Dr.Hideshi Yasui နှင့် ဒေါက်တာဥမ္မာစောတို့ကလည်းကောင်း၊ ၂၀၁၉ ခုနှစ်အတွင်း စီမံကိန်း၏တိုးတက်မှုများနှင့် ၂၀၂၀ ပြည့်နှစ်တွင် ဆက်လက်လုပ်ဆောင်သွားမည့် လုပ်ငန်းစဉ်များကို JICA-SATREPS Project မှ အကြံပေးအရာရှိ Dr. Atsushi Yoshimura ကလည်းကောင်း ဆွေးနွေးခဲ့ပြီး တက်ရောက်လာသူများကလည်း ဝိုင်းဝန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မေမိုးသဲ**



မြန်မာနိုင်ငံ၏ ဆန်စပါးမျိုး မွေးမြူရွေးချယ်ရေးကဏ္ဍမြှင့်တင်ခြင်းဆိုင်ရာ အစည်းအဝေးကျင်းပစဉ်။

# ပုသိမ်ဒိုမြို့နယ် ဖတ်မာကျေးရွာ၌ ဖတ်မာကြိုးတံတားသစ်ဖွင့်

**ပူတာအို မတ် ၁၃**

ကချင်ပြည်နယ် ပူတာအိုမြို့နယ် ဖတ်မာကျေးရွာမှ ပေါ်တော်မူခါတ်ပေါင်းစုဆုတောင်းပြည့်စေတီတော်သို့ သွားလမ်းပေါ်ရှိ ဖတ်မာချောင်းတွင် ဘုရားဖူးပြည်သူများ ရာသီမရွေးအန္တရာယ်ကင်းစွာ ဖြတ်သန်းသွားလာနိုင်ရေးအတွက် အလှူရှင်များ၏ မတည်လှူဒါန်းမှုနှင့် ကျေးရွာပြည်သူများ ထည့်ဝင်လှူဒါန်းငွေများဖြင့် တည်ဆောက်ထားသည့် ဖတ်မာကြိုးတံတားသစ်ဖွင့်ပွဲကို မတ် ၁၁ ရက်က အဆိုပါကြိုးတံတားသစ်နေရာ၌ ကျင်းပသည်။

ဖတ်မာကြိုးတံတားသစ်ကို CB Bank ဥက္ကဋ္ဌ ဦးခင်မောင်အေး၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးယောဆီ ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးသန့်ဇင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန့်စင်၊ တံတားမတည် အလှူရှင် ကိုဂမ်း(ခ)ကိုဇော်လေးမြင့်တို့က တံတားသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ဧည့်သည်တော်များနှင့် တက်ရောက်လာသူများက တံတားကြံ့ခိုင်မှုအခြေအနေများကို ကြည့်ရှုကြသည်။

အဆိုပါတံတားအရှည်မှာပေ ၁၆၀ နှင့် အကျယ် ခြောက်ပေ ခြောက်လက်မဖြစ်ကာ ယင်းတံတားကို မန္တလေးမြို့နေ အလှူရှင် မိသားစုမှ မတည်ငွေကျပ်သိန်း ၅၀ နှင့်ကျေးရွာ ပြည်သူထည့်ဝင်ငွေကျပ်သိန်း ၃၄၇၅၀၀၀ ဖြင့် တည်ဆောက်ပြီးစီးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဖုန်ကန်(ပူတာအို)**

# ဇမ္ဗူသီရိမြို့နယ် လူငယ်ရေးရာကော်မတီ စကားဝိုင်းကျင်းပ

**နေပြည်တော် မတ် ၁၃**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏခရိုင် ဇမ္ဗူသီရိမြို့နယ် လူငယ်ရေးရာကော်မတီ စကားဝိုင်းဆွေးနွေးပွဲကို မတ် ၁၀ ရက်က မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးပြည့်ဖြိုးငြိမ်းက အမှာစကားပြောကြားပြီး စကားဝိုင်းဆွေးနွေးပွဲကျင်းပကာ လူငယ်ရေးရာကော်မတီ အတွင်းရေးမှူး ဦးလွှင်မောင်မောင်လတ်နှင့် တက်ရောက်လာသော လူငယ်ရေးရာကော်မတီအဖွဲ့ဝင်များမှ ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအား ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မင်းမင်းလတ်(ရှုပဗေဒ)**



# ဘာသာစာပေပေါင်းကူး(၆)

**မောင်ခင်မင် (ဓနုဖြူ)**

"ဘဘတို့ ကဗျာသာဓကတွေ တော်တော်များများ ကြည့်ပြီးပြီဆိုတော့ ဒီတစ်ခါ စကားပြေဘက်ကို လှည့်ကြဦးစို့"

"ဟုတ်ကဲ့ပါ ဘဘ"

"ဆရာသိပ္ပံမောင်ဝရဲ့ အဆိုအမိန့်တစ်ခုရှိတယ်ကွဲ့။ စာရေးရာမှာ အကြောင်းအရာနဲ့ အရေးအသားလိုက်ဖက်ရင် ကောင်းတယ်ဆိုတာကို သာဓကဆောင်ထားတာလေ။ ဘယ်လိုပြောသလဲဆိုတော့ မင်္ဂလာဆောင်မှာ ဖတ်မယ့် ဩဘာစာကို ဝါကျတိုတိုကလေးတွေနဲ့ ရေးရင် လူရယ်စရာဖြစ်မယ်...တဲ့။ အဲဒီလိုပဲ ရန်ဖြစ်တဲ့အကြောင်း၊ မီးလောင်လို့ ပြေးရလွှားရတဲ့အကြောင်းကို ရေးတဲ့အခါ မင်္ဂလာဩဘာစာလို ဖွဲ့ဖွဲ့နွဲ့နွဲ့ရေးနေရင်လည်း လူရယ်စရာဖြစ်မယ် . . . တဲ့"

"ဩော်... ဟုတ်ကဲ့ပါ။ မှတ်သားစရာပဲနော် ဘဘ"

"အဲဒီတော့ ရေးတဲ့အကြောင်းအရာနဲ့ ဝါကျအတိုအရှည် ပမာဏနဲ့ လိုက်ဖက်ဖို့ လိုတယ်ဆိုတာ ဂရုပြုစရာပေါ့ကွယ်"

"ဝါကျအတိုအရှည် ပမာဏကို ဘယ်လို သတ်မှတ်တာပါလဲ ဘဘ"

"အေး... မေးစရာပဲ။ ဝါကျတစ်ခုဟာ ဘယ်လောက်ပမာဏရှိရမယ်၊ ဘယ်လောက်ရှည်ရမယ်လို့ သတ်မှတ်ချက်မှ မရှိတာ။ သမီးစဉ်းစားကြည့်လေ။ 'လာ၊ သွား၊ ထိုင်' ဆိုတဲ့ အမိန့်ပေးစကားတွေက အတိုဆုံး ဝါကျတွေမဟုတ်လား။ အပြည့်အစုံပြောရင်တော့ 'နင်လာ၊ ခင်ဗျားသွား၊ မင်းထိုင်' ဆိုတာမျိုးရေးရမှာပေ့ါ။ ဒါပေမယ့် စကားမြှုပ်ပြီး ခုလိုတစ်လုံးတည်းရေးရင်လည်း အမိန့်ပေးဝါကျဖြစ်တာပေ့ါကွယ်"

"ဟုတ်ကဲ့ပါ"

"အဲ... ဝါကျရှည်မယ်ဆိုရင်လည်း ဘယ်လောက်အထိ ရှည်ရမယ်ဆိုတဲ့ သတ်မှတ်ချက်ရှိသလား။ သမီးဘယ်လိုထင်သလဲ"

"ဘဘ၊ ဝါကျတစ်ခုကို အဆုံးမသတ်ဘဲ '၍' တို့၊ 'သဖြင့်' တို့၊ 'လျှင်' တို့နဲ့ ဆက်ဆက်ရေးရင် အကန့်အသတ်မရှိ ရှည်နိုင်တယ်လို့ သမီးထင်ပါတယ်"

"ဟုတ်ပ့ါ။ ဒါကြောင့် သမီးက စဉ်းစားတတ်ပါတယ်လို့ ချီးကျူးရတာလေ။ သမီးပြောသလို စကားဆက်တွေနဲ့ ဆက်ဆက်ရေးရင် ဝါကျတစ်ခုဟာ အတိုင်းအတာအကန့်အသတ်မရှိ ရှည်နိုင်တာပေ့ါ။ အရှည်ဆုံးဝါကျရယ်လို့ သတ်မှတ်လို့ မရနိုင်ဘူးလေ"

"ဟုတ်ကဲ့ပါ။ သမီးသဘောပေါက်ပါတယ်"

"ဆိုပါတော့ကွယ်။ သမီးက ခုနပြောတဲ့ '၍၊ သဖြင့်' ဆိုတဲ့ စကားဆက်တွေနဲ့ စာလုံးပေါင်း တစ်သိန်းရှိတဲ့ ဝါကျရှည်ကြီးတစ်ခု ရေးထားတယ်ဆိုပါတော့။ ရေးရင်ဖြစ်တယ်ဆိုတဲ့ သဘောကို ပြောတာပါ။ တကယ်တော့ ဝါကျတစ်ခုကို ဒီလောက်အရှည်ကြီးဖြစ်အောင် ဘယ်သူမှရေးမှာ မဟုတ်ပါဘူး။ ကဲ...ထားပါတော့။ သမီးက နောက်ထပ်စာလုံးရေ နှစ်သိန်းပါတဲ့ ဝါကျရှည်ကြီးတစ်ခု ထပ်ရေးတယ်ဆိုပါတော့"

"ဒါဆိုတော်တော်လက်ညောင်းမှာပဲနော် ဘဘ"

"အေး- ညောင်းပေမယ့် ပြီးအောင်ရေးပေတော့။ အဲဒီလို စာလုံးရေတစ်သိန်းရှိတဲ့ ဝါကျရှည်ကြီးနဲ့ စာလုံးရေ နှစ်သိန်းရှိတဲ့ ဝါကျရှည်ကြီးကို '၍' ဆိုတဲ့ နောက်ဆက်ပစ္စည်းနဲ့ ဆက်လိုက်ရင် ဘယ်လိုဖြစ်သွားမလဲသမီး"

"ဟာ... စာလုံးရေ သုံးသိန်းရှိတဲ့ ဝါကျရှည်ကြီး ဖြစ်သွားမှာပေ့ါ ဘဘ"

"အေး... ဝါကျတစ်ခုဟာ အတိုင်းအဆမရှိ ရှည်ချင်သလောက် ရှည်နိုင်တယ်ဆိုတာ ထင်ရှားအောင် စကားအဖြစ် ပြောတာပါ။ ဒီတော့ အတိုဆုံး ဝါကျက စာလုံးတစ်လုံးတည်းပါတဲ့ ဝါကျဖြစ်ပေမယ့် အရှည်ဆုံးဝါကျဆိုတာ မရှိနိုင်ဘူးလို့ နားလည်ရမှာပေ့ါကွယ်"

"ဟုတ်ကဲ့ပါ ဘဘ"

"ဒီတော့ ခုနပြောတဲ့ ဝါကျတိုတို၊ ဝါကျရှည်ရှည်ဆိုတာက ဘယ်လောက်တိုပြီး ဘယ်လောက်ရှည်တာလဲလို့ တိတိကျကျမပြောနိုင်ဘူးပေ့ါ။ ဒါပေမယ့် ပုံမှန်ရှိသင့်တဲ့ အတိုင်းအတာထက် သိသိသာသာ တိုနေတဲ့ ဝါကျကို 'ဝါကျတို' လို့ ခေါ်နိုင်တယ်။ ပုံမှန်ရှိသင့်တဲ့ အတိုင်းအတာထက် သိသိသာသာ ရှည်နေတဲ့ ဝါကျကိုပဲ 'ဝါကျရှည်'လို့ ခေါ်နိုင်တာ ပေ့ါကွယ်"

"နားလည်ပါပြီ ဘဘ"

"ဆရာသိပ္ပံမောင်ဝတို့ခေတ်တုန်းက 'ဝါကျတိုရေးတာကောင်းတယ်၊ ဝါကျရှည်ရေးတာကောင်းတယ်' ဆိုပြီး သူရိယသတင်းစာတို့လို သတင်းစာထဲမှာ အပြန်အလှန် ရေးကြတာ၊ ငြင်းကြခုံကြတာ တွေ့ရတယ်"

"ဩော်... ဟုတ်ကဲ့ပါ"

"လေ့လာကြည့်ရင် ဝါကျရှည်တယ်၊ တိုတယ်ဆိုတာ ပုံသေပြောလို့မရကြောင်း တွေ့နိုင်တာပေ့ါ။ သိသာတာတစ်ခုကတော့ ကဗျာ ကာရန်စနစ်အကြောင်း ပြောနေတုန်းကလိုပဲ သွက်လက်လှုပ်ရှားတဲ့ အကြောင်းအရာကို ရေးရင် ဝါကျဟာ တိုသွားတတ်တယ်။ အမှုင်မပြတ်တဲ့ အကြောင်းအရာကိုရေးရင် ဝါကျဟာရှည်သွားတတ်တယ်လို့ ဆိုနိုင်တယ်လေ"

"ဟုတ်ကဲ့ပါ"

"ဆရာသိပ္ပံမောင်ဝရဲ့ စကားကို ပြန်စဉ်းစားကြည့်လေ။ ရန်ဖြစ်ပြီး ထိုးကြ သတ်ကြတဲ့အကြောင်းတို့၊ မီးလောင်လို့ပြေးရတဲ့အကြောင်းတို့၊ ခုခေတ်နဲ့ ဆီလျော်တာပြောရရင် ဘောလုံးပွဲမှာ ဘောလုံးကန်ပုံကို တိုက်ရိုက်ထုတ်လွှင့်ကြေညာတာတို့၊ အဲဒီလိုသွက်လက်တဲ့ လှုပ်ရှားမှုကို ဖော်ပြရင် စကားနဲ့ပဲ ပြောပြော၊ စာနဲ့ပဲရေးရေး၊ ဝါကျတွေဟာ တိုတို သွက်သွက် ဖြစ်နေတာပေ့ါကွယ်။ ဘောလုံးပွဲကြေညာတာ နားထောင်ကြည့်ပါလား။ 'ဟော... သယ်သွားပြီ၊ သယ်သွားပြီ ကန်သွင်းတော့မယ်၊ ဟာ တစ်ဖက်က ဖျက်လိုက်လို့ မသွင်းနိုင်တော့ဘူး။ ဟော... ဘောလုံးပြန်ရလို့ ကပ်လိုက်ပြီ၊ ဟာ ဂိုးသွားပြီ' ဆိုပြီး မြူးမြူးသွက်သွက် ကြေညာသွားတာမဟုတ်လား"

"ဟုတ်ပါတယ် ဘဘ"

"အဲ... မင်္ဂလာဆောင်မှာ ဘိသိက်ဆရာက မင်္ဂလာစကားပြောရင်တော့ အဲဒီလို သွက်သွက် မပြောဘူးလေ။ သိုင်းသိုင်း ဝိုင်းဝိုင်း ဖွဲ့ဖွဲ့နွဲ့နွဲ့ ပြောရတာပေ့ါ။ ဒါမှ အကြောင်းအရာနဲ့ လိုက်တော့မပေ့ါ"

"ဟုတ်ပါတယ် ဘဘ"

"အဲ... နောက်တစ်ခုက ရေးတဲ့၊ ပြောတဲ့သူရဲ့ စိတ်အစဉ်ပေါ်လည်း တည်တယ်။ စိတ်ထဲမှာ တစ်ခုပြီးတစ်ခုဖြစ်ပျက် ပြောင်းလဲနေတဲ့ အကြောင်းအရာကိုပြောရင် ဝါကျတိုတိုကလေးတွေ ဖြစ်သွားတတ်တယ်။ စိတ်ထဲမှာ အမှုင်မပြတ် တစ်ဆက်တစ်စပ်တည်း ဖြစ်နေတာဆိုရင်တော့ အဲဒီအကြောင်းအရာကိုပြောရင် ဝါကျရှည်တွေဖြစ်သွားမှာပဲလေ။ ဒါလည်း ဘာသာစကားနဲ့ စာပေဆက်စပ်တဲ့ သာဓကတစ်ခုပဲပေ့ါ"

"သာဓကကလေးတွေ သိချင်ပါတယ် ဘဘ"

"ဆရာကြီး ပီမိုးနင်းရဲ့ စာတစ်ပုဒ်မှာ 'ကံသည် ဘုရားမဟုတ်၊ ကံသည်သိကြားမဟုတ်၊ ကံသည် နတ်မဟုတ်၊ ကံသည် အဝိဇ္ဇာဏက ဖြစ်၏။ သင်းလုပ်ပေါင်းခံရမည်လား'... တဲ့။ ဝါကျကလေးတွေက တိုတိုပြတ်ပြတ်ပဲလေ။ ဆရာကြီးက ကံအကြောင်းကို လေးနက်အောင် တစ်ခုပြီးတစ်ခု ဆင့်ဆင့်ပြောနေတာလေ။ သူ့စိတ်အစဉ်က သွက်လက်နေတာ။ ဝါကျတွေလည်း တိုသွားတာပေ့ါ"

"ဘဘ ရှင်းပြလို့ အဲဒီသဘောကို သိရပါတယ် ဘဘ"

"ရှေးစာပေထဲကပြရရင် ကုန်းဘောင်ခေတ်မှာ ယောမင်းကြီး ဦးဘိုးလှိုင်ရေးတဲ့ ဥတုဘောဇနသင်္ဂဟကျမ်းထဲမှာ ဥတုနဲ့အာဟာရအကြောင်းရေးရာမှာ ဥတုသဘာဝနဲ့ အသီးအနှံတွေရဲ့ ဂုဏ်သတ္တိတွေကို ရေးထားတာ ဝါကျတိုကလေးတွေနဲ့ ရေးတာလေ။ ဝဿာနဥတုလို့ခေါ်တဲ့ မိုးဥတုအကြောင်းရေးရာမှာ 'ဤဝဿာနဥတု၌ စိုစွတ်၏။ ပူတုံအေးတုံ ရှိ၏။ အိုက်၏။ ကောင်းကင်၌ မိုးတိမ်မပြတ်ရှိ၏။ အနောက်က လေကျတတ်၏' ဆိုပြီး ဝါကျတိုကလေးတွေနဲ့ ရေးသွားတာ။ ရေးသူရဲ့ သွက်လက်မြန်ဆန်တဲ့ စိတ်အစဉ်အတိုင်း ဝါကျတိုတွေဆုံးတော့ လိုက်ဖက်တာပေ့ါကွယ်"

"ဘဘ၊ ဝါကျတိုတွေ ဆက်တိုက်ဖတ်ရတာလည်း ၄-၁၊ ၄-၂ ကာရန်တွေ ဖတ်ရသလို သွက်တာပဲနော်"

"ဟုတ်တာပေ့ါကွယ်။ အခြေခံသဘောက အတူတူပါပဲ"

"ဝါကျရှည်သာဓကရော ရှိမှာပေ့ါနော် ဘဘ"

"ရှိတာပေ့ါ။ ဇာတ်လမ်းတစ်ခုလုံးကို အစကအဆုံး အမျှင်မပြတ်ပြောချင်တဲ့စိတ်က စေ့ဆော်လို့ထင်ပါရဲ့၊ ရှေးစကားပြေ တချို့မှာ ဇာတ်တော်တစ်ပုဒ်လုံးရဲ့ ဇာတ်လမ်းကို '၍' တွေ ၊ 'သဖြင့်' တွေ၊ 'သော' တွေနဲ့ ဆက်ဆက်ရေးသွားတာ 'ဟူသတည်း'ဒါမှမဟုတ် 'ဟူလိုသောဝ်' လို့ ဝါကျဆုံးတော့မှ ဇာတ်လမ်းလည်း ဆုံးတာလေ"

"ဘယ်ဝတ္ထုပါလဲ ဘဘ၊ သမီးဖတ်ချင်လို့ပါ"

"ငါးရာ့ငါးဆယ် ဇာတ်နိပါတ်တွေနဲ့ သာဓကပြထားတဲ့ဝတ္ထုတွေပေ့ါ။ ထင်ရှားတာက ညောင်ရမ်းခေတ်မှာရေးတဲ့ မဏိကုဏ္ဍလ ဝတ္ထုလေ။ ဝရောဘိသဃ်နာထ ဆရာတော်ရေးတာ။ တချို့သာဓကတွေဆိုရင် ဇာတ်လမ်းဆုံးတာတောင် ဝါကျက မဆုံးသေးဘဲ 'အကြောင်းပြု၍လည်းကောင်း' လို့ စကားဆက်ပြီးနောက် ဇာတ်လမ်းတစ်ခုဆက်ရေးတာ။ ဇာတ်လမ်းသုံးလေးပုဒ်ပြီးမှ 'ဟူလိုသောဝ်' လို့ အဆုံးသတ်တာလေ"

"သမီးဖတ်ပ့ါမယ် ဘဘ၊ စိတ်ဝင်စားလို့ပါ"

"အမျှင်မပြတ်ရေးပုံကို ပြောရဦးမယ်။ ပင်းယခေတ်၊ အင်းဝခေတ်က အလှူမှတ်တမ်းကျောက်စာတွေမှာလည်း ဝါကျအရှည်ကြီးတွေ တွေ့ရတယ်။ ကောင်းမှုပြုတဲ့ ဘုရင်မင်းမြတ်ရဲ့ဂုဏ်ကို နာမဝိသေသနပုဒ်တွေ အများကြီးနဲ့ အထူးပြုတာလေ။ 'နေမင်းကဲ့သို့ ဘုန်းတန်ခိုးကြီးထသော'လို့ အစချီလိုက်ပြီးတော့ အဲဒီလိုပဲ 'ထသော' နဲ့ ဆုံးတဲ့ အထူးပြုပုဒ်တွေ ဆက်ဆက်ရေးတာ ကျောက်စာတစ်မျက်နှာဆုံးပြီး နောက်တစ်မျက်နှာကူးတဲ့အထိပဲ။ အလယ်လောက်ရောက်မှ 'မင်းတရားသည်' လို့ ကတ္တားပုဒ်ကို ဖော်ပြတယ်။ ပြီးတော့ မိဖုရားကြီးနှင့်အတူ ကုသိုလ်ကောင်းမှု ပြုတော်မူ၏' ဆိုပြီး ဝါကျလည်း အဆုံးသတ်လိုက်ရောကျောက်စာရဲ့မျက်နှာနှစ်ဖက်စလုံး ပြည့်ခါနီးမှ ဆုံးတဲ့ ဝါကျရှည်ကြီးလည်းပြီးရော"

"ဟာ... အံ့ဩဖို့ကောင်းလိုက်တာ"

"စာဖတ်ရင် အနည်းဆုံး ဝါကျတစ်ခုတော့ ဆုံးအောင်ဖတ်လေ့ရှိတာ သဘာဝပဲလေ။ ဒီတော့ ဝါကျမဆုံးမချင်း စာဖတ်သူရဲ့ အာရုံကို ထိန်းထားပြီး ဝါကျဆုံးတဲ့ အထာပေါ်သွားတဲ့ သဘောပေ့ါကွယ်။ ကဲ... နားဦးစို့"

**"ဝါကျတစ်ခုဟာ အတိုင်းအဆမရှိ ရှည်ချင်သလောက် ရှည်နိုင်တယ်ဆိုတာ ထင်ရှားအောင် စကားအဖြစ်ပြောတာပါ။ ဒီတော့ အတိုဆုံးဝါကျက စာလုံး တစ်လုံးတည်းပါတဲ့ ဝါကျဖြစ်ပေမယ့် အရှည်ဆုံးဝါကျဆိုတာ မရှိနိုင်ဘူးလို့ နားလည်ရမှာပေ့ါကွယ်"**

# လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေပြဋ္ဌာန်း

*ယမန်နေ့မှအဆက်*

( ဂ ) ထိုကြွေးမြီတာဝန် တင်ရှိစဉ်က ထိုကုမ္ပဏီသည် ကြွေးမြီပေးဆပ်နိုင်သည့် အခြေအနေမရှိကြောင်း သို့မဟုတ် ကြွေးမြီပေးဆပ်ခြင်းမပြုနိုင်သည့်အခြေအနေသို့ ရောက်ရှိခဲ့ကြောင်း ယုံကြည်သည့်အခါ တရားရုံးသည် ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၂) တွင် ဖော်ပြထားသည့် အချိန်အတွင်း ကျရောက်သည့် ကြွေးမြီတာဝန်နှင့် စပ်လျဉ်းသည့် အမိန့်ကိုသာချမှတ်နိုင်သည်။

(ဃ) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁) ပါ ပြဋ္ဌာန်းချက်များအရ အပြောင်းအလဲရှိသော ကြွေးမြီတာဝန်အတွက် အဖိုးစားနားအနေဖြင့် ပေးသွင်းခဲ့သည့် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှု၏ တန်ဖိုးသည် ထိုအဖိုးစားနားမှတစ်ပါး ထိုကုမ္ပဏီသို့ ပေးသွင်းခဲ့သည့်အရာများအပေါ် သတ်မှတ်ထားသည့် တူညီသော စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ စီးပွားရေးလုပ်ငန်းများ ပုံမှန်လုပ်ဆောင်မြဲအတိုင်း လုပ်ဆောင်ရာ၌ ပေးသွင်းခဲ့သော ထိုကုန်စည် သို့မဟုတ် ဝန်ဆောင်မှုအတွက် ယင်းတို့ကို ပေးသွင်းခဲ့စဉ်က ရရှိရန် ကျိုးကြောင်းဆီလျော်စွာ မျှော်မှန်းနိုင်သော ငွေကြေးပမာဏဖြစ်သည်။

**အခန်း (၄)**

**အခြားကိစ္စများ**

**စာအုပ်စာတမ်းများကို ကြွေးမပြေ၍အာမခံအဖြစ် လက်ဝယ်ထားပိုင်ခွင့်**

၃၆၅။ (က) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များသည် ကုမ္ပဏီနှင့် စပ်လျဉ်း၍ အောက်ပါအခြေအနေတစ်ရပ်ရပ်တွင် သက်ဆိုင်စေရမည် -

(၁) ကုမ္ပဏီသည် အပိုင်း (၅) သို့မဟုတ် အပိုင်း (၆) အရ ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်နေခြင်း၊

(၂) ကုမ္ပဏီသည် စာရင်းရှင်းလင်းဖျက်သိမ်းရေး လုပ်ငန်းစဉ်ကို ဆောင်ရွက်နေခြင်း၊

(၃) ကုမ္ပဏီသည် ယာယီစာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိကို ခန့်အပ်ဆောင်ရွက် နေခြင်း။

( ခ ) ကုမ္ပဏီ၏စာအုပ်စာတမ်းများ သို့မဟုတ် အခြားမှတ်တမ်းများကို အခြားသူတစ်ဦး၏ လက်ဝယ်ထားခွင့် သို့မဟုတ် ယင်းတို့ကို ဆက်လက်လက်ဝယ်ထားရှိရန် အခြားအခွင့်အရေး တစ်ရပ်ရပ်သည် ရာထူးလက်ရှိဖြစ်သူ၏ ကျိုးကြောင်းဆီလျော်သည့် အခွင့်အရေးတစ်ရပ်ကို ဟန့်တားပိတ်ပင်ရာရောက်လျှင် ယင်းအတိုင်းအတာအထိ ယင်းအခွင့်အရေးများကို အတည်ပြုဆောင်ရွက်ခွင့် မရှိစေရ။

**အစည်းအဝေးကို အဝေးရောက်တက်နိုင်သည့်နည်းလမ်း**

၃၆၆။ အောက်ပါအစည်းအဝေးများကို အဝေးရောက်တက်နိုင်ခြင်းနှင့် စပ်လျဉ်းသည့် နည်းလမ်းများအား နည်းဥပဒေများတွင် သတ်မှတ်ပြဋ္ဌာန်းနိုင်သည်-

(က) ဤဥပဒေ သို့မဟုတ် နည်းဥပဒေများအရ ဆင့်ခေါ်ကျင်းပသည့် မြီရှင်များအစည်းအဝေး၊ လူမွဲဖြစ်သူ သို့မဟုတ် ကုမ္ပဏီတို့၏ အစည်းအဝေးတစ်ရပ်ရပ်၊

( ခ ) ဤဥပဒေသို့မဟုတ်နည်းဥပဒေများအရရာထူးလက်ရှိဖြစ်သူက ဆင့်ခေါ်ကျင်းပသည့် ကုမ္ပဏီတွင် ပါဝင်သူများနှင့် ကြွေးမြီပေးဆပ်ရန် တာဝန်ရှိသူတို့၏ အစည်းအဝေးတစ်ရပ်ရပ်။

**ဝက်ဘ်ဆိုက်များအသုံးပြုခြင်း**

၃၆၇။ ဤဥပဒေ သို့မဟုတ် နည်းဥပဒေများအရ ရာထူးလက်ရှိဖြစ်သူက လိုက်နာဆောင်ရွက်ရန် သတ်မှတ်ထားသည့် အကြောင်းကြားစာ၊ စာတမ်းအမှတ်အသား သို့မဟုတ် အချက်အလက်ပေးပို့ရန် တာဝန်နှင့် စပ်လျဉ်း၍ အင်တာနက်ဝက်ဘ်ဆိုက် သို့မဟုတ် အခြားသော အီလက်ထရောနစ် နည်းတစ်ဘုတ် သို့မဟုတ် ကြားခံဆက်သွယ်ရေးစနစ်တစ်ရပ်ရပ်မှတစ်ဆင့် ပြုလုပ်ရမည့်နည်းလမ်းများကို နည်းဥပဒေများဖြင့် သတ်မှတ်နိုင်သည်။

**အပိုင်း (၁၀)**

**နယ်စပ်ဖြတ်ကျော်လူမွဲခံယူခြင်းနှင့်စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များ**

**အခန်း (၁)**

**နိဒါန်း**

**ရည်ရွယ်ချက်**

၃၆၈။ ဤအပိုင်းပါ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) နယ်စပ်ဖြတ်ကျော် လူမွဲခံယူခြင်းနှင့် ပတ်သက်၍ စံဥပဒေနှင့်အညီ ထိရောက်သည့်စနစ်တစ်ရပ် ဖော်ဆောင်ရန်၊

( ခ ) နယ်စပ်ဖြတ်ကျော် လူမွဲခံယူသည့် အမှုများတွင် နိုင်ငံခြားတရားရုံးများနှင့် သက်ဆိုင်ရာအာဏာပိုင်များအကြား ပူးပေါင်းဆောင်ရွက်ရန်၊

( ဂ ) နိုင်ငံတကာကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများအတွက် ခိုင်မာသည့် ဥပဒေမူဘောင်တစ်ရပ် ဖြစ်စေရန်၊

(ဃ) မြီရှင်များ၊ မြီစားများနှင့် အခြားအကျိုးသက်ဆိုင်သူများ၏ အကျိုးစီးပွားကို မျှတစွာနှင့် ထိရောက်စွာ စီမံဆောင်ရွက်ပေးရန်၊

( င ) မြီစားပိုင်ပစ္စည်းကို ကာကွယ်ခြင်းနှင့် ယင်းပစ္စည်း၏ တန်ဖိုးကို တတ်နိုင်သမျှ မြှင့်တင်ပေးရန်၊

( စ ) ငွေကြေးအခက်အခဲဖြစ်နေသည့် စီးပွားရေးလုပ်ငန်းများကို ကယ်ဆယ်ခြင်းဖြင့် ရင်းနှီးမြှုပ်နှံမှုကို ကာကွယ်ပြီး အလုပ်အကိုင်များတည်မြဲစေရန်။

**အခန်း (၂)**

**အရပ်ရပ်ဆိုင်ရာပြဋ္ဌာန်းချက်များ**

**အဓိပ္ပာယ်ဖွင့်ဆိုချက်**

၃၆၉။ ဤအပိုင်းပါ ပြဋ္ဌာန်းချက်များအလို့ငှာ အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်-

(က) **နိုင်ငံခြားလူမွဲမှုခင်း** ဆိုသည်မှာ နိုင်ငံခြားတိုင်းပြည်တစ်ခုတွင် မြီရှင်အားလုံး သို့မဟုတ် အများစု၏ အကျိုးစီးပွားအတွက် လူမွဲခံယူခြင်းနှင့် စပ်လျဉ်းသည့် ဥပဒေတစ်ရပ်အရ စွဲဆိုသော ကြားဖြတ်မှုခင်းအပါအဝင် တရားစီရင်ရေး သို့မဟုတ် စီမံခန့်ခွဲရေးဆိုင်ရာ မှုခင်းကို ဆိုသည်။ ယင်းစကားရပ်တွင် ပြန်လည်ထူထောင်ရန် သို့မဟုတ် စာရင်းရှင်းလင်းဖျက်သိမ်းရန်အလို့ငှာ နိုင်ငံခြားတရားရုံး၏ ကြီးကြပ်ကွပ်ကဲမှုအောက်တွင် ရှိသည့် မြီစားပိုင်ပစ္စည်းများနှင့် လုပ်ငန်းကိစ္စရပ်များနှင့် စပ်လျဉ်းသည့် မှုခင်းများလည်း ပါဝင်သည်။

( ခ ) **နိုင်ငံခြားအဓိကလူမွဲမှုခင်း** ဆိုသည်မှာ မြီစား၏အဓိက အကျိုးစီးပွားရှိသည့် နိုင်ငံတွင် ဆောင်ရွက်လျက်ရှိသည့် နိုင်ငံခြားလူမွဲမှုခင်းကို ဆိုသည်။

( ဂ ) **နိုင်ငံခြားအဓိကမဟုတ်သည့်လူမွဲမှုခင်း** ဆိုသည်မှာ မြီစားက ဆောင်ရွက်နေသည့် ပုဒ်မခွဲ (စ) တွင်ဖော်ပြထားသော လုပ်ငန်းခွင်တည်ရှိရာနိုင်ငံရှိ နိုင်ငံခြားအဓိကမှုခင်း မဟုတ်သည့် လူမွဲမှုခင်းကို ဆိုသည်။

(ဃ) **နိုင်ငံခြားကိုယ်စားလှယ်** ဆိုသည်မှာ မြီစားပိုင်ပစ္စည်း သို့မဟုတ် လုပ်ငန်းကိစ္စရပ်များ နှင့်စပ်လျဉ်း၍ ပြန်လည်ထူထောင်ရေး သို့မဟုတ် စာရင်းရှင်းလင်းဖျက်သိမ်းရေးလုပ်ငန်းအား စီမံခန့်ခွဲရန် သို့မဟုတ် နိုင်ငံခြားလူမွဲမှုခင်းများတွင် ကိုယ်စားလှယ်အဖြစ် ပါဝင် ဆောင်ရွက်ရန် ခန့်အပ်ထားသော လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကို ဆိုသည်။ ယင်းစကားရပ်တွင် ယာယီအားဖြင့် ခန့်အပ်တာဝန်ပေးခြင်းခံရသည့် လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းလည်း ပါဝင်သည်။

( င ) **နိုင်ငံခြားတရားရုံး**ဆိုသည်မှာ နိုင်ငံခြားလူမွဲမှုခင်းကို လက်ခံဆောင်ရွက်ရန် အခွင့်အာဏာရှိသည့် တရားရုံး သို့မဟုတ် အာဏာပိုင်အဖွဲ့အစည်းကို ဆိုသည်။

( စ ) **လုပ်ငန်းခွင်** ဆိုသည်မှာ မြီစားက ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို လုပ်သားအင်အားနှင့်တစ်ဆင့် ဖြတ်သန်းကုန်သွယ်ခြင်း မဟုတ်သောလုပ်ငန်းတစ်ရပ်အဖြစ် လုပ်ဆောင်သည့်နေရာကို ဆိုသည်။

**ဤအပိုင်းနှင့် သက်ဆိုင်ခြင်း**

၃၇၀။ (က) ဤအပိုင်းပါပြဋ္ဌာန်းချက်များသည် အောက်ပါကိစ္စရပ်များနှင့် သက်ဆိုင်စေရမည်-

(၁) နိုင်ငံခြားလူမွဲမှုခင်းတစ်ရပ်နှင့်စပ်လျဉ်း၍ နိုင်ငံခြားတရားရုံး သို့မဟုတ် နိုင်ငံခြားကိုယ်စားလှယ်တစ်ဦးက အကူအညီ တောင်းခံလာသည့်ကိစ္စ၊

(၂) ဤဥပဒေအရ လူမွဲမှုခင်းနှင့် စပ်လျဉ်း၍ နိုင်ငံခြားတိုင်းပြည်သို့ အကူအညီတောင်းခံသည့်ကိစ္စ၊

(၃) ဤဥပဒေအရ လူမွဲမှုခင်းနှင့် နိုင်ငံခြားလူမွဲမှုခင်းတို့ မြီစားတစ်ဦးတည်းအပေါ် အပြိုင်ဆောင်ရွက်လျက်ရှိသည့် ကိစ္စ၊

(၄) ဤဥပဒေအရ ဆောင်ရွက်သည့် လူမွဲမှုခင်းတစ်ရပ်တွင် ပါဝင်ရန် တောင်းဆိုခွင့်ရှိသည့် နိုင်ငံခြားတိုင်းပြည်ရှိ မြီရှင် သို့မဟုတ် အခြားအကျိုးသက်ဆိုင်သူမှ လျှောက်ထားသည့်ကိစ္စ။

( ခ ) ဤအပိုင်းပါပြဋ္ဌာန်းချက်များသည် ဘဏ်များ၊ ငွေရေးကြေးရေး အဖွဲ့အစည်းများ၊ အာမခံလုပ်ငန်းများနှင့် နိုင်ငံတော်သမ္မတက အခါအားလျော်စွာ အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့် လုပ်ငန်းများ သို့မဟုတ် အဖွဲ့အစည်းများနှင့် စပ်လျဉ်းသည့် မှုခင်းများနှင့် မသက်ဆိုင်စေရ။

**နိုင်ငံတော်၏ အပြည်ပြည်ဆိုင်ရာတာဝန်များ**

၃၇၁။ နိုင်ငံတော်က အဖွဲ့ဝင်အဖြစ်ပါဝင်ပြီး အခြားနိုင်ငံ သို့မဟုတ် နိုင်ငံများနှင့်ချုပ်ဆိုထားပြီး အာဏာသက်ရောက်သည့် အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ် သို့မဟုတ် အခြားသော သဘောတူညီချက်များအရ ဆောင်ရွက်ရမည့် နိုင်ငံတော်၏ တာဝန်နှင့် ဤအပိုင်းပါ ပြဋ္ဌာန်းချက်များ ဆန့်ကျင်ကွဲလွဲနေလျှင် ထိုအပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် သို့မဟုတ် အခြားသော သဘောတူညီချက်က လွှမ်းမိုးစေရမည်။

**စီရင်ပိုင်ခွင့်ရှိသည့် တရားရုံး သို့မဟုတ် အာဏာပိုင်အဖွဲ့အစည်း**

၃၇၂။ နိုင်ငံခြားလူမွဲမှုခင်းများကို အသိအမှတ်ပြုခြင်း၊ နိုင်ငံခြားတရားရုံးများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း ကိစ္စများနှင့် စပ်လျဉ်း၍ ဤအပိုင်းပါလုပ်ငန်းတာဝန်များကို ပြည်ထောင်စုတရားလွှတ်တော်ချုပ် သို့မဟုတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က လွှဲအပ်သည့် တရားရုံးက ဆောင်ရွက်ပိုင်ခွင့် ရှိစေရမည်။

**ဤဥပဒေအရ မှတ်ပုံတင်ထားသည့် လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူအနေဖြင့် နိုင်ငံခြားတိုင်းပြည်တွင် ဆောင်ရွက်ရန်အာဏာ**

၃၇၃။ နိုင်ငံခြားလူမွဲမှုခင်းများတွင် ပါဝင်ဆောင်ရွက်နိုင်ရန် သက်ဆိုင်သည့် နိုင်ငံခြားဥပဒေတွင် ခွင့်ပြုထားသည့်အတိုင်း ဤဥပဒေအရ တရားဝင်ပစ္စည်းထိန်း သို့မဟုတ် လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူအား နိုင်ငံခြားလူမွဲမှုခင်းများတွင် ဆောင်ရွက်စေနိုင်သည်။

**အများပြည်သူဆိုင်ရာမူဝါဒအရ ငြင်းဆိုခြင်း**

၃၇၄။ လျှောက်ထားမှုတစ်ရပ်သည် နိုင်ငံတော်၏ အများပြည်သူဆိုင်ရာမူဝါဒနှင့် ဆန့်ကျင်ကွဲလွဲနေပါက ဤအပိုင်းအရ စီရင်ပိုင်ခွင့်ရှိသည့် တရားရုံးသည် အဆိုပါလျှောက်ထားမှုကို ငြင်းဆိုနိုင်သည်။

**အခြားဥပဒေများအရ နောက်ဆက်တွဲအကူအညီများ ထပ်မံပေးခြင်း**

၃၇၅။ နိုင်ငံတော်၏ အခြားတည်ဆဲဥပဒေများအရ နိုင်ငံခြားကိုယ်စားလှယ်အား တရားရုံး သို့မဟုတ် လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူမှ နောက်ဆက်တွဲအကူအညီ ထပ်မံပေးနိုင်သည့်အာဏာကို ဤအပိုင်းအရ ကန့်သတ်ခြင်း မရှိစေရ။

**အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်း**

၃၇၆။ ဤအပိုင်းပါပြဋ္ဌာန်းချက်များနှင့် စပ်လျဉ်း၍ အဓိပ္ပာယ်ကောက်ယူရာတွင် နိုင်ငံတကာစံနှုန်းများကို သဘောရိုးဖြင့် လိုက်နာဆောင်ရွက်ခြင်းနှင့် ယင်းတို့ကို လက်တွေ့အသုံးချရာတွင် တစ်ပြေးညီဖြစ်စေခြင်းတို့ကို အလေးထားထည့်သွင်း စဉ်းစားရမည်။

**အခန်း (၃)**

**နိုင်ငံခြားကိုယ်စားလှယ်များနှင့် မြီရှင်များ တရားရုံးသို့ လျှောက်ထားခွင့် တိုက်ရိုက် လျှောက်ထားခွင့်**

၃၇၇။ နိုင်ငံခြားကိုယ်စားလှယ်သည် ဤအပိုင်းအရ စီရင်ပိုင်ခွင့်အာဏာရှိသည့် တရားရုံးသို့ တိုက်ရိုက်လျှောက်ထားခွင့်ရှိသည်။

**စီရင်ပိုင်ခွင့်ကန့်သတ်ခြင်း**

၃၇၈။ နိုင်ငံခြားကိုယ်စားလှယ်က ဤအပိုင်းအရ စီရင်ပိုင်ခွင့်အာဏာရှိသည့် တရားရုံးသို့ ဤအပိုင်းပါပြဋ္ဌာန်းချက်များနှင့်အညီ လျှောက်ထားသည်ဆိုရုံမျှဖြင့် နိုင်ငံရပ်ခြားရှိမြီစားပိုင်ပစ္စည်းများ သို့မဟုတ် လုပ်ငန်းကိစ္စရပ်များအားလုံးသည် ယင်းလျှောက်ထားမှုမှအပ နိုင်ငံတော်အတွင်းရှိ တရားရုံးများ၏ စီရင်ပိုင်ခွင့်အာဏာနှင့် သက်ဆိုင်ခြင်း မရှိစေရ။

**ဤဥပဒေအရ လူမွဲမှုခင်းစတင်ရန် နိုင်ငံခြားကိုယ်စားလှယ်က လျှောက်ထားခြင်း**

၃၇၉။ သတ်မှတ်စည်းကမ်းချက်များနှင့် ကိုက်ညီလျှင် နိုင်ငံခြားကိုယ်စားလှယ်တစ်ဦးသည် ဤဥပဒေအရ လူမွဲမှုခင်း စတင်ဆောင်ရွက်ရန် လျှောက်ထားခွင့်ရှိသည်။

**ဤဥပဒေအရ လူမွဲမှုခင်းတွင် နိုင်ငံခြားကိုယ်စားလှယ် ပါဝင်ဆောင်ရွက်ခြင်း**

၃၈၀။ နိုင်ငံခြားလူမွဲမှုခင်းအား အသိအမှတ်ပြုသည့်အခါ ဤဥပဒေအရ မြီစားနှင့် ပတ်သက်သည့် မှုခင်းတွင် နိုင်ငံခြားသားကိုယ်စားလှယ်သည် ပါဝင်ဆောင်ရွက်ခွင့်ရှိသည်။

**ဤဥပဒေအရ နိုင်ငံခြားမြီရှင်များက လျှောက်ထားခွင့်**

၃၈၁။ (က) ပုဒ်မခွဲ (ခ) အရ ဤဥပဒေနှင့်အညီ လူမွဲမှုခင်းတစ်ခုတွင် ပါဝင်သူ သို့မဟုတ် စတင်ဆောင်ရွက်သူ နိုင်ငံခြားမြီရှင်များသည် နိုင်ငံတော်အတွင်းရှိ မြီရှင်များကဲ့သို့ တန်းတူအခွင့်အရေး ရရှိစေရမည်။

( ခ ) ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်များသည် ဤဥပဒေပါ တောင်းဆိုမှုများ အဆင့်သတ်မှတ်ချက်ကိုလည်းကောင်း၊ နိုင်ငံခြားမှ အခွန်အခများ၊ လူမှုဖူလုံရေးဆိုင်ရာ တောင်းဆိုချက်များနှင့် ဒဏ်ကြေးငွေများအား ငြင်းပယ်ပိုင်ခွင့်ကိုလည်းကောင်း ထိခိုက်ခြင်း မရှိစေရ။ သို့ရာတွင် နိုင်ငံခြားမှ အခွန်အခများ၊ လူမှုဖူလုံရေး ဆိုင်ရာ တောင်းဆိုချက်များနှင့် ဒဏ်ကြေးငွေများ အပေါ် တောင်းဆိုမှုများမှအပ နိုင်ငံခြားမြီရှင်တစ်ဦး၏ တောင်းဆိုမှုသည် ဤဥပဒေအရသတ်မှတ်ထားသည့် ဦးစားပေးမဟုတ်သည့် တောင်းဆိုမှုများအဆင့် သတ်မှတ်ချက်ထက် မနိမ့်စေရ။

**ဤဥပဒေအရ လူမွဲမှုခင်းဆောင်ရွက်ခြင်းကို နိုင်ငံခြားမြီရှင်များသို့ အကြောင်းကြားခြင်း**

၃၈၂။ (က) ဤဥပဒေအရ ဤနိုင်ငံရှိမြီရှင်များထံ အကြောင်းကြားရန်ရှိသည့်အခါတိုင်း ယင်းအကြောင်းကြားစာကို ဤနိုင်ငံတွင် အကြောင်းကြားရန် နေရပ်လိပ်စာမရှိသည့် မြီရှင်များထံသို့လည်း ပေးပို့ရမည်။ နေရပ်လိပ်စာမသိရှိသေးသောမြီရှင်များထံသို့ အကြောင်းကြားရန်အတွက် တရားရုံးသည် သင့်သည် ထင်မြင်သည့်နည်းလမ်းအတိုင်း ဆောင်ရွက်စေရန် အမိန့်ချမှတ်နိုင်သည်။

( ခ ) ထူးခြားသောအခြေအနေများအရ အခြားသော နည်းလမ်းဖြင့် ပေးပို့ပါက ပို၍သင့်လျော်သည်ဟု တရားရုံးက ထင်မြင်ယူဆသည်မှအပ ထိုအကြောင်းကြားစာကို နိုင်ငံခြားမြီရှင်တစ်ဦးချင်းစီထံသို့ ပေးပို့ရမည်။ သို့သော် တရားဝင်တောင်းခံစာ သို့မဟုတ် အခြားအလားတူ ပုံစံဖြင့် ပေးပို့ရန် လိုအပ်ခြင်း မရှိစေရ။

( ဂ ) လူမွဲမှုခင်းစတင်ကြောင်း အကြောင်းကြားစာတွင် အောက်ပါအချက်များ ပါဝင်ရမည်-

(၁) တောင်းဆိုမှုကိုလျှောက်ထားရန်အတွက်လုံလောက်သည့် အချိန်ကာလနှင့် လျှောက်ထားရမည့်နေရာကို သတ်မှတ်ပေးခြင်း၊

(၂) အာမခံအကျိုးခံစားခွင့်ရ မြီရှင်များ၏ တောင်းဆိုမှုများကို လျှောက်ထားရန်လို မလို သတ်မှတ်ဖော်ပြခြင်း၊

(၃) နိုင်ငံတော်၏ တည်ဆဲဥပဒေနှင့်တရားရုံး၏ အမိန့်အရ ယင်းအကြောင်းကြားစာတွင် ထည့်သွင်းဖော်ပြရမည့် အခြားသော လိုအပ်သည့် အချက်အလက်များကို ထည့်သွင်းဖော်ပြခြင်း။

*(ဆက်လက်ဖော်ပြပါမည်)*

## ၂၀၁၅ ခုနှစ်မှ ၂၀၁၉ ခုနှစ် လေးနှစ်တာကာလတွင် သရက်မြို့နယ်အတွင်း လမ်းတံတားများ တိုးတက်ကောင်းမွန်လာ

**သရက် မတ် ၁၃**

မကွေးတိုင်းဒေသကြီး သရက်မြို့နယ်အတွင်းမှာ ၂၀၁၅ ခုနှစ်မှ ၂၀၁၉ ခုနှစ် လေးနှစ်တာကာလအတွင်း လမ်းတံတားများ တိုးတက်ကောင်းမွန်လာကြောင်း သိရသည်။

သရက်မြို့နှင့် ဆက်သွယ်ထားသည့် သရက်-ကံမလမ်း၊ သရက်-မင်းတုန်းလမ်း၊ သရက်-မင်းလှလမ်းများကိုလည်း ၁၂ ပေအကျယ်မှ ၁၈ ပေ အကျယ်ထိ တိုးချဲ့လာခဲ့သည်။ သရက်မြို့တွင်း အဝေးပြေးလမ်း ၁၈ ပေအကျယ်မှ ၂၄ ပေ အကျယ်အထိ တိုးချဲ့ဆောင်ရွက်နိုင်ခဲ့သည်။

ရာသီမရွေးသွားလာနိုင်ရန် သရက် - ကံမလမ်း၊ သရက်-မင်းလှလမ်းရှိ ရေကျော်များကို အာစီကွန်ကရစ်တံတားများ တည်ဆောက်ပေးနိုင်ခဲ့သည်။ မြို့နယ်ချင်းဆက်လမ်းများရှိ မျက်ကွယ်ကွေ့များဖြောင့်ခြင်း၊ မျက်ကွယ်ကုန်းများ နှိမ့်ချခြင်းများ ဆောင်ရွက်ခဲ့သည်။

လာမည့်နှစ်မှာလည်း သရက်-ကံမလမ်း၊ မင်းတုန်းချောင်းနှင့် ပနီချောင်းဆုံရာတွင်ရှိသည့် ရေနံသာတံတားကို တန် ၆၀ အထိ ဖြတ်သန်းနိုင်သည့် အာစီတံတားအဖြစ် သက်ဆိုင်ရာဌာနက ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။ သရက်မြို့တွင် လမ်းတံတားများကို တိုးမြှင့်လုပ်ကိုင်မည်ဖြစ်ကြောင်း၊ သရက်-အောင်လံ ရောဂတီမြစ်ဖြတ်တံတားကြီးကိုလည်း ဆောက်နေပြီဖြစ်ကြောင်း၊ ယင်းနောက် သရက်၊ အောင်လံ၊ နေပြည်တော်၊ မကွေး၊ ရန်ကုန်၊ မန္တလေးမြို့ကြီးများလည်း ခရီးသွားလာရေး အဆင်ပြေကောင်းမွန်တော့မည် ဖြစ်ကြောင်း ဒေသခံတစ်ဦးက ပြောသည်။

လေးနှစ်တာကာလအတွင်း သရက်မြို့နယ်၏ လမ်းတံတားများတိုးတက် ကောင်းမွန်လာခြင်းကြောင့် ဒေသခံများ စီးပွားရေး၊ လူမှုရေး၊ ဘာသာရေး၊ ကျန်းမာရေး အဆင်ပြေချောမွေ့လာကြောင်း သိရသည်။ **ပေါက်ကလေး(သရက်)**



သရက်မြို့တွင်းတစ်နေရာအား လမ်းအဆင့်မြှင့်တင်နေသည့် လုပ်ငန်းခွင်။

## ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ(ဒုတိယအကြိမ်) လူထုတွေ့ဆုံပွဲအခမ်းအနား ထားဝယ်မြို့၌ကျင်းပ

**ထားဝယ် မတ် ၁၃**

PTTEPI ၏ ကမ်းလွန်လုပ်ကွက်အမှတ် M9 တွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ(ဒုတိယအကြိမ်) လူထုတွေ့ဆုံပွဲအခမ်းအနားကို ယမန်နေ့က တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ဟိုတယ်ထားဝယ်၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း MOGE ကိုယ်စားလှယ်ဦးနေအောင်က မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ကမ်းလွန်လုပ်ကွက် M9 တွင် ထုတ်လုပ်မှုခွဲဝေခံစား ရေးဆိုင်ရာ အခြေခံစာချုပ်နှင့် လက်ရှိလုပ်ကိုင်နေသော လုပ်ကွက် M9 တွင် ၂၀၂၀ တတိယသုံးလပတ်တွင် အကဲဖြတ် ဆက်လက်တူးဖော်သွားရန် အစီအစဉ်ရှိကြောင်း၊ မြန်မာနိုင်ငံတွင်ရှိသော တာဝန်ရှိသူများနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းအရ စီမံကိန်းအတွက် ပြီးခဲ့သော တူးဖော်ရေးလုပ်ငန်းနှင့် ပတ်သက်၍ ၂၀၁၉ ဩဂုတ်လတွင် နယ်ပယ်အတိုင်းအတာ အစီရင်ခံစာကို ပထမအကြိမ် လာရောက်တွေ့ဆုံပြီးဖြစ်ကာ ပတ်ဝန်းကျင်ဆန်းစစ်အစီရင်ခံစာအတွက် ဒုတိယအကြိမ် လာရောက်ရှင်းလင်းတင်ပြခြင်းဖြစ်ကြောင်း၊ ယခုတက်ရောက်လာသော ဌာနဆိုင်ရာများနှင့် သတင်းမီဒီယာများအနေဖြင့် လုပ်ငန်းနှင့်ပတ်သက်ပြီး သဘောထားမှတ်ချက်များ၊ အကြံပြုချက်များကို လွတ်လပ်စွာ ပါဝင်ဆွေးနွေးပေးကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် PTTEPI ကုမ္ပဏီတာဝန်ခံ ဦးဝေဖြိုးအောင်က PTTEPI သည် အနာဂတ်တွင် စွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းပေးရန်နှင့် မြန်မာနိုင်ငံ၏ စွမ်းအင်ကဏ္ဍ ပိုမိုတိုးတက်လာစေရန်အတွက် လုပ်ကွက် M9 တွင် အကဲဖြတ်တွင်းအသစ်များ တူးဖော်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ လုပ်ကွက်အမှတ် M9 တွင် လက်ရှိလုပ်ငန်းဆောင်ရွက်နေမှုများအကြောင်း၊ စီမံကိန်းဆိုင်ရာ သတင်းအချက်အလက်များအကြောင်း၊ တွင်းတူးဖော်ခြင်းအကြောင်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ တူးဖော်ရေးလုပ်ငန်းစဉ်များအကြောင်း စသည်တို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ AECOM(Thailand)Limited နှင့် E-Guard Environmental Services(E-Guard) အကြံပေးကုမ္ပဏီမှ တွဲဖက်အတွင်းရေးမှူး ဦးအောင်မြင့်မြတ်က ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း လုပ်ဆောင်ရခြင်း ရည်ရွယ်ချက်များအကြောင်း၊ ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ အခြေခံအချက်အလက်များ ကောက်ယူခြင်းအကြောင်း၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းနှင့် လျှော့ချရေးနည်းလမ်းများအကြောင်းနှင့် ရှေ့ဆက်လုပ်ဆောင်မည့် အစီအစဉ်များအကြောင်း စသည့်တိုကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာသူများက သိရှိလိုသည်များကိုမေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားသည်။

**ခရိုင် (ပြန်/ဆက်)**

## လှိုင်သာယာမြို့နယ် အနောက်ပိုင်း၌ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးရုံးလုပ်ငန်းများ စတင်ဆောင်ရွက်နေ

**ရန်ကုန် မတ် ၁၃**

ရန်ကုန်တိုင်းဒေသကြီးတွင် လူဦးရေများသော လှိုင်သာယာမြို့နယ်ကို အရှေ့ခြမ်းနှင့် အနောက်ခြမ်းအဖြစ် ပိုင်းခြားသတ်မှတ်ကာ မြို့နယ်ကိုနှစ်ပိုင်းခွဲ၍ အုပ်ချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ရပ်ကွက်၊ ကျေးရွာပေါင်း ၁၅ ခု ပါရှိသော လှိုင်သာယာအနောက်ပိုင်းအတွက် ဌာနဆိုင်ရာရုံးများကို အကောင်အထည်ဖော်လျက်ရှိရာ ဌာနဆိုင်ရာရုံးများတွင် အနောက်ပိုင်းလူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဆိုင်ရာမြို့နယ်ဦးစီးမှူးရုံးကို မတ် ၃ ရက်မှစ၍ လုပ်ငန်းပိုင်းဆိုင်ရာ စတင်အသက်ဝင်ထမ်းဆောင်နေကြောင်း သိရသည်။

လှိုင်သာယာမြို့နယ်အနောက်ပိုင်းတွင် ရပ်ကွက်နှင့်ကျေးရွာ ၁၅ ခု ပါဝင်ပြီး အိမ်ထောင်စု ၃၆၃၀၀ နှင့် လူဦးရေ ၂၃၇၃၅၇ ဦး နေထိုင်လျက်ရှိကာ အရှေ့ပိုင်းရပ်ကွက်တွင် ကျေးရွာ ၁၅ ခုပါဝင်ပြီး အိမ်ထောင်စု ၃၀၃၆၀ နှင့် လူဦးရေ ၁၉၄၂၀၀ နေထိုင်လျက်ရှိကာ လှိုင်သာယာ၌ရပ်ကွက်ပေါင်း၂၀နှင့် ကျေးရွာအုပ်စုကိုးအုပ်စုရှိကြောင်း၊ မဲစာရင်းလူဦးရေအရ ၇၃၀၀၀၀ ကျော်ရှိကြောင်း အရှေ့ပိုင်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးမှူးရုံးမှ သိရသည်။

မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာရုံးတွင် ဖွဲ့စည်းပုံအရ ဝန်ထမ်း ၂၅ ဦးထားရှိရမည်ဖြစ်သော်လည်း ၁၈ ဦးဖြင့် နိုင်ငံခြားသားနေထိုင်မှုနှင့် ဘာသာရေးဆိုင်ရာကျောင်းပေါင်း ရာကျော်ရှိသည့်အပြင် လူဦးရေများသော မြို့နယ်တစ်ခုဖြစ်သောကြောင့် လုပ်ငန်းပိုင်းဆိုင်ရာ အခက်အခဲများရှိခဲ့ပြီး ယခုကဲ့သို့ မြို့နယ်အား အရှေ့ပိုင်းနှင့် အနောက်ပိုင်းခွဲခြားမှုအပေါ် လုပ်ငန်းပိုင်းဆိုင်ရာ ထိန်းချုပ်နိုင်မှုနှင့် ဝန်ဆောင်မှုကိုပို၍ ပေးနိုင်ပြီဖြစ်ကြောင်း သိရသည်။

လှိုင်သာယာမြို့နယ်ကို အရှေ့ပိုင်း၊ အနောက်ပိုင်းအဖြစ် ကျန်စစ်သားလမ်းမကြီးကို ဗဟိုပြု၍ ပိုင်းခြားထားရာ အရှေ့ပိုင်းတွင် ရပ်ကွက်ကျေးရွာ ၁၄ ခုနှင့် အနောက်ပိုင်းတွင် ရပ်ကွက်၊ ကျေးရွာ ၁၅ ခု ပိုင်းခြားထားကာ ကျန်သော ဌာနဆိုင်ရာများ လည်ပတ်နိုင်မှုမရှိသေးသော်လည်း မတ် ၃ ရက်မှစ၍ အနောက်ပိုင်းလူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာရုံးအနေဖြင့် လုပ်ငန်းပိုင်ဆိုင်ရာများ စတင်ထမ်းဆောင်လျက်ရှိကြောင်း သိရသည်။

**သစ္စာ**

## မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ၄ ခုတွင် ဆင်ခြေထောက်ရောဂါကာကွယ်ဆေး တိုက်ကျွေးမည်

**မန္တလေး မတ် ၁၃**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကျောက်ဆည်ခရိုင်၊ မြင်ခြံခရိုင်၊ မိတ္ထီလာခရိုင်နှင့် ရမည်သင်းခရိုင် စသည့် ခရိုင် ၄ ခုတွင် ဆင်ခြေထောက်ရောဂါကာကွယ်ဆေးများကို မတ် ၂၇ ရက်မှ ဧပြီ ၆ ရက်အထိ ၁၀ ရက်ကြာ တိုက်ကျွေးမည်ဖြစ်ကြောင်း မတ် ၁၁ ရက်က တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည့် အသိပေးရှင်းလင်းပွဲတွင် တိုင်းဒေသကြီး ရောဂါပိုးမျိုး သယ်ဆောင်သော ပိုးမွှားကောင်များမှ တစ်ဆင့် ကူးစက်တတ်သောရောဂါများ ကာကွယ်နှိမ်နင်းရေးဌာန တာဝန်ခံ ဒေါက်တာတင့်ဝေက ပြောကြားသည်။

ဆင်ခြေထောက်ရောဂါကင်းဝေးရေးအတွက် သံချဆေးပေါင်းတိုက်ကျွေးခြင်းအားဖြင့် ရောဂါလက္ခဏာမပြဘဲ သွေးကြော၊ အဆုတ်၊ အကြိတ်၊ အသည်း၊ သည်းခြေအိတ်ပြွန်နှင့်အစာအိမ်အူလမ်းကြောင်း အကြိတ်တို့တွင် ရှိနေကြသော ဆင်ခြေထောက်သန်ကောင်များ၊ သန်လုံး၊ သန်ပြား၊ သန်ကောင်၊ တုတ်သန်ကောင်များ သေဆုံး၍ ရောဂါကင်းစင်မည်ဖြစ်သည့်အပြင် စားသမျှအာဟာရကိုလည်း ကောင်းမွန်စွာရရှိမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်း အသိအမှတ်ပြုလက်မှတ်ပေးအပ်ပွဲ လွိုင်လင်မြို့၌ ကျင်းပ

**လွိုင်လင် မတ် ၁၃**

ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ယမန်နေ့က စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းအသိအမှတ်ပြုလက်မှတ်ပေးအပ်ပွဲ ကျင်းပရာ ခရိုင်ဦးစီးမှူး ဒေါ်နန်းစောမြက အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူး ဒေါ်အေးမို့မို့ထွန်းက စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများအား ဆွေးနွေးတင်ပြပေးခဲ့သည်။

ဆက်လက်၍ တာဝန်ရှိသူများက စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်း အသိအမှတ်ပြုလက်မှတ်များနှင့် မြန်မာ-ဂျီအေပီစိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ စိုက်ပျိုးထုတ်လုပ်သူများထားရှိရမည့် မှတ်တမ်းစာအုပ်ကို တောင်သူများထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဝင်းမင်းသန့်(ပြန်/ဆက်)**

## ပူတာအို၌ နွေရာသီအခြေခံအားကစားသင်တန်း အခမဲ့ဖွင့်လှစ်မည်

**ပူတာအို မတ် ၁၃**

ကချင်ပြည်နယ် ပူတာအိုခရိုင် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနအနေဖြင့် နွေရာသီအခြေခံ အားကစားသင်တန်းများ အောင်မြင်စွာ ဖွင့်လှစ်နိုင်ရေးအတွက် စီမံချက်ရေးဆွဲ၍ နှစ်စဉ်ဖွင့်လှစ်ပေးလျက်ရှိရာ ယခုနှစ် နွေရာသီအခြေခံ အားကစားသင်တန်းတွင် အားကစားနည်းလေးမျိုးဖြင့် ပူတာအိုမြို့ ပြည်သူ့အားကစားကွင်း၌ မတ် ၁၆ ရက်မှ ၃၁ ရက်အထိ အခမဲ့ဖွင့်လှစ်မည်ဖြစ်သည်။

ယင်းသင်တန်းကို ပူတာအိုမြို့နယ်အတွင်းရှိ ကျောင်းသား ကျောင်းသူများနှင့် အားကစားဝါသနာရှင် လူငယ်မောင်မယ်များ အားကစားအဆင့်အတန်း တိုးတက်မြင့်မားလာစေရန်၊ အားကစားလှုပ်ရှားခြင်းဖြင့် ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်လာစေရန်၊ အား/ကာသိပ္ပံသင်တန်းသားရရှိရန်၊ အားကစားလှုပ်ရှားခြင်းဖြင့် ကာယ၊ ဉာဏ၊ စာရိတ္တ တိုးတက်ဖွံ့ဖြိုးမြင့်မားလာစေရန်နှင့် မျိုးဆက်သစ်အားကစားသမားကောင်းများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ ဖွင့်လှစ်ရခြင်းဖြစ်ပြီး ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် ပူတာအိုမြို့နယ်မှ အား/ကာသိပ္ပံကျောင်းသို့ သင်တန်းသား သုံးဦး ရွေးချယ်တက်ရောက်ခွင့်ရရှိခဲ့ကြောင်း မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန နည်းစနစ်မှူး ဒေါ်အားတာဒွေ့ထံမှ သိရသည်။

အဆိုပါသင်တန်းတွင် ပြေးခုန်ပစ်အားကစားနည်းကို နေ့စဉ်နံနက် ၈ နာရီမှ ၁၀ နာရီအထိလည်းကောင်း၊ ကရာတေးအားကစားနည်းကို နံနက် ၉ နာရီမှ ၁၁ နာရီအထိလည်းကောင်း၊ အေရိုးဗစ်အားကစားနည်းကို နံနက် ၉ နာရီမှ ၁၂ နာရီအထိလည်းကောင်း၊ ဘောလုံးအားကစားနည်းကို ညနေ ၃ နာရီမှ ၅ နာရီအထိလည်းကောင်း ပြည်သူ့အားကစားကွင်းတွင် ဖွင့်လှစ်သွားမည်ဖြစ်ပြီး သင်တန်းတက်ရောက်လိုသူများအနေဖြင့် ခရိုင်/မြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာနရုံးတွင် လာရောက်စာရင်းပေးသွင်းနိုင်မည်ဖြစ်ကြောင်း သိရသည်။ **ဖုန်ကန် (ပူတာအို)**


ကျေးလက်မျှော်စင် ဂျာနယ်

ထွက်ရှိ

၁၅ - ၃ - ၂၀၂၀ ရက်နေ့ထုတ် အတွဲ(၁၇)၊ အမှတ်(၆)တွင်

- နိုင်ငံဖွံ့ဖြိုးတိုးတက်ခြင်းနှင့် အမျိုးသမီးများ၏ ကောင်းမြတ်သော စွမ်းရည်
- သီးနှံအထွက်တိုးမှုအပေါ် တာတမံရေထိန်းတံခါးများ၏ အကျိုးသက်ရောက်မှု
- တောင်သူလယ်သမားဘဝ ဖွံ့ဖြိုးတိုးတက်ရေး ပိုင်းဝန်းမြှင့်တင်ပေး
- ကြက်သွန်စိုက်တောင်သူများ အဆင်ပြေပါသလား
- နေကြာအထွက်နှုန်းအပေါ် ပျားများ၏ အကျိုးပြုမှု
- နောက်မှရတဲ့ နောင်တ သုံးမရ
- ရှားပါးပင်လယ်ရေနေသတ္တဝါ ရေဝက်များအကြောင်း
- စာမလိုက်နိုင်၊ စိတ်ပုံမှန်မဟုတ်၊ မျက်မှန်မလွတ်တဲ့ ကလေးတွေ
- ကျန်းမာရေးအတွက် သစ်သီးဝလံ စားသုံးပါ
- ခံတွင်းသန့်ရှင်း အာပုတ်နံ့ကင်းရန် အပါအဝင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေး၊ သုတရသ စုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ပါသည်။



တစ်စောင် (၂၀၀) ကျပ်

အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးများတွင် ဝယ်ယူရရှိနိုင်ပါသည်။

၂၀၂၀ ပြည့်နှစ်အတွင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို ကျင်းပတော့မည်ဖြစ်ရာ အဆိုပါရွေးကောက်ပွဲကြီးနှင့် ပတ်သက်၍ ရွေးကောက်ပွဲဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင်ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏ အာဘော်သာဖြစ်ပါသည်။

(စာတည်းအဖွဲ့)

# ၂၀၂၀ပြည့်နှစ် အထွေထွေရွေးကောက်ပွဲနှင့်အတူ (၂)
# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲများ



မောင်စာဂ

၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲသည် တတိယအကြိမ် လွှတ်တော်သက်တမ်းအတွက် ကျင်းပမည့် အထွေထွေ ရွေးကောက်ပွဲဖြစ်သည်။ ရွေးကောက်ပွဲကို ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ဦးဆောင်၍ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်က ကြီးကြပ်ကာ ကျင်းပပေး သွားမည်ဖြစ်သည်။ သို့ဖြစ်ရာ ရွေးကောက်ပွဲကော်မရှင် ဆိုတာဘာလဲ၊ ဘယ်လိုဖွဲ့စည်းထားသလဲ၊ ဘာတာဝန် တွေရှိသလဲ၊ ရွေးကောက်ပွဲကော်မရှင်နှင့် ကော်မရှင် အဖွဲ့ခွဲအဆင့်ဆင့်အကြောင်း လေ့လာမိသည်။ အနှစ်ချုပ် မျှဝေပါရစေ။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကိုဖွဲ့စည်းခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၈ နှင့် အညီ နိုင်ငံတော် သမ္မတက ဖွဲ့စည်းသည်။ နိုင်ငံတော်သမ္မတသည် လွှတ်တော်ကိုယ်စားလှယ်များထဲမှဖြစ်စေ၊ လွှတ်တော် ကိုယ်စားလှယ် မဟုတ်သူများထဲမှဖြစ်စေ သတ်မှတ် ထားသည့် အရည်အချင်းများနှင့်ပြည့်စုံသော သင့်လျော် သည့်ပုဂ္ဂိုလ်များကို ရွေးချယ်ရသည်။ ထိုသို့ရွေးချယ်ထား သည့် ပုဂ္ဂိုလ်များ၏ အမည်စာရင်းကိုစုစည်း၍ ပြည်ထောင်စုလွှတ်တော်သို့တင်သွင်းလျက် ပြည်ထောင်စု လွှတ်တော်၏ သဘောတူညီချက်ဖြင့် ဥက္ကဋ္ဌ အပါအဝင် အဖွဲ့ဝင်အနည်းဆုံးငါးဦးဖြင့် ဖွဲ့စည်းသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအတွက် သတ်မှတ်ပေးထားသည့် အရည် အချင်းများမှာ အသက် ၅၀ ပြည့်ပြီးသူဖြစ်ရမည်။ ယင်းအသက်ကန့်သတ်ချက်မှအပ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ပြည့်စုံသူဖြစ်ရမည်။ ပြည်ထောင်စု တရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရား လွှတ်တော်တရားသူကြီးအဖြစ်ဖြစ်စေ၊ အလားတူ ရာထူးတာဝန်တစ်ခုခုတွင်ဖြစ်စေ၊ အနည်းဆုံး ငါးနှစ် ဆောင်ရွက်ခဲ့သူ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ထက်မနိမ့်သော တရားရေးအရာရှိ သို့မဟုတ် ဥပဒေအရာရှိရာထူးတွင် အနည်းဆုံး ၁၀ နှစ် တာဝန်ထမ်းခဲ့သူ သို့မဟုတ် တရားလွှတ်တော်ရှေ့နေ အဖြစ် အနည်းဆုံး အနှစ် ၂၀ အမှုလိုက်ပါဆောင်ရွက်ဖူးသူ သို့မဟုတ် ထင်ပေါ်ကျော်ကြားသည့် ဂုဏ်သတင်းရှိသော ပုဂ္ဂိုလ်အဖြစ် နိုင်ငံတော်သမ္မတက ယူဆရသူဖြစ်ရမည်။

ထို့အပြင် သိက္ခာသမာဓိရှိပြီး အတွေ့အကြုံ ရင့်ကျက် သူဖြစ်ရမည်။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးချယ်တင်မြှောက်ခံပိုင်ခွင့်မရှိစေသော ပြဋ္ဌာန်းချက် များနှင့် ငြိစွန်းမှုမရှိသူ ဖြစ်ရမည်။ နိုင်ငံတော်နှင့်နိုင်ငံ သားများပေါ် သစ္စာရှိသူဖြစ်ရမည်။ နိုင်ငံရေးပါတီဝင် မဟုတ်သူဖြစ်ရမည်။ လွှတ်တော်ကိုယ်စားလှယ် မဟုတ် သူဖြစ်ရမည်။ လစာ၊ စရိတ်၊ ကြေးငွေရသော မည်သည့် ရာထူးကိုမျှ လက်ခံခြင်းမပြုသူဖြစ်ရမည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏သက်တမ်း**

ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ်တွင် နိုင်ငံတော် သမ္မတ၊ ဒုတိယသမ္မတများနှင့် ပြည်ထောင်စုအဆင့်အဖွဲ့ အစည်းဝင်များ၏သက်တမ်းကို အတိအကျပြဋ္ဌာန်းထား သည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏သက်တမ်းကို ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ်တွင် ပြဋ္ဌာန်းချက် တစ်စုံတစ်ရာမပါရှိပါ။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ က ပြဋ္ဌာန်းခဲ့သည့် ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲ ကော်မရှင်ဥပဒေပုဒ်မ ၇ တွင် ပြည်ထောင်စုရွေးကောက် ပွဲကော်မရှင်၏သက်တမ်းသည် နိုင်ငံတော်သမ္မတက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ ကော်မရှင်တစ်ရပ်ကို ဖွဲ့စည်းပြီးသည်အထိ ဖြစ်သည်ဟူ၍ ပြဋ္ဌာန်းထားသည်။ ယင်းပြဋ္ဌာန်းချက်သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ က ဖွဲ့စည်းပေးခဲ့သော ရွေးကောက်ပွဲကော်မရှင်အတွက် ဖြစ်ပါမည်။ ၂၀၁၀ ပြည့်နှစ် ပြည်ထောင်စုရွေးကောက် ပွဲကော်မရှင်ဥပဒေကိုရုပ်သိမ်း၍ ၂၀၁၂ ခုနှစ် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥပဒေကို ပြဋ္ဌာန်းသည့်အခါ ပုဒ်မ ၆ တွင် "ဖွဲ့စည်းထားသော ကော်မရှင်၏သက်တမ်း သည် နိုင်ငံတော်သမ္မတ၏ရာထူးသက်တမ်းဖြစ်သည်" ဟူ၍ သက်တမ်းကို ထပ်မံထည့်သွင်းပြဋ္ဌာန်းခဲ့သည်။ ထို့ကြောင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သက်တမ်းကို ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ သတ်မှတ်ခြင်းမဟုတ်ဘဲ ၂၀၁၂ ခုနှစ် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥပဒေအရ သတ်မှတ်ပြဋ္ဌာန်းခဲ့ ခြင်းဖြစ်ကြောင်း တွေ့ရသည်။

**ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ဖွဲ့စည်းခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် တိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ၊ ပြည်ထောင်စုနယ်မြေရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ ခရိုင် နှင့် မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့ကို ရွေး ကောက်ပွဲကော်မရှင်ဥပဒေနှင့်အညီ ဖွဲ့စည်းသည်။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲသည် ကော်မရှင်က သတ်မှတ်ထား သည့် မူဝါဒနှင့်အညီ မိမိတို့၏ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများကို ဖွဲ့စည်းသည်။ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ကိုဖွဲ့စည်းရာတွင် အများ




ယုံကြည်လေးစားခြင်းခံရသူပုဂ္ဂိုလ်အနည်းဆုံး ၃ ဦးဖြင့် ဖွဲ့စည်းသည်။ ယင်းအဖွဲ့ဝင်များထဲမှ တစ်ဦးကို ဥက္ကဋ္ဌ အဖြစ် တာဝန်ပေးအပ်သည်။ သက်ဆိုင်ရာ ရွေးကောက်ပွဲ အရာရှိကို အတွင်းရေးမှူးအဖြစ် တာဝန်ပေးအပ်သည်။ လိုအပ်လျှင် နိုင်ငံ့ဝန်ထမ်းများကို အဖွဲ့ဝင်များအဖြစ် ထည့်သွင်းဖွဲ့စည်းနိုင်သည်။

အများယုံကြည်လေးစားခြင်းခံရသော ပုဂ္ဂိုလ်များ သည် အသက် ၄၀ နှစ်ပြည့်ပြီးသူဖြစ်ရမည်။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များအတွက် အသက်ကန့်သတ်ချက်ကို လျှော့ ပေါ့စဉ်းစားနိုင်သည်။ ထို့အပြင် နိုင်ငံသားဖြစ်ရမည်။ သိက္ခာသမာဓိနှင့်ပြည့်စုံပြီး အတွေ့အကြုံရင့်ကျက်သူ ဖြစ်ရမည်။ နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာရှိ သူဖြစ်ရမည်။ သက်ဆိုင်ရာဒေသတွင် အမြဲနေထိုင်ပြီး ဒေသခံပြည်သူများက ယုံကြည်လေးစားသူဖြစ်ရမည်။ နိုင်ငံရေးပါတီဝင်မဟုတ်သူ ဖြစ်ရမည်။ လွှတ်တော် ကိုယ်စားလှယ်မဟုတ်သူ ဖြစ်ရမည့်အပြင် မိမိတာဝန် ကျသည့်ဒေသ/မြို့နယ်အတွင်း ဝင်ရောက်ယှဉ်ပြိုင်မည့် လွှတ်တော်ကိုယ်စားလှယ်လောင်း၏ မိသားစုဝင်နှင့် အတူနေ ဆွေမျိုးသားချင်းများ မဖြစ်စေရ၊ ကော်မရှင် အဖွဲ့ခွဲဝင် တစ်ဦးဦးသည် ဤအချက်နှင့် ငြိစွန်းပါက နုတ်ထွက်ရမည်ဖြစ်သည်။ နိုင်ငံရေးပြစ်မှုဖြင့်သော်လည်း ကောင်း၊ အကျင့်စာရိတ္တဆိုင်ရာ ပြစ်မှုဖြင့်သော်လည်း ကောင်း တရားရုံး၏ ပြစ်ဒဏ်စီရင်ချက်ကျခံဖူးသူမဖြစ် စေရပါ။

**ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်၏သက်တမ်း**

ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ရှိ ဥက္ကဋ္ဌ နှင့်အဖွဲ့ဝင်များ၏ သက်တမ်းသည် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၏သက်တမ်းနှင့်အညီဖြစ်သည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏တာဝန်များ**

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၉ အရ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၏ တာဝန်များမှာ လွှတ်တော် ရွေးကောက်ပွဲများ ကျင်းပရသည်။ ကြီးကြပ်ပေးရသည်။ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ကို ဖွဲ့စည်းခြင်း၊ ကြီးကြပ် ခြင်း ဆောင်ရွက်ရသည်။ မဲဆန္ဒနယ်မြေသတ်မှတ်ခြင်းနှင့် ပြင်ဆင်သတ်မှတ်ခြင်း၊ မဲစာရင်းများပြုစုခြင်းနှင့် ပြင် ဆင်ခြင်းတို့ကို ဆောင်ရွက်ရသည်။ သဘာဝဘေး အန္တရာယ် သို့မဟုတ် နယ်မြေလုံခြုံရေးအခြေအနေ ကြောင့် လွတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲ ကျင်းပနိုင်ခြင်းမရှိသည့် မဲဆန္ဒနယ်များ၏ ရွေးကောက် ပွဲများကို ရွှေ့ဆိုင်းနိုင်သည်။

ထို့ပြင် ရွေးကောက်ပွဲဆိုင်ရာ သို့မဟုတ် နိုင်ငံရေးပါတီ များဆိုင်ရာ နည်းဥပဒေများကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ထုတ်ပြန်နိုင်သည်။ လုပ်ထုံး လုပ်နည်းများ၊ ညွှန်ကြားချက်များစသည်တို့ကို သက် ဆိုင်ရာဥပဒေများနှင့်အညီ ထုတ်ပြန်နိုင်သည်။ ရွေးကောက် ပွဲဆိုင်ရာအငြင်းပွားမှုများကို စစ်ဆေးနိုင်ရေးအတွက် ဥပဒေနှင့်အညီ ရွေးကောက်ပွဲခုံအဖွဲ့များ ဖွဲ့စည်းနိုင် သည်။ ဥပဒေတစ်ရပ်ရပ်အရ ပေးအပ်သည့်တာဝန်များ ကိုလည်း ထမ်းဆောင်ရသည်။

**ရွေးကောက်ပွဲကော်မရှင်နှင့် ရွေးကောက်ပွဲများကျင်းပခြင်း**

ပထမအကြိမ် လွှတ်တော်သက်တမ်းအတွက် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ကို ဥက္ကဋ္ဌ ဦးသိန်းစိုး ဦးဆောင်၍ အဖွဲ့ဝင် ၁၆ ဦးဖြင့် ၁၁-၃-၂၀၁၀ ရက်နေ့တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီက ဖွဲ့စည်းပေးခဲ့သည်။ ယင်းကော်မရှင်က ပထမအကြိမ် အထွေထွေရွေးကောက်ပွဲကို ၇ - ၁၁-၂၀၁၀ ရက်နေ့တွင် ကျင်းပပေးခဲ့သည်။

ပထမအကြိမ် အထွေထွေရွေးကောက်ပွဲပြီး၍ လွှတ်တော်အသီးသီးပေါ်လာသည်။ ဦးတင်အေး ဥက္ကဋ္ဌ အဖြစ် ဦးဆောင်၍ အဖွဲ့ဝင် ၆ ဦး ပါဝင်သော ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ကို ဖွဲ့စည်းပေးခဲ့ သည်။ ၂၀၁၂ ခုနှစ် တွင် ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပ ပေးခဲ့သည်။ ၃-၄-၂၀၁၅ ရက်နေ့တွင် နောက်ထပ်အဖွဲ့ဝင် ၈ ဦး ထပ်မံ တိုးချဲ့ဖွဲ့စည်းသည်။ ယင်းကော်မရှင်က ၂၀၁၅ ခုနှစ် ဒုတိယအကြိမ် အထွေထွေရွေးကောက်ပွဲကို ၈-၁၁-၂၀၁၅ ရက်နေ့တို့တွင် ကျင်းပပေးခဲ့သည်။

ဒုတိယအကြိမ် အထွေထွေရွေးကောက်ပွဲအပြီး ဦးလှသိန်း ဥက္ကဋ္ဌအဖြစ် ဦးဆောင်၍ အဖွဲ့ဝင် ၄ ဦး ပါဝင်သော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ဖွဲ့စည်းခဲ့သည်။ ၁၄-၆-၂၀၁၇ ရက်နေ့တွင် အဖွဲ့ဝင် ၂ ဦး ထပ်မံတိုးချဲ့ ဖွဲ့စည်းခဲ့သည်။ ၂၀၁၇ ခုနှစ်နှင့် ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတို့ကို ကျင်းပပေးခဲ့သည်။ ၈-၃-၂၀၁၉ ရက်နေ့တွင် အဖွဲ့ဝင် ၈ ဦးကို ထပ်မံတိုးချဲ့ ဖွဲ့စည်းခဲ့သည်။ ဤရွေးကောက်ပွဲကော်မရှင်က ၂၀၂၀ ပြည့်နှစ်အတွင်းကျင်းပမည့် အထွေထွေရွေးကောက်ပွဲကို တာဝန်ယူဦးဆောင်၍ ကျင်းပသွားမည်ဖြစ်သည်။

**ရွေးကောက်ပွဲနှင့်အတူ**

ရွေးကောက်ပွဲတစ်ခု ကျင်းပတော့မည်ဆိုလျှင် ရွေးကောက်ပွဲအကြိုကာလ၊ ရွေးကောက်ပွဲကာလနှင့် ရွေးကောက်ပွဲနှောင်းပိုင်းကာလဟူ၍ အချိန်ကာလ အားဖြင့် ၃ ပိုင်းခွဲခြားတွေ့မြင်နိုင်သည်။ ယခုအချိန် အခါသည် ရွေးကောက်ပွဲအကြိုကာလပင်ဖြစ်သည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ကော်မရှင် အဖွဲ့ခွဲ အဆင့်ဆင့်တို့သည် ရွေးကောက်ပွဲအကြိုကာလ ဆောင်ရွက်ရန်ရှိသည်များကို ဆောင်ရွက်ကြရပါမည်။ ရွေးကောက်ပွဲအကြိုကာလ ဆောင်ရွက်ရန်ရှိသည့် လုပ်ငန်းတာဝန်များမှာလည်း များပြားလှသည်။ အဓိက အချက်မှာ ပြည့်စုံမှန်ကန်သော မဲစာရင်းပြုစုရေးနှင့် ဆန္ဒမဲပေးပိုင် ခွင့်ရှိသူတိုင်း ဆန္ဒမဲပေးနိုင်ရေးဖြစ်သည်။ ဤသို့ဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲကို ပြည်သူတို့နှင့်အတူ ဖြတ်သန်းသွားရလိမ့်မည်ဖြစ်ကြောင်းပါ။

**ဥပဒေနှင့်အညီ လွတ်လပ်၍ တရားမျှတသော**
**ရွေးကောက်ပွဲများ ကျင်းပနိုင်ပါစေ။**
**တိုင်းရင်းသားပြည်သူတစ်ရပ်လုံး**
**ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ကြပါစေ။**
**ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတိုင်း ဆန္ဒမဲပေးနိုင်ကြပါစေ။**

**ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးချယ်တင်မြှောက်ခံ ပိုင်ခွင့်မရှိစေသော ပြဋ္ဌာန်းချက်များနှင့် ငြိစွန်းမှုမရှိသူ ဖြစ်ရမည်။ နိုင်ငံတော်နှင့် နိုင်ငံသားများပေါ် သစ္စာရှိသူဖြစ်ရမည်။ နိုင်ငံရေးပါတီဝင် မဟုတ်သူဖြစ်ရမည်။ လွှတ်တော်ကိုယ်စားလှယ် မဟုတ်သူဖြစ်ရမည်။ လစာ၊ စရိတ်၊ ကြေးငွေရသော မည်သည့်ရာထူးကိုမျှ လက်ခံခြင်း မပြုသူဖြစ်ရမည်**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)
မုဒုံမြို့နယ်တရားရုံးတော်
၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် - ၇

ဒေါ်သီတာဦး နှင့် ဦးသန်းထိုက်
တရားလို တရားပြိုင်

မွန်ပြည်နယ်၊ မုဒုံမြို့၊ သာယာကုန်းကျေးရွာ၊ အမှတ်-၃/၃၄ နေ ဦးသန်းထိုက် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်တရားလို ဒေါ်သီတာဦးက ငွေကျပ်(၆၅၀၀၀၀၀/-)ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍အရေးကြီးသည့် စကားအရပ်ရပ်တို့ကိုချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၀ ပြည့်နှစ် မတ် ၃၁ ရက် (၁၃၈၁ ခုနှစ် နှောင်းတန်ခူးလဆန်း၇ ရက်)နံနက် ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင်မျက်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ် မတ် ၁၂ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(တင်မာလာအောင်)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**မုဒုံမြို့နယ်တရားရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် ၁၉ယ/၂၁၈၈၆ Honda Dream 125 ယာဉ်လက်ဝယ်ရှိသူ ဦးဂိုလမ်ဟူစိန် ၁၀/မလမ(နိုင်)၁၅၀၄၄၇က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ပြည်နယ်ရုံး**
**မော်လမြိုင်မြို့**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
(တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
ဝါးခယ်မမြို့နယ်တရားရုံးတော်
၂၀၂၀ပြည့်နှစ် တရားမကြီးမှုအမှတ်(၂၁)

ကိုစိုးမြတ်ဦး နှင့် မမေသူလွင်
တရားလို တရားပြိုင်

ဝါးခယ်မမြို့နယ်၊ သော်ကရပ်ကွက်၊ ကမ်းနားလမ်းနေ မမေသူလွင် (ဘ) ဦးတင်ညွန့် (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ကိုစိုးမြတ်ဦးက လင်မယားကွာရှင်းပေးစေလိုမှုနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၀ပြည့်နှစ် မတ် ၁၉ရက်(၁၃၈၁ခုနှစ် တပေါင်းလပြည့်ကျော် ၁၁ရက်)မွန်းမတည့်မီ (၁၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကိုထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့်သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ်သင့်ကိုယ်စားလှယ်ရှေ့နေ လက်တွင်ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်ကတင်သွင်းရမည်။

၂၀၂၀ပြည့်နှစ် မတ် ၅ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ပြည့်ဖြိုးသိမ့်)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**ဝါးခယ်မမြို့နယ်တရားရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် 71W/88752 Honda Scoopyi 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်အောင် ၉/မခန(နိုင်)၀၁၃၂၈၄ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။
**ကညန၊ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် 49W/46986 Yunde 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးကျော်သူ ၉/မတရ(နိုင်)၁၅၀၂၃၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း
ယာဉ်အမှတ် DD/3044 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## အင်္ဂလိပ်ဖောင်းကြွပျောက် လျှောက်ထားခြင်း
ယာဉ်အမှတ် 3G/7358 ၏အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် ၄၅ယ/၇၆၈၆၈ YUNDE 110M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဇော်ထွေး ၉/အမဇ(နိုင်)၀၆၅၉၃၉က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ပျောက်ဆုံးကြောင်း
Unicef၏ အကောက်ခွန်ရှင်းလင်းရန်အတွက် Release Order Notification စာရွက်(၂)ရွက်နှင့် Customs Statement of Motor vehicle imported in to Yangon စာရွက်(၁)ရွက် မူရင်းများပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၂၁၀၄၄၈၈၀**

## အမြန်ပြန်လာပါ

ဇန်းမော်မြို့၊ ရိုးကြီးရပ်ကွက်နေ ဦးမြင့်ဝေ-ဒေါ်ထွေးတို့၏သား မောင်ဇင်မင်းဝေ၊ ဇန်းမော်မြို့ ကြက်ခြေနီစေတနာ့ဝန်ထမ်းသည် ၁၀-၁၀-၂၀၁၉ရက်တွင် နေအိမ်မှထွက်သွားသဖြင့် မိသားစုများစိတ်ပူနေပါသည်။ အမြန်ပြန်လာပါရန်နှင့် အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်ပေးပါရန်။
**မိခင်ဖြစ်သူ ဒေါ်ထွေး**
**ဖုန်း-၀၉-၄၀၃၇၀၃၂၆၇၊ ၀၉-၂၅၈၅၆၄၀၅၀**

## ကန့်ကွက်နိုင်ပါသည်
ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊(၁၃)ရပ်ကွက်၊ သီရိမြိုင် ၄လမ်း၊ အမှတ်(၁၀)၊ ဒါဘာ(ငါးလွှာ)၊ ခေါင်းရင်းတိုက်ခန်းကို မူလပိုင်ဆိုင်သူထံမှ အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် နောက်ဆုံးဝယ်ယူပိုင်ဆိုင်သူ ဒေါ်ကွင်း ၆/မအရ(နိုင်)၀၈၃၆၀၉သည် ၎င်းပိုင်ဆိုင်သော ဒါဘာတိုက်ခန်းမှာ အပေါင်အနှံအရှုပ်အရှင်းကင်းကြောင်း၊ ၎င်းတစ်ဦးတည်းသာပိုင်ဆိုင်ကြောင်းဝန်ခံလျက် ကျွန်ုပ်၏မိတ်ဆွေအားရောင်းချရန် ကမ်းလှမ်းလာပါသောကြောင့် ကျွန်ုပ်မိတ်ဆွေမှသဘောတူသဖြင့် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါဖော်ပြထားသော တိုက်ခန်းနှင့်ပတ်သက်ပြီး ပိုင်ဆိုင်ပါကြောင်း၊ ပတ်သက်ပါကြောင်း ပြောဆိုခွင့်ရှိသူသည် ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ ဆက်လက်၍ အရောင်းအဝယ်ကိုပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်တင်တင်လှိုင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၄၀)၊(၃)လွှာ (B)၊အရှေ့မြင်းပြိုင်ကွင်းလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၇၃၀၇၁၇၉၂၊ ၀၉-၉၆၄၄၇၁၇၉၂**

## အများသိစေရန်ကြေညာခြင်း
လားရှိုးမြို့၊ ရပ်ကွက်(၅)၊အကွက်အမှတ်(မန်အိုင်အရှေ့တိုးချဲ့)၊ ဦးပိုင်(၁၅၁)၊ ဧရိယာ ၀ ဒသမ ၁၁၀ဧကရှိမြေကွက်သည် ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ (မြို့မြေနေရာချထားရေးကော်မတီ)မှ ဒေါ်လျှူဆန်ဖု ၁၃/လရန(နိုင်)၀၇၇၃၉၉ အမည်ဖြင့် ချထားပေးခဲ့သဖြင့် မြေငှားလိုင်စင်အသစ် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ရက်ပေါင်း ၃၀ အတွင်းအထောက်အထားခိုင်လုံစွာဖြင့် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## အများသိစေရန်ကြေညာခြင်း
လားရှိုးမြို့၊ရပ်ကွက်(၂)၊အကွက်အမှတ်(၂၁/စံကောင်းရပ်)၊ ဦးပိုင် (၂၄/ခ၂)၊ ဧရိယာ ၀ ဒသမ ၆၀၈ဧကရှိမြေကွက်အား အမှုတွဲအမှတ်၊ ၁၅၇-၅/၂၀၀၇-၂၀၀၈ (အေ)ဖြင့် ဒေါ်စန်းရီမှ အမည်ပေါက်ပိုင်ဆိုင်သော ဧရိယာ ၀ ဒသမ ၆၀၈ ဧကအနက်မှ ဧရိယာ ၀ ဒသမ ၁၀၃ဧကအား စာချုပ်အမှတ် (၄၄I/၂၀၁၆) ဖြင့် ဦးလုကျော်ထံပေးကမ်းပြီးဖြစ်၍ ဦးပိုင်ခွဲစိတ်ခွင့်လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက အထောက်အထားခိုင်လုံစွာဖြင့် ရက်ပေါင်း ၂၀ အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ခရိုင်အထွေထွေအုပ်ချုပ် ရေးဦးစီးဌာနသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## အများသိစေရန်ကြေညာခြင်း
လားရှိုးမြို့၊ ရပ်ကွက်(၅)၊ အကွက်အမှတ်(ပန်အုပ်ကျောင်းအရှေ့တောင်ကွက်)၊ ဦးပိုင် (၂၆၉/ခ)၊ ဧရိယာ ၀ ဒသမ ၀၃၄ဧက အမှုတွဲအမှတ် ၇၄၃-၅/၂၀၀၃-၂၀၀၄ (အေ) ဦးခင်မောင်ထွေး-မြင့်မြင့်ကြည် (ခ) မြင့်မြင့်မာ အမည်ပေါက်ပိုင်ဆိုင်ပြီး ၎င်းတို့၏ ကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ ဦးဝင်းမြင့်မှ စာချုပ်အမှတ် (၂၅၅I/၂၀၁၅) ဖြင့် ဒေါ်အေးနွတ်ထံ ရောင်းချခဲ့ပြီးဒေါ်အေးနွတ်မှ စာချုပ်အမှတ် (၃၄I/၂၀၂၀) ဖြင့် ဦးဝင်းမြင့်ထံ ရောင်းချပေးပြီးဖြစ်၍ အမည်ပြောင်းထပ်မံအသစ်လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ရက်ပေါင်း ၂၀အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း
လားရှိုးခရိုင်၊ လားရှိုးမြို့၊ ရပ်ကွက်(၈)၊ နယ်မြေ (၁၅)၊ အကွက်အမှတ်(၁၁/က-လွယ်ကန်မိန်းရပ်)၊ ဦးပိုင်အမှတ် (၂/ဃ)၊ မြေချိန်ဧရိယာ ၀ ဒသမ ၀၇၈ဧက၊ မြေငှားဂရန်အမှုတွဲအမှတ် ၁၆၅-၅/၁၉၉၅-၁၉၉၆ (အေ) ဖြင့် ဒေါ်ဟော်တယ်ချွန်၊ LSO-၁၁၅၆၁၂ အမည်ပေါက်ပိုင်ဆိုင်သည့် မြေကွက်အား ၃၁-၁-၂၀၂၀ ရက်တွင် မြေကွက်အပြီးအပိုင် အရောင်းအဝယ်စာချုပ်အမှတ် (၄၇I/၂၀၂၀) ဖြင့် ဒေါ်ရန်ရှွင်ရှမ်း ၁၃/ကခန(နိုင်)၀၁၀၁၈၇မှ ဝယ်ယူပြီး မြေငှားဂရန်အမည်ပြောင်း/ထပ်မံ အသစ်လျှောက်ထားခြင်းအပေါ် ကန့်ကွက်လိုပါက အထောက်အထားခိုင်လုံစွာဖြင့် ရက်ပေါင်း ၂၀အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါ သည်။
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း
လားရှိုးခရိုင်၊ လားရှိုးမြို့၊ ရပ်ကွက်(၈)၊ နယ်မြေ (၁၅)၊ အကွက်အမှတ်(၁၁/က-လွယ်ကန်မိန်းရပ်)၊ ဦးပိုင်အမှတ် (၂/က)၊ မြေချိန်ဧရိယာ ၀ ဒသမ ၀၇၈ဧက၊ မြေငှားဂရန်အမှုတွဲအမှတ် ၁၆၆-၅/၁၉၉၅-၁၉၉၆ (အေ) ဖြင့် ဒေါ်ဟော်ရောက်ဟွာ (ခ) ကြည်ကြည်ဝင်း LSO-၁၄၄၇၃၉ အမည်ပေါက်ပိုင်ဆိုင်သည့်မြေကွက်အား ၁၆-၁-၂၀၂၀ ရက်တွင် မြေကွက်အပြီးအပိုင် အရောင်းအဝယ်စာချုပ်အမှတ် (၁၂I/၂၀၂၀) ဖြင့် ဒေါ်ရန်ရှွင်ရှမ်း ၁၃/ကခန(နိုင်)၀၁၀၁၈၇မှ ဝယ်ယူခဲ့ပြီး မြေငှားဂရန်အမည်ပြောင်း/ထပ်မံအသစ်လျှောက်ထားခြင်းအပေါ် ကန့်ကွက်လိုပါက အထောက်အထားခိုင်လုံစွာဖြင့် ရက်ပေါင်း ၂၀အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## အများသိစေရန်ကြေညာခြင်း
မြေရှင် ဒေါ်စန်းစန်း ၁၂/စခန(နိုင်)၀၀၄၉၉၉မှ ကန်ထရိုက်တာဦးရန်နိုင် ၁၂/စခန(နိုင်)၀၀၆၃၈၆ (YN CONSTRUCTION)အား ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၇စီ၊ မြေကွက်အမှတ်-၃၆၁ပေါ်တွင် ခုတ်လှေကား ပါ(၇)ထပ်တိုက် အဆောက်အအုံဆောက်လုပ်ရန်အတွက် ရန်ကုန်မြို့၊ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင် ၁၇-၃-၂၀၁၄ရက်စွဲပါ အထူးကိုယ်စားလှယ်လွှဲစာမှတ်ပုံတင်အမှတ်-၇၈၉၈/၂၀၁၄ဖြင့် အထူးကိုယ်စားလှယ်လွှဲစာအား ပေးအပ်ခဲ့ပါသည်။

ယခုအခါ ကန်ထရိုက်တိုက်ဆောက်လုပ်ပြီးစီးပြီးဖြစ်၍ မြေရှင်မှ ကန်ထရိုက်တာအားပေးအပ်ထားသော အထက်ပါအထူးကိုယ်စားလှယ်လွှဲစာကို ပြန်လည်ရုပ်သိမ်းပြီးဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။
**ဒေါ်စန်းစန်း ၁၂/စခန(နိုင်)၀၀၄၉၉၉**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် 2I/4574, Nissan Pino HC 243 Hatch Back (4x2) ယာဉ်လက်ဝယ်ရှိသူ ဒေါ်လီလီနိုင်စိုး ၉/မနမ(နိုင်)၀၉၆၅၂၆ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် ၄၂ယ/၆၉၁၁၆ Honda Dream 125 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်စွာဝင်း ၇/ရတရ(နိုင်)၁၁၄၅၅၉ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ပြည်နယ်ရုံး**
**မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် ၃၈ယ/၆၈၄၆၅ Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်စိုးပိုင် ၁၀/ခဆန(နိုင်)၁၂၃၀၀၉ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ပြည်နယ်ရုံး**
**မော်လမြိုင်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း
ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၂၃/စက်မှုဇုန်၊ မြေကွက်အမှတ်(၄၇၃/က/၂-၁)၊ မြေကွက်တည်နေရာ(၄၇၃/က/၂-၁)၊ မိုးကုတ်လမ်း၊ (၂၃/စက်မှုဇုန်)၊ ဒဂုံတောင်မြို့နယ်၊ ဒေါ်မို့မို့ကျော် ၁၂/ကတတ(နိုင်)၀၀၇၈၁၂ အမည်ပေါက်နှစ်(၆၀)မြေငှားဂရန်မြေအား နှစ်(၆၀) ဂရန်မြေအမည်ပေါက် ဒေါ်မို့မို့ကျော် ၁၂/ကတတ(နိုင်)၀၀၇၈၁၂မိခင်ဖြစ်သူ နှင့် ဖခင်ဖြစ်သူ ဦးမြင့်ဝေတို့ ကွယ်လွန်၍ သားများဖြစ်သော ဦးပြည့်ဖြိုးပိုင် ၁၂/ပဇတ(နိုင်) ၀၃၀၁၈၆၊ ဦးလွှမ်းမိုးပိုင် ၁၂/ပဇတ(နိုင်)၀၃၀၁၈၇မှ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ကြောင်း၊ အခြားအမွေဆက်ခံပိုင်ဆိုင်သူများမရှိကြောင်း ကျမ်းကျိန်လွှာအမှတ် ၁၂/၁၈၂၆/၁၉(၁၃-၁၂-၁၉) ထောက်ခံကျမ်းကျိန်လွှာနှစ်စောင်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ မိခင်/ဖခင်သေစာရင်း၊ ဂရန်မူရင်းတင်ပြလာပါသဖြင့် မြေပြင်ကွင်းဆင်းစစ်ဆေးရာ အုတ်ကာ၊ သွပ်မိုးတစ်ထပ်တွင် သံထည်လုပ်ငန်းလုပ်ကိုင်ပြီး အလုပ်သမားများနေထိုင်ပါသည်။ အလုပ်သမားများနေထိုင်ခြင်းအတွက် တာဝန်ယူကြောင်း ဝန်ခံကတိပြုတင်ပြ၍ ပိုင်ဆိုင်စာချုပ်ချုပ်ဆိုရန်(မြေပုံကူး)လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။
**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပတ်စ်ပို့ပျောက်
ကျွန်တော်မောင်ဂျိမ်းဇော်နေ်အောင် ၁/မကန(နိုင်)၂၁၈၈၂၆၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၄၀၆၈၂၀၄၄**

## ပတ်စ်ပို့ပျောက်
ကျွန်မ မဇောင်းနန်း ၁/မကတ(နိုင်) ၁၁၈၇၆၈၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၉၈၉၈၈၈၇၁၃**

## ပတ်စ်ပို့ပျောက်
ကျွန်မ မဘီဇယ်လော့ ၁/မကန(နိုင်)၁၈၄၅၆၃၏ ပတ်စ်ပို့နံပါတ် (မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၉၈၉၈၈၈၇၁၃**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် 5D/9410 Toyota Ipsum Acm21 S/W(4x2) ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးအေးမိုး ၁၄/အဂပ(နိုင်)၁၆၀၀၂၉ က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။
**ကညန၊ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် 56W/5390 ယာဉ်လက်ဝယ်ရှိသူ ဦးခင်ဇော် ၁၄/မအပ(နိုင်) ၁၉၂၀၈၅က (ကမ-၃)ပျောက်ဆုံး မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါကခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ခရိုင်ရုံး(မအူပင်)မအူပင်**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် ၆၀ယ/၅၇၄၀၂ Conda 125 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်မေဇင်သက် ၈/ကမန(နိုင်)၀၄၆၀၅၀ က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။
**ကညန၊ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် 8G/5819 NgweAyar L/T(1)TON Pickup (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးနိုင်မင်း ၅/ဆလက(နိုင်)၀၉၄၂၈၅က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။
**ကညန၊ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် ၄၇ယ/၆၂၂၈၁ Honda Scoopy 110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်သီရိထွန်း ၉/မတရ(နိုင်)၁၇၃၃၃၇ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း
ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဒဂုံမြို့နယ်၊ (၂၂)ရပ်ကွက်၊ ခရေပင်လမ်း၊ အမှတ်(၇၈၄/က)နေ ဦးမျိုးမင်း-ဒေါ်နုနုဝင်း တို့၏သားဖြစ်သူ မောင်အောင်မျိုးဆန်း၁၂/ဒကဆ(နိုင်) ၀၁၂၂၄၀ သည် မိဘနှစ်ပါးအားစိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်အောင် ပြုလုပ်လာပါသဖြင့် ၎င်းအားယနေ့မှစ၍ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်း၏ကိစ္စမှန်သမျှ လုံးဝ(လုံးဝ)တာဝန်မယူပါ။
**စုံစမ်းမေးမြန်းခြင်းသည်းခံပါ။**
**ဦးမျိုးမင်း ၁၂/သကတ(နိုင်)၁၄၀၁၂၈**
**ဒေါ်နုနုဝင်း ၁၂/သခန(နိုင်)၀၇၈၇၉၂**

## အမည်မှန်
သံဖြူဇရပ်မြို့နယ်၊ တောင်ဖလုကျေးရွာနေ ဦးဝင်းအောင်၏သား မောင်ပု၏ အမည်မှန်မှာ မောင်အောင်မြင့်မိုးဖြစ်ပြီး ၎င်း၏ ဖခင်အမည်မှန်မှာ ဦးကျော်မြင့် ၁၀/သဖရ(နိုင်)၀၆၈၄၄၆ ဖြစ်ပါကြောင်း။

## မိဘအမည်မှန်
ကျိုင်းတုံမြို့နယ်၊ တုံကွမ်(မူလွန်) သတ္တမတန်းမှ မောင်လီဟူ၏ မိဘအမည်မှန်မှာ ဦးလီဂျိုနှင့် မမီချူးတို့ဖြစ်ပါကြောင်း။
**ဦးလီဂျို-မမီချူး**

## မွေးသက္ကရာဇ်အမှန်
မိုင်းဖြတ်မြို့နေ ဦးဝင်းမြင့်အောင်၏သား မောင်ထွန်းမြင့်အောင် ၁၃/ကတန(နိုင်)၁၅၅၈၁၃ ၏ မွေးသက္ကရာဇ်အမှန်မှာ ၄-၁-၁၉၉၇ ဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း
နန်းမွှမ်းခေး ၁၃/ကမန(နိုင်)၁၂၈၉၂၆ ၏ PassPort No (မမှတ်မိ)သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
**၀၉-၃၆၀၇၆၆၅၁**

## ပျောက်ဆုံးကြောင်း
မသန္တာစိုး၁၃/တခလ(နိုင်)၀၇၂၁၉၈ ၏ PassPort No (မမှတ်မိ)သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
**၀၉-၄၅၇၇၃၃၁၄၀**

## ပျောက်ဆုံးကြောင်း
ကျွန်တော် မောင်သိန်းဝင်းဌေး ၈/ခမန(နိုင်)၁၃၀၉၅၅၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၈၉၂၉၂၆၈၂**

## ဖောင်းကြွနံပါတ်ပြား မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် 9K/7819၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(တောင်ငူ)**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ
ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ ဗိုလ်တထောင် TIME SQUARE အိမ်ရာစီမံကိန်းမှ တိုက်အမှတ် ($C_2$)၊ အခန်းအမှတ် (A/804) ၏ အမည်ပေါက် ဒေါ်ခင်ခင်အေး ၁၂/အစန(နိုင်)၀၆၁၀၀၂ ထံမှ ဒေါ်ခေမာဝင်းမောင် ၁၃/ကလန(နိုင်) ၀၈၁၀၄၂က အပြီးအပိုင်ဝယ်ယူခဲ့ပြီးဖြစ်ပါသဖြင့် ၎င်းအမည်သို့ ပြောင်းလဲ၍ ပိုင်ဆိုင်မှုထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ခွင့်ပြုရန် မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း အထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။
**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်မြေတိုင်းရပ်ကွက်အမှတ်-၃၁၊ မြေကွက်အမှတ်-၉၄၇၊ မြေကွက်တည်နေရာအမှတ်-၉၄၇၊ လှိုင်ရတနာလမ်း၊ ၃၁ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဦးသိန်းလွင် N/RGN-၀၀၄၄၆၅ အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား ဂရန်အမည်ပေါက် ဦးသိန်းလွင် (ကွယ်လွန်)၍ ဇနီးဖြစ်သူ ဒေါ်မြင့်မြင့်စန်း ၁၂/ဥကတ(နိုင်)၀၅၂၀၇၀မှ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံချက်ကျမ်းကျိန်လွှာ(၂)စောင်၊ ဦးသိန်းလွင်၏ သေစာရင်း၊ အိမ်ထောင်စုလူဦးရေစာရင်းမိတ္တူ ဂရန်မူရင်းတို့တင်ပြ၍ ဒေါ်မြင့်မြင့်စန်းထံမှ အထွေထွေ ကိုယ်စားလှယ်လွှဲစာရရှိသူ ဒေါ်နီလာ ၁၂/ဥကတ(နိုင်)၀၇၉၇၀၃မှ GPပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် GP မရုပ်သိမ်းကြောင်းကျမ်းကျိန်လွှာတင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။ **ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

## စစ်ကိုင်းတောင်ရိုး မူလရေစက်နှင့်ဆွမ်းလောင်းအသင်းကြီးသို့ ထာဝရရေအလှူတော်ငွေပဒေသာပင် စိုက်ထူလှူဒါန်းတော်မူကြသော အလှူရှင်များစာရင်း

ဆက်သွယ်လှူဒါန်းရန်

ဦးမျိုးမြင့်မောင် (နာယက)ဖုန်း-၀၇၂-၂၁၄၃၂ ဦးစိုးမြင့်(ဥက္ကဋ္ဌ)ဖုန်း-၀၉-၇၉၇၁၈၆၆၄၃

စစ်ကိုင်းမြို့၊ မြန်မာ့ရှေ့ဆောင်ဘဏ် ငွေစာရင်းနံပါတ်-0560162056001335068

| စဉ် | အလှူရှင်အမည် | လှူဒါန်းငွေ(ကျပ်) |
|---|---|---|
| ၁။ | ဓမ္မဒူတဆရာတော်အရှင်ဆေကိန္ဒအား အမှူးထား၍(အမှတ်စဉ် ၁မှ ၁၀)ထိ ခမည်းတော်ဦးအောင်သန်း-မယ်တော်ကြီးဒေါ်စိန်ကြည်၊ သားသမီးမြေးမြစ်တစ်စုကောင်းမှု၊ သောတာပန်ရပ်၊ စစ်ကိုင်းမြို့ | ၁၀၀၀၀၀၀၀ |
| ၂။ | ဦးမြင့်စိုး-ဒေါ်သိန်းတင်(သမီး)မငြိမ်းချမ်းသူ၊ မအေးချမ်းသူ၊ မ၀င့်ဝါအောင်၊ မခင်ရတနာထွန်း၊ (သား)မောင်ခန့်ကြည်သာ၊ အောင်ကောင်း ကျောက်မျက်မိသားစု၊ မန္တလေးမြို့ | ၁၀၀၀၀၀၀၀ |
| ၃။ | ဦးခွန်အောင်-ဒေါ်ခင်မြဇင်မိသားစု၊ ရန်ကုန်မြို့။ | ၃၀၀၀၀၀၀ |
| ၄။ | ဦးကျော်ကျော်-ဒေါ်ခင်မေလင်း(သား)မောင်ကောင်းမြတ်ကျော်၊(သမီး)မသိမ့်သင်ဇာကျော်၊ မစိမ့်စိမ့်ဟန်ကျော်မိသားစု၊ ရန်ကုန်မြို့ | ၂၀၀၀၀၀၀ |
| ၅။ | ဦးစိုးပိုင်-ဒေါ်ခင်မြတ်ဆွေ၊ (သမီး)မရွှေရည်ရွှန်းမြတ်၊ (သား)မောင်ခန့်ပိုင်စိုး ပိုင်မိသားစု၊ ရန်ကုန်မြို့ | ၁၀၀၀၀၀၀ |
| ၆။ | ဦးအောင်မြတ်ကျော်-ဒေါ်နီသွေး၊ (သား)မောင်သစ်လွင်မင်း၊ (သမီး)မလဲ့နေဇာအောင်၊ (မြေး)မပြည့်သဥ္ဇာလွင်၊ မောင်အောင်လင်းမြတ်၊ (သား)မောင်ဇင်လင်းမြတ် မိသားစု၊ ရန်ကုန်မြို့။ | ၅၀၀၀၀၀ |
| ၇။ | ဦးအောင်ခင်ကျော်-ဒေါ်ချောခင်ခင်၊ (သား)မောင်ထက်ဝေယံကျော်၊ မောင်ထက်အာကာကျော်၊ မောင်နှစ်ဆန်းအောင် မိသားစု၊ ရန်ကုန်မြို့။ | ၅၀၀၀၀၀ |
| ၈။ | ဦးစိုးကြည်-ဒေါ်ခင်ခင်ထွေး၊ ကိုဉာဏ်မျိုးလွင်-မအေးအေးခိုင်၊ မရတနာလေး မိသားစု၊ ရန်ကုန်မြို့။ | ၅၀၀၀၀၀ |
| ၉။ | ဦးကိုလေးဝင်း-ဒေါ်ဝင့်မော်၊ (သား)မောင်စဉ်စစ်စိုး၊ (သမီး)မဆုဗိုလ်ကို၊ မနိုနိုထက် မိသားစု၊ ရန်ကုန်မြို့။ | ၃၀၀၀၀၀ |
| ၁၀။ | ဦးသက်နိုင်-ဒေါ်ပြုံး၊ (AI)အဲယားကွန်းမိသားစု၊ ရန်ကုန်မြို့ | ၃၀၀၀၀၀ |
| ၁၁။ | မိဂဒါဝုန် နာယကဆရာတော် ဒေါက်တာအရှင်ပဏ္ဍိတဝရာဘိဝံသ ပါမောက္ခချုပ်၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ မန္တလေးမြို့။ | ၂၀၀၀၀၀ |
| ၁၂။ | ဦးအေးကြူ-ဒေါ်ရီရီမြင့်မိသားစု၊ နန်းရှေ့ရပ်၊ မန္တလေးမြို့။ | ၁၀၀၀၀၀ |
| ၁၃။ | ဒေါက်တာထွန်းမြင့်-ဒေါ်မြင့်မြင့်ရီ မိသားစု၊ နန်းရှေ့ရပ်၊ မန္တလေးမြို့။ | ၁၀၀၀၀၀ |
| ၁၄။ | ဦးစိုးမြင့်-ဒေါ်ခင်မြင့်စန်း၊ အင်တာနယ်စက်ပစ္စည်းရောင်းဝယ်ရေး စစ်ကိုင်းမြို့။ | ၂၅၀၀၀၀၀ |
| ၁၅။ | ဦးသိန်းသန်းထိုက်-ဒေါ်ဟေမာစိုး၊ (သား)မောင်မင်းခန့်မောင်၊ မောင်သန့်သူရထိုက်၊ (သမီး)မခင်ဇေယျာထိုက်မိသားစု၊ ရွှေပြည့်အောင် ပိုးထည်တိုက်၊ နန်းတော်ရာရပ်။ | ၂၀၀၀၀၀ |
| ၁၆။ | ဦးသန်းငွေးစိုး-ဒေါက်တာအိစန္ဒာအောင်၊ (သမီး)အိမ့်ကြယ်ဇင်သန့်၊ ဇ၀နသုခ ဆောက်လုပ်ရေး | ၅၀၀၀၀၀ |
| ၁၇။ | မန္တလေးမြို့ မလွန်ဆန်လှူအသင်းကြီး စစ်ကိုင်းသင်းထောက်အဖွဲ့ခွဲ | ၆၀၀၀၀၀ |
| ၁၈။ | ဦးအောင်ဆွေမြင့်-ဒေါ်စန်းစန်းမိုး မိသားစု၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ထန်တလန်မြို့ | ၆၀၀၀၀၀ |
| ၁၉။ | ဦးကျော်ဦး ဦးဆောင်သော ပညာရေးမိသားစု၊ ဒေးဒရဲမြို့နယ်ပညာရေးမှူးရုံး | ၂၈၀၀၀၀ |
| ၂၀။ | ဒေါ်စက်မေ မိသားစု၊ မန္တလေးမြို့။ | ၅၀၀၀၀၀ |
| ၂၁။ | ဦးလှမြင့်-ဒေါ်လှလှမင်း ကြီးတင် ဆေးလိပ်၊ ကြည်တင် ဟိုတယ်မိသားစု၊ မန္တလေးမြို့။ | ၈၀၀၀၀၀ |
| ၂၂။ | ကနေဒါနိုင်ငံ တိုရန်တိုမြို့ ဦးတင်မောင်ဦး-ဒေါ်မေအုန်းသွင်၊ သားသမီးမြေးတစ်စုကောင်းမှု | ၂၀၀၀၀၀၀ |
| ၂၃။ | ဒေါ်တင်တင်အုန်း၊ ဒေါက်တာဖေဝင်း၊ (သား)မောင်ကျော်စွာဝင်း မိသားစု၊ (၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။ | ၅၀၀၀၀၀ |
| ၂၄။ | ပိုးတန်းရပ်ကွက် ဘုံဆွမ်းလောင်းအသင်းကြီး၊ စစ်ကိုင်းမြို့။ | ၁၀၀၀၀၀ |
| ၂၅။ | ဒေါ်အဥ္စနဝတီ၊ ဂန္ထဝါစကပဏ္ဍိတ သာသနဓဇ၊ ခေမေသကချောင် | ၁၀၀၀၀၀ |
| ၂၆။ | ဒေါက်တာသာသန သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် | ၁၀၀၀၀၀ |
| ၂၇။ | မောင်ရဲမင်းအောင် အားရည်စူး၍ ဦးဝင်းအောင်-ဒေါ်သိန်းမြင့် မိသားစု၊ အင်ဒိုင်းရွာ၊ ရေတာရှည်မြို့နယ် | ၁၀၀၀၀၀ |
| ၂၈။ | တောတောင်ဘီလူးချောင် ဓမ္မအဖွဲ့(ပထမအကြိမ်) | ၅၇၀၀၀၀ |
| ၂၉။ | အစ်မကြီး ဒေါ်စိန်လှကြည်အားရည်စူး၍ ညီအစ်မတစ်စု၊ ရွှေလရောင်ပဲခွဲစက်၊ ကျောက်ပန်းတောင်းမြို့။ | ၁၀၀၀၀၀ |
| ၃၀။ | ဦးတင်မောင်-(ဒေါ်တင်တင်ဦး)မိသားစု၊ ကန်သာယာရပ်ကွက်၊ ချမ်းမြသာစည်၊ မန္တလေးမြို့။ | ၁၀၀၀၀၀ |
| ၃၁။ | ဦးကျင်စိုး-ဒေါ်နုနုအေးမိသားစု၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ | ၁၀၀၀၀၀ |
| ၃၂။ | ဦးမျိုးမြင့်-ဒေါ်လှလှဝင်း မြန်မာ့မီးရထား နေပြည်တော် | ၁၀၀၀၀၀ |
| ၃၃။ | ဦးအောင်နိုင်-ဒေါ်စန်းစန်းအေး သန်းဆုကုဋ္ဌေထီဆိုင် ပဲခူးရပ်၊ စစ်ကိုင်းမြို့။ | ၁၀၀၀၀၀ |
| ၃၄။ | ဦးပြိုင် မိသားစု၊ ကွက်သစ်ရပ်၊ ရွာသစ်ကြီး၊ (ထာဝရ ရေအလှူ+ဆွမ်းအလှူ) | ၂၀၀၀၀၀ |
| ၃၅။ | ဦးစန်း-ဒေါ်စိန်ကံ မိသားစု၊ လိပ်ဆံခွန်ကျေးရွာ၊ အမရပူရမြို့နယ်။ | ၃၀၀၀၀၀ |
| ၃၆။ | ဒေါက်တာသန်းမြင့်-ဒေါက်တာခင်ဇော်နု မိသားစု၊ (၆)လမ်း၊ စံရိပ်ငြိမ်၊ ကမာရွတ်၊ ရန်ကုန်မြို့။ | ၁၀၀၀၀၀ |
| ၃၇။ | အစ်မ ဒေါ်ပညာသီရိအားရည်စူး၍ ညီမ ဒေါ်ဝဇီရဉာဏီ ခေမေသကချောင် | ၁၀၀၀၀၀ |
| ၃၈။ | ဒေါက်တာဦးမောင်မြင့်-ဒေါ်ခင်သန်းကြည် မိသားစု၊ ရန်ကုန်မြို့။ | ၁၀၀၀၀၀ |
| ၃၉။ | ဒေါက်တာခိုင်ဆုဝေ၊ ရန်ကုန်မြို့။ | ၁၀၀၀၀၀ |
| ၄၀။ | ကိုဝင်းမြတ်ဦး-ဒေါက်တာလွင်ဝါဝါဟန်၊ (သား)Ryan Han OO ရန်ကုန်မြို့။ | ၁၀၀၀၀၀ |
| ၄၁။ | ဇေယျာရွှေမြေဆရာတော် စစ်ကိုင်းတောင်ရိုး | ၁၀၀၀၀၀ |
| ၄၂။ | ဦးကျော်လွင်-ဒေါ်မြသက်မာ၊ (သမီး)မဇင်မြတ်မြတ်လွင်၊ မစုသက်နှင်း၊ နန်းတော်ရာရပ်၊ စစ်ကိုင်း | ၁၀၀၀၀၀ |
| ၄၃။ | ဦးစန်းလွင် အားရည်စူး၍ ဆရာမကြီး ဒေါ်မြတ်မြတ်ခင် ဝရိယကြေးအိုးမိသားစု၊ အမရပူရမြို့။ | ၅၀၀၀၀၀ |
| ၄၄။ | ဖခင်ကြီး ဦးစိုးလွင်နှင့်(သမီး) ဒေါ်စိုးစိုးဦး၊ တက်လမ်း ကိုယ်ပိုင်ကျောင်း၊ စစ်ကိုင်းမြို့။ (ပထမ+ဒုတိယ) | ၁၀၀၀၀၀ |
| ၄၅။ | ဒေါ်သီသီဦး အထက်တန်းပြ(ငြိမ်း)၊ နန်းတော်ရာရပ်၊ စစ်ကိုင်းမြို့။ | ၁၀၀၀၀၀ |
| ၄၆။ | ဦးဘိုကျော်-(ဒေါ်အုန်းနု) မိသားစု၊ ဘော်ဂါရပ်၊ စစ်ကိုင်းမြို့။ | ၁၀၀၀၀၀ |
| ၄၇။ | ဦးသန်းဝင်း-ဒေါ်ပြုံးရီ အမှတ်(၆၀)၊ သုဒဿနလမ်း၊ (၆/၂)ရပ်ကွက်၊ သဃ်န်းကျွန်း | ၁၀၀၀၀၀ |
| ၄၈။ | ဦးစိန်လွင်(အရာခံဗိုလ်-ငြိမ်း)မိသားစု၊ မြဝတီရပ်ကွက်၊ တပ်ကုန်း၊ နေပြည်တော်။ | ၁၀၀၀၀၀ |
| ၄၉။ | ဒေါက်တာကောင်းညွှန့်ဇံ(အထူးကုဆရာဝန်ကြီး)-ဒေါ်အေးအေးမင်း၊ လားရှိုးမြို့။ | ၁၀၀၀၀၀ |
| ၅၀။ | တော်ဝင်ရတနာဟိုတယ်၊ မန္တလေးမြို့။ | ၁၀၀၀၀၀ |
| ၅၁။ | ဦးအေးဝင်း-ဒေါ်တင်ရွှေ၊ ရွှေဝင်းထွန်း မိသားစု၊ သရက်ပင်ဆိပ်။ | ၁၀၀၀၀၀ |
| ၅၂။ | ဦးဇော်ဇော်လတ်-ဒေါ်သင်းသင်းနွယ် မိသားစု၊ သောတာပန်ရပ် | ၁၀၀၀၀၀ |
| ၅၃။ | ဦးဝင်းတင်-ဒေါ်ကြူကြူဆွေ၊ အမှတ်(၄/c)၊ ဦးကျော်လှလမ်း(၇)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။ | ၁၀၀၀၀၀ |
| ၅၄။ | ဦးမြတ်သူ-ဒေါ်အေးအေးမော်၊ (သား)ထက်အောင်မြတ်၊ ဉာဏ်ဝင်းမြတ်၊ အင်းစိန်၊ ရန်ကုန်မြို့။ | ၁၀၀၀၀၀ |
| ၅၅။ | ဦးမောင်မောင်နိုင်-ဒေါ်ညွှန့်ညွှန့်ဝင်း မိသားစု၊ နန်းဦးရပ်၊ စစ်ကိုင်းမြို့။ | ၁၀၀၀၀၀ |
| ၅၆။ | ဦးကျော်ဇေယျ-ဒေါ်ခင်ခင် မိသားစု၊ နန်းတော်ရာရပ်၊ စစ်ကိုင်းမြို့။ | ၁၀၀၀၀၀ |

ဆက်လက်ဖော်ပြပါမည်။

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲသည် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်ကောင်စီနှင့်တိုင်းဒေသကြီး/ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနများသို့ ဗဟိုဆေးသိုလှောင်ရေးဌာန(ရန်ကုန်)တွင်ရှိသော ဆေးနှင့်ဆေးပစ္စည်း၊ စက်ပစ္စည်း၊ ပုံနှိပ်ပစ္စည်းများပို့ဆောင်ရန်မော်တော်ယာဉ်နှင့် တိုးချဲ့ကာကွယ်ဆေးထိုးစီမံချက်ဌာနမှ ကာကွယ်ဆေးနှင့်ကာကွယ်ဆေးထိုးလုပ်ငန်းသုံးပစ္စည်းများကို ပို့ဆောင်ရန်အတွက် အအေးခန်းကား(Cold Van)ငှားရမ်းပြီး သယ်ယူပို့ဆောင်ရန်အတွက် မော်တော်ယာဉ်များ ငှားရမ်းလိုပါသဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

တင်ဒါစည်းမျဉ်းစည်းကမ်းများကို ရုံးအမှတ်(၄၇)၊ နေပြည်တော်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ဈေးနှုန်းတင်သွင်းလွှာပုံစံရောင်းချမည့်ရက် - ၁၃-၃-၂၀၂၀ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၂၁-၄-၂၀၂၀ရက် ၁၄:၀၀နာရီ
ဆက်သွယ်ရန်ဖုန်းနံပါတ် - ၀၆၇-၄၃၁၄၄၉၊၀၆၇-၄၃၁၀၈၅

**ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

## ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန စီမံကိန်းယှဉ်ပြိုင်အဆိုပြုလွှာ Swiss Challenge ခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ကြီးကြပ်ဆောင်ရွက်ခဲ့သည့် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ရောဝဏ်-ရတနာ အိမ်ရာစီမံကိန်းရှိ တည်ဆောက်ဆဲအဆောက်အဦ (၃၅)လုံးပါဝင်သည့် ဧရိယာ ၁၃၆.၈၉၉ ဧကခန့်တွင် လူနေအိမ်ခန်းအဆောက်အဦများနှင့် စီးပွားရေးအဆောက်အဦများတည်ဆောက်ခြင်း အပါအဝင် ၎င်းဧရိယာများနှင့် ဆက်စပ်လျက်ရှိသည့် ရောဝဏ်လမ်း၊ ရွှေလီလမ်းနှင့် ရတနာလမ်းများအနီးရှိ မြေဧရိယာ (၁၁၀၀) ဧကခန့်ပေါ်တွင်လမ်း၊ ရေ၊ မီး၊ မိလ္လာ၊ IT Network၊ CCTV၊ လုံခြုံရေးစနစ်စသည့် အခြေခံအဆောက်အအုံများအား အဆင့်မြှင့်တင်တည်ဆောက်ခြင်း၊ ရဲစခန်း၊ မီးသတ်စခန်း၊ ကျောင်း၊ အားကစားကွင်းစသည့် လူမှုရေးအဆောက်အဦများ တည်ဆောက်အကောင်အထည်ဖော်မည့်စီမံကိန်းကို Smart District အဖြစ် ဆောင်ရွက်ခွင့်ပြုပါရန် တိုင်းရင်းသားလုပ်ငန်းရှင်ကုမ္ပဏီတစ်ခုမှ စီမံကိန်းအဆိုပြုလွှာ ရေးဆွဲတင်ပြလာပါသည်။

၂။ အဆိုပါစီမံကိန်းလုပ်ငန်းများအား အကောင်အထည်ဖော်နိုင်ရေးအတွက် မူလအဆိုပြုလွှာနှင့် ယှဉ်ပြိုင်ရွေးချယ်နိုင်ရန် စီမံကိန်းယှဉ်ပြိုင်အဆိုပြုလွှာအား အောက်ဖော်ပြပါအစီအစဉ်အတိုင်း ခေါ်ယူမည်ဖြစ်ပါသည်-

(က) စီမံကိန်းယှဉ်ပြိုင်အဆိုပြုလွှာ စတင်ရောင်းချမည့်ရက် - ၁၀-၃-၂၀၂၀ ရက် (အင်္ဂါနေ့)
(ခ) စီမံကိန်းယှဉ်ပြိုင်အဆိုပြုလွှာ ပြန်လည်တင်သွင်းရမည့် နောက်ဆုံးရက်နှင့်အချိန် - ၉-၄-၂၀၂၀ ရက် (ကြာသပတေးနေ့) ညနေ ၃:၀၀နာရီ
(ဂ) စီမံကိန်းယှဉ်ပြိုင်အဆိုပြုလွှာ ရောင်းချမည့်နေရာ - အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ရုံးအမှတ် (၄၀)၊ နေပြည်တော်။
(ဃ) စီမံကိန်းယှဉ်ပြိုင်အဆိုပြုလွှာ ပြန်လည်တင်သွင်းရမည့်နေရာ - အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ရုံးအမှတ် (၄၀)၊ နေပြည်တော်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ဖုန်း-၀၆၇-၃၄၀၇၇၀၁**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1D/1290 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 8F/1253 Truck ယာဉ်လက်ဝယ်ရှိသူ ဦးအောင်သန်းဇော် ၈/မတန(နိုင်)၀၅၈၀၄၃ က (ကမ-၃) ပျောက်မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊ခရိုင်ရုံး(မင်းဘူး)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၆၃ယ/၄၀၇၈၅၊ Honda Wave-110 ယာဉ်လက်ဝယ်ရှိသူ NCX Myanmar Co.,Ltd.က (ကမ-၃) ပျောက်မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊တိုင်းရုံး(မကွေး)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁၀ယ/၇၂၉၄၇၊ Honda Wave NF-100R ယာဉ်လက်ဝယ် ရှိသူ Welcome General Co.,Ltd.က (ကမ-၃)ပျောက် မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊တိုင်းရုံး(မကွေး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6E/9760 AMANDLA SMB-01 ယာဉ်လက်ဝယ်ရှိသူ ဦးဗန်ဟရင်ထန်း ၄/ထတလ(နိုင်)၀၅၃၆၇၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ကလေးမြို့)**

## ပဲခူးတိုင်း၊ ပန်းတောင်းမြို့၊ ပန်းတောင်းတောင်ကုတ်လမ်း၊ အမှတ်(၆၂)ရှိ "Sky Star"လယ်ယာသုံးပစ္စည်းအရောင်းဆိုင်၏ပိုင်ရှင် ဦးအောင်ဇော်မင်း(၇/သကန(နိုင်)၀၉၃၄၃၇)နှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်း၊ လှိုင်သာယာမြို့၊ ဗိုလ်အောင်ကျော်လမ်း၊ ရန်ကုန်-ပုသိမ် အဝေးပြေးလမ်း၊ အမှတ်(၅၈၉)ရှိ Winning Way Co., Ltd. ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ဦးအောင်ဇော်မင်းနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ဦးအောင်ဇော်မင်းသည် ကျွန်ုပ်မိတ်ဆွေကုမ္ပဏီပိုင် မီးစက်များအား ရောင်းချရန်အတွက် ကိုယ်စားလှယ်ယူ၍ မီးစက်များကို လက်ခံရယူသွားသော်လည်း မီးစက်ဖိုးငွေများ ပေးသွင်းရန် အောက်ဖော်ပြပါစာရင်းဇယားအတိုင်း ကျန်ရှိလျက်ရှိကြောင်း တွေ့ရှိရပါသည်။

| Brand | KVA | Qty | Unit Price(Ks) | Total (Ks) |
|---|---|---|---|---|
| Daishin Generator | 2 KVA | 2 | 650,000 | 1,300,000 |
| Daishin Generator | 5 KVA | 2 | 1,300,000 | 2,600,000 |
| Total Amount | | | | 3,900,000 |

ဦးအောင်ဇော်မင်းသည် ကိုယ်စားလှယ်ယူ၍ ရောင်းချရန် မီးစက်များ လက်ခံရယူသွားသော်လည်း စာချုပ်ပါ ရက်ပေါင်း(၉၀)ပြည့်မြောက်သည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်မိတ်ဆွေကုမ္ပဏီသို့ လက်ခံထားသော မီးစက်များသော်လည်းကောင်း၊ မီးစက်ရောင်းရဖိုးငွေများသော်လည်းကောင်း ယနေ့တိုင် ပေးအပ်ခြင်းမရှိ ပျက်ကွက်လျက်ရှိပါသည်။

သို့ဖြစ်၍ ဤကြေညာချက်ပါရှိသည့်နေ့ရက်မှ (၁၄)ရက်အတွင်း ဦးအောင်ဇော်မင်း ကျွန်ုပ်မိတ်ဆွေကုမ္ပဏီမှ လက်ခံရယူထားသည့် မီးစက်(၄)လုံး (သို့မဟုတ်) မီးစက်တန်ဖိုးငွေကျပ်-၃,၉၀၀,၀၀၀/- (ကျပ်သုံးဆယ့်ကိုးသိန်းတိတိ)ကို ကျွန်ုပ်မိတ်ဆွေကုမ္ပဏီသို့ အမြန်ဆုံးလာရောက်ပေးသွင်းရန် အကြောင်းကြားပါသည်။ သတ်မှတ်ရက်အတွင်း ပေးသွင်းခြင်းမရှိပါက တည်ဆဲတရားဥပဒေများနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးအောင်ဇော်မင်းနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

Winning Way Co., Ltd. ၏ လွှဲအပ်ညွှန်ကြားချက်အရ -

ဦးတင်အေး (ရေတာရှည်)၊ (H.G.P, LL.B., D.B.L.)၊ တရားလွှတ်တော်ရှေ့နေ (၅၇၈၈/၉၀)
ရုံး - အမှတ်(၅၀)၊ ပထမထပ်၊ အခန်းအမှတ်(C/3)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့။ ဖုန်း-၀၉၄၂၀၀၈၇၃၄၀၊ ၀၉-၄၅၁၂၄၇၇၃၃။
အိမ် - အမှတ်(၁၈၄)၊ သုနန္ဒာ(၁၄)လမ်း၊ (ဆ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်း၊ ဖုန်း-၀၉-၄၂၀၀၈၇၃၄၀၊ ၀၁-၉၆၉၂၀၄၃၊ ၀၉-၄၅၁၂၄၇၇၃၃။

## ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊လမ်းဒါယကာကြီး
## ဦးစိုးမင်း
### အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ထီးတန်းစက်မြေရပ်ကွက်၊ ထီးတန်း(၂)လမ်း၊ အမှတ်(၃) မြေညီထပ်နေ (ဦးဘို-ဒေါ်ကြွေ)တို့၏သား၊ (ဦးမြမောင်-ဒေါ်လှရင်)တို့၏သားသမက်၊ (ဒေါ်ညွန့်တင်)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးမြင့်ကြူ-ဒေါ်တင် တင်စိုး၊ ဦးတင်မောင်စိုး-ဒေါ်စန်းယု၊ (ဦးခင်မောင်စိုး)-ဒေါ်ခင်မာချို၊ (ဦးမောင်မောင်စိုး-ဒေါ်ဝါဝါလွင်)၊ (ဦးလှထွေး-ဒေါ်ခင်ခင်စိုး)၊ ဗိုလ်မှူး(ငြိမ်း)ဦးတင်အောင်စိုး-ဒေါ်ကေသွယ်ဝင်း၊ ဗိုလ်ကြီး(ငြိမ်း)ဦးခင်အောင်စိုး-ဒေါက်တာဒေါ်အိအိချို၊ ဦးခွန်စိုင်း-ဒေါ်ယဉ်ယဉ်စိုးမင်းတို့၏ ဖခင်၊ မြေး(၁၀)ယောက်၊ မြစ်(၁၁)ယောက်တို့၏ ဘိုးဘိုးကြီးသည် ၁၃-၃-၂၀၂၀ ရက်(သောကြာနေ့)နံနက် ၇:၂၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၃-၂၀၂၀ရက်(တနင်္ဂနွေနေ့)ညနေ ၃နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁နာရီ တွင် ထွက်ခွာပါမည်။)ကွယ်လွန်သူအားရည်စူး၍ ၁၉-၃-၂၀၂၀ ရက်(ကြာသပတေးနေ့) နံနက် ၅:၃၀နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## မြေငှားဂရန်လျှောက်ထားမှုအတွက်ကန့်ကွက်နိုင်ပါကြောင်း

| စဉ် | လျှောက်ထားသူအမည် | လျှောက်ထားသည့်မြေ၏ မြို့နယ်/မြို့ | ရပ်ကွက်/ကျေးရွာ | အကွက်အမှတ်/အမည် | ဦးပိုင်အမှတ် | ဧရိယာ(ဧက) | လျှောက်ထားသည့်အကြောင်းအရာ |
|---|---|---|---|---|---|---|---|
| ၁ | ဦးကြည်ဝင်း ၊ ဦးတင်အောင် | ပုသိမ်မြို့နယ် ရွှေသောင်ယံမြို့ | အမှတ်(၁) ရပ်ကွက် | ၁၉၉၄(မြင်) ခရင်ချောင်းမြင်ကွင်း | ၁၇/၂/၂ | ၀. ၅၈ | မြေငှားဂရန် အသစ် |

အဆိုပါလျှောက်ထားချက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့် နေ့ရက်မှစ၍ (၁၅) ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ပုသိမ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက်ဆက်သွယ် ကန့်ကွက်နိုင်ပါကြောင်းအသိပေးကြော်ငြာအပ်ပါသည်။

ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပုသိမ်မြို့

---

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ် ၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄/ဘ၀မြင့်) ရပ်ကွက်၊ မလိခအိမ်ရာ၊ မိုးမခလမ်းသွယ်(၁)လမ်း၊ မြေကွက်အမှတ်(၈၂/၂)၊ အကျယ်အဝန်း(၀.၀၉)ဧက ရှိ မဟာရွှေတောင်ဖွံ့ဖြိုးမှုကုမ္ပဏီအမည်ပေါက်ပါမစ်မြေကွက် နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးဉာဏ်ထွန်း(ခ) မွန်နာပါလန် (၁၂/သဃက (နိုင်) ၁၃၆၀၁၈) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေ ထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍(၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| ဦးခင်မောင်ဦး | ဦးထိန်လင်းသန်း |
| LL.B, D.B.L, D.I.L., | LL.B, D.B.L, D.I.L, D.M.L, |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၈၂) |
| Hein Htet San Law Firm | ၀၉ ၅၅၀ ၆၁၄၆၊ ၀၉ ၅၅၀ ၄၂၆၅ |

အမှတ်(၁၅)၊ ပထမထပ်၊ သံသုမာလမ်း(ရတနာလမ်းဆုံ)၊ (၁၄) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။

---

## အာဖရိကဝက်အပြင်းဖျားရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

၁။ အာဖရိက ဝက်အပြင်းဖျားရောဂါသည် ယခင်က အာဖရိကနိုင်ငံများတွင်သာ ဖြစ်ပွားခဲ့သော်လည်း ၂၀၁၈ ခုနှစ်၊ ဩဂုတ်လမှ စတင်၍ အာရှနှင့် အရှေ့တောင်အာရှနိုင်ငံအချို့တွင် ပျံ့နှံ့ကူးစက်ဖြစ်ပွားခဲ့ရာ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လတွင် မြန်မာနိုင်ငံ၊ ရှမ်းပြည်နယ်အရှေ့ပိုင်းနှင့် အရှေ့မြောက်ပိုင်းရှိ နယ်စပ်မြို့နယ်အချို့တွင်လည်း ကူးစက်ဖြစ်ပွားသဖြင့် ဖြစ်ပွားကျရောက်ခြင်းမရှိသေးသော အခြားဒေသများသို့ ကူးစက်ပျံ့နှံ့ခြင်းမရှိစေရေးအတွက် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိပါသည်။ မိမိမွေးမြူ ထားသော ဝက်များကိုလည်း အာဖရိကဝက်အပြင်းဖျားရောဂါ ကူးစက်ကျရောက်ခြင်းမရှိစေရေးအတွက် မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို စနစ်တကျမြှင့်တင်ရန် လိုအပ်ပါသည်။ အာဖရိက ဝက်အပြင်းဖျားရောဂါ ကြိုတင်ကာကွယ်နိုင်ရန်အတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော် အပ်ပါသည်-

(က) ဝက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြု ဆောင်ရွက်ရန်၊
(ခ) ဝက်ခြံများနှင့် သားငါးဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊
(ဂ) အိမ်မွေးဝက်များကိုအပူပြင်းပြင်းဖြင့် ချက်ပြုတ်ထား ခြင်း မရှိသောစားသောက်ဆိုင်များမှ စားကြွင်း/ကျန် ကျွေးခြင်း မပြုလုပ်ရန်၊
(ဃ) အခြားခြံများမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံး စွဲခြင်းမပြုရန်နှင့် လူအဝင်/အထွက် ထိန်းချုပ်ရန်၊
(င) အသက်အရွယ်တူဝက်များကိုသာ အတူတူမွေးမြူရန်၊
(စ) ဝက်ခြံများအတွင်း အပူချိန်၊ စိုထိုင်းဆ၊ လေဝင်/လေ ထွက်ကောင်းမွန်စေရေး ဆောင်ရွက်ရန်၊
(ဆ) ရောဂါကင်းရှင်းကြောင်း စိတ်ချရသောခြံမှ ဝက်များကို ဝယ်ယူမွေးမြူရန်၊
(ဇ) ဝယ်ယူသည့်ဝက်များကို မိမိခြံရှိဝက်များနှင့်မရောမီ သီးသန့်ခွဲခြားထား၍ ရောဂါကင်းရှင်းမှ မွေးမြူရန်၊
(ဈ) ပြည်ပမှ တရားမဝင်တင်သွင်းလာသော ဝက်အရှင်နှင့် ဝက်ထွက်ပစ္စည်းများဖြစ်သည့် ဝက်သား၊ အေးခဲဝက်သား၊ ဝက်ပေါင်ခြောက်၊ ဝက်အူချောင်းနှင့် အခြားဝက်ထွက်ပစ္စည်းများ တင်သွင်းခြင်း၊ ရောင်းချခြင်း၊ စားသုံးခြင်းမပြုရန်၊
(ည) တောဝက်နှင့် အိမ်မွေးဝက်များ ရောနှောထိတွေ့ခြင်းမှ ကာကွယ်ရန်၊
(ဋ) တောဝက်နှင့် အိမ်မွေးဝက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေး လုပ်ငန်းအဖွဲ့ထံသို့ ချက်ချင်းသတင်းပို့ရန်၊
(ဌ) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

---

## ရဟန်း၊ ကျောင်းဒါယိကာမကြီး
## ဒေါ်တင်တင်အေး(ခ)Polly Aung
### (အထွေထွေမန်နေဂျာ-ငြိမ်း၊ ပြည်ပရောင်းဝယ်ရေးနှင့် သစ်စက်ဌာန) (မြန်မာ့သစ်လုပ်ငန်း)
### အသက် (၈၈)နှစ်

ရန်ကုန်မြို့နေ (ဦးထွန်းအောင်-ဒေါ်ဒေါ်ထင်)တို့၏သမီး၊ ပဲခူးမြို့နေ (ဦးစိန်ခိုင်-ဒေါ်သက်စု)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ ၇မိုင်ကုန်းမြင့်ရိပ်သာ၊ သီရိမင်္ဂလာလမ်း၊ အမှတ်(၃၄)နေ (ဒေါက်တာကျော်စိန်)(စိတ်ပညာ၊ ပညာရေးဝန်ကြီး-ငြိမ်း)၏ချစ်လှစွာသောဇနီး၊ ဒေါ်စံစံကျော်စိန်(ဦးစီးအရာရှိ-ငြိမ်း)MRTV-ဦးပြုံးဇော်၊ ဒေါ်ဆွေဆွေကျော်စိန်-ဒေါက်တာညွန့်ဦးမောင်(ဆေးရုံအုပ်-ငြိမ်း)၊ ဒေါက်တာ အောင်မြတ်ကျော်စိန် (ပါမောက္ခချုပ်၊ မော်လမြိုင်တက္ကသိုလ်)-ဒေါ်သန်းသန်းလှတို့၏မိခင်၊ မြေးခြောက် ယောက်၊ မြစ်သုံးယောက်တို့၏ ဘွားဘွားကြီးသည် ၁၂-၃-၂၀၂၀ရက် (ကြာသပတေးနေ့) နံနက် ၁၀:၃၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၃-၂၀၂၀ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀နာရီတွင် ထွက်ခွာပါမည်။) ကွယ်လွန်သူအားရည်စူး၍ ၁၈-၃-၂၀၂၀ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဒေါ်ခင်နုနု(ပဲခူး)
### အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ ကျောက်မြောင်း၊ မြို့သစ် ၃လမ်း၊ အမှတ် (၂၂)(သုံးလွှာ-က)နေ (ဝဏ္ဏကျော်ထင် ဦးဘရှင်-ဒေါ်သိန်းမြ)တို့၏သမီး၊ (ဦးကြံစု-ဒေါ်သန်းနွဲ့)တို့၏သမီးချွေးမ၊ (ဦးမြင့်သိန်း)၏ချစ်လှစွာသော ဇနီး၊ (ဒေါ်ခင်ကြည်ကြည်)၊ (ဒေါ်လှလှမြင့်)တို့၏ညီမ၊ (ဦးတင်ထွဋ်)၊ ဦးသိန်းတိုး-ဒေါ်ဝင်းဝင်းရီ၊ ဦးသိန်းထွန်း-ဒေါ်ခင်သိန်းရီ၊ ဦးသိန်းဟန်-ဒေါ်ခင်ဝင်းကြည်တို့၏အစ်မ၊ ဦးရဲလွင်သိန်း-ဒေါ်စန္ဒာထွန်း၊ ဦးမျိုးသွင်ထွဋ်-ဒေါ်ဝါဝါ၊ ဦးဝင်းမော်သိန်း-ဒေါ်သန္တာ၊ ဦးအောင်ကျော်ကျော်၊ ဒေါ်ဇူးဇူးမြင့်သိန်း၊ဒေါ်အိအိအေးငယ်တို့၏ မိခင်၊ မြေးခြောက်ယောက်တို့၏ အဘွားသည် ၁၃-၃-၂၀၂၀ရက် (သောကြာနေ့) တွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၃-၂၀၂၀ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည် ဖြစ်ပါကြောင်း။

(နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအား ရည်စူး၍ ၁၉-၃-၂၀၂၀ ရက် နံနက် ၇နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြား အပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးအောင်ကျော်ဟန်
### အသက်(၅၂)နှစ်

ပင်လုံဆေးရုံ၏ ဥပဒေအကြံပေး ဦးရဲမြင့်(တရားလွှတ်တော်ရှေ့နေ)၏ သားသမက် ဦးအောင်ကျော်ဟန် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပင်လုံဆေးရုံ မိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးအောင်ကျော်ဟန်
### အသက်(၅၂)နှစ်

ရွှေဂုံတိုင်(SSC)ဆေးရုံ၏ ဥပဒေအကြံပေး ဦးရဲမြင့် (တရားလွှတ်တော်ရှေ့နေ)၏ သားသမက် ဦးအောင်ကျော်ဟန် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ရွှေဂုံတိုင်(SSC)ဆေးရုံမိသားစု**

---

### အများသိစေရန် ကြေညာချက်

၁။ အလုံမြို့နယ်၊ ဂဠုန်ရပ်ကွက်၊ ဆင်လုလမ်း၊ အမှတ်(၉)တွင် ၁ခန်းတည်း(၈)ထပ်တိုက်(Lift ပါ)(Partial Roof Slab)အဆောက်အဦဆောက်လုပ်ရန် မြေရှင်ဒေါ်သန္တာတင်၊ ဒေါ်သိမ့်ရည်အေး၊ ဒေါ်ဥမ္မာခင်၊ လိုင်စင်ရကန်ထရိုက်တာဒေါ်သီသီဦး(LC-1002)နှင့် လိုင်စင်ရအင်ဂျင်နီယာ ဒေါ်အိစန္ဒီထွန်း(LS-1719)တို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)၏ (၂၇-၁၂-၂၀၁၆)ရက်စွဲပါစာအမှတ်၊ ၁၇၅၆/ ၁၇၅၅/ စည်ပင်-ယာ(အုံ)ခွင့်ပြုခဲ့ပြီး(၁၁-၁-၂၀၁၉)ရက်စွဲပါစာအမှတ်၊ ၁၇၅၆/ ၁၁၃/ စည်ပင်-ယာ/ အုံ(ပုံစံ)ဖြင့်သက်တမ်းတိုးခွင့်ပြုချိန်တွင်မှတ်ပုံတင်လက်မှတ်ရအင်ဂျင်နီယာ ဒေါ်ညိုညိုဝင်း(RSE-0023)ဖြင့် ပြောင်းလဲ၍ ကြီးကြပ်ဆောက်လုပ်ခွင့်ပြုပြီးဖြစ်ပါသည်။

၂။ ယခုအခါအဆိုပါ၁ခန်းတည်း(၈)ထပ်တိုက်(Lift ပါ)(Partial Roof Slab)အဆောက်အဦအား မူလလိုင်စင်ရကန်ထရိုက်တာ ဒေါ်သီသီဦး(LC-1002)အစား လိုင်စင်ရကန်ထရိုက်တာဦးကျော်အောင်စိုး(LC-481)သို့လည်းကောင်း၊ မှတ်ပုံတင်လက်မှတ်ရအင်ဂျင်နီယာဒေါ်ညိုညိုဝင်း(RSE-C-0023)အစား မှတ်ပုံတင်လက်မှတ်ရအင်ဂျင်နီယာ ဦးမျိုးသန့်(RSE-C-2733)သို့လည်းကောင်း ပြောင်းလဲဆောင်ရွက်ခွင့်ပြုပါရန် မြေရှင်၊ လိုင်စင်ရကန်ထရိုက်တာနှင့် မှတ်ပုံတင်လက်မှတ်ရအင်ဂျင်နီယာတို့မှ အဆောက်အဦဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့သို့ လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ခိုင်လုံသောအထောက်အထားများဖြင့် ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ ရက်ပေါင်း(၁၅)ရက်အတွင်း လျှောက်ထားကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအသိပေးကြေညာအပ်ပါသည်။

အတွင်းရေးမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
အဆောက်အဦဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

---

## ဒေါ်ခင်မေရီ(ခ)ဒေါ်ရိပ်
### မြိတ်မြို့
### အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မင်္ဂလာတောင်ညွန့်ရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်း၊ အမှတ်(၁၄၄)၊ ပထမထပ်နေ (ဦးလျှံစစ်ကီ-ဒေါ်ပေါ်ကြည်)တို့၏သမီး၊ ဦးစိုးလွင်၏ချစ်လှစွာသောဇနီး၊ ဦးမျိုးနိုင်-ဒေါ်ခင်မေစီ၏ညီမ၊ (ဦးစိုးဝင်း)-ဒေါ်ရှမ်းလန်တို့၏အစ်မ၊ ဦးမင်းနိုင်-ဒေါ်စောမမမိုး၊ ဦးဇော်မင်း-ဒေါ်အိအိစိုး၊ ဒေါ်စီစီစိုး၊ ကိုမင်းဟန်စိုး၊ ကိုတိုးတိုးဝင်း-မနှင်းနှင်းစိုးတို့၏ချစ်လှစွာသောကျေးဇူးရှင်မွေးသမိခင်၊ မြေးလေးယောက်၊ မြစ်တစ် ယောက်တို့၏အဘွားသည် ၁၂-၃-၂၀၂၀ရက် ည ၇:၄၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၃-၂၀၂၀ရက် (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။) ကွယ်လွန်သူအားရည်စူး၍ ၁၈-၃-၂၀၂၀ ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊တန်ဆောင်းအလှူ့ဒါယိကာမကြီး
## ဒေါ်ခင်မြ(ညောင်ခါးရှည်)
### (ရွှေညောင်ပင်သစ်ခွဲစက်)
### အသက်(၈၀)

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ ညောင်ခါးရှည်စံပြကျေးရွာနေ (ဦးထွန်းခင်-ဒေါ်အေးမေ)တို့၏သမီး၊ (ဦးသိန်းငွေ-ဒေါ်ကျင်ရွှေ)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၅)ရပ်ကွက်၊ ကမာရွတ်ဘူတာရုံလမ်း၊ ခြံအမှတ်(၉၀)နေ (ဦးဘစီ) (ရွှေညောင်ပင်သစ်ခွဲစက်)၏ ဇနီး၊ ဦးအောင်မြင့်-ဒေါ်နီလာ၊ (ဦးအေးကို)၊ ဦးလှဦး-ဒေါ်ချိုချိုမြင့်၊ ဦးဇော်ဝမ်း-ဒေါ်မော်မော်စီ၊ ဦးရဲမင်းဖြိုး-ဒေါ်သိန်းသိန်းစီတို့၏မိခင်၊ မြေးခုနစ်ယောက်၊ မြစ်နှစ်ယောက်တို့၏ဘွားဘွားကြီးသည် ၁၃-၃-၂၀၂၀ရက် (သောကြာနေ့)နံနက် ၄:၃၀ နာရီ တွင်ကွယ်လွန်သွားပါသဖြင့် ၁၅-၃-၂၀၂၀ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ် ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။) ကွယ်လွန်သူအားရည်စူး၍ ၁၉-၃-၂၀၂၀ရက်(ကြာသပတေးနေ့) တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးခင်မောင်သိန်း
### GM(Finance), Mother Industrial Co,Ltd
### အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ တညင်းကုန်းရပ်ကွက်၊ မီးခံအုတ်စက်ရုံအရာထမ်းဝန်ထမ်းအိမ်ရာ အမှတ်(က)နေ မောင်သက်ပိုင်စိုး၊ မောင်ထက်ဝေယံ-မဝတ်ရည်သန့်၊ မအေးချမ်းစံ၊ မောင်ခိုင်ဝင်းလွင်တို့၏ဖခင်၊ မခင်ရူပသန့်၏အဘိုး၊ ဒေါ်ယဉ်ယဉ်နု၏ချစ်လှစွာသော ခင်ပွန်းသည် ၁၃-၃-၂၀၂၀ရက်(သောကြာနေ့) နံနက် ၈:၂၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၃-၂၀၂၀ရက်(တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉:၃၀နာရီတွင်ထွက်ခွာပါမည်။) ကွယ်လွန်သူအား ရည်စူး၍ ၁၉-၃-၂၀၂၀ရက်(ကြာသပတေးနေ့)တွင် အထက်ပါနေအိမ်သို့ နံနက် ၇:၃၀နာရီမှ မွန်းတည့် ၁၂နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဦးစိုးနိုင်
### က.က.လုံ(ဝါဒီ)
### အသက် (၆၁)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ သာသနာ့ရိပ်သာရပ်ကွက်နေ ဦးညွန့်ဆိုင်-(ဒေါ်ခင်အုံးမြင့်)တို့၏သား၊ မင်္ဂလာဒုံမြို့နယ်၊ ပ.လ.ရအပိုင်၊ ရွှေနှင်းဆီရပ်ကွက်၊ မင်္ဂလာလမ်းနေ ဦးသာထွန်း-(ဒေါ်အုန်းစိန်)တို့၏သားသမက်၊ (ဦးညွန့်လှိုင်)-ဒေါ်ကြည်လှိုင်တို့၏တူ၊ ဦးအောင်မိုးနိုင်-ဒေါ်အေးအေးသိန်း၊ ဦးဇော်သောင်း-ဒေါ်ခင်မျိုးနိုင်(က.က.လုံ)၊ဦးအောင်ထွန်းကြွယ်၊ ဦးအောင်ဇော်မင်းတို့၏အစ်ကို၊ (ဦးတင်ရွှေ)-ဒေါ်မေသန်းကြွယ်၊ ဦးတင်မြင့်-ဒေါ်အေးအေး၊ (ဦးသန်းညွန့်)-ဒေါ်ငွေငွေ၊ မသန်းသန်းငွေတို့၏ညီ/မောင်၊ ဦးခင်နိုင်-ဒေါ်စုစုမာ၊ ဦးစိုးရွှေ-ဒေါ်ငုဝါတို့၏အစ်ကို၊ ကိုဖွဲ့ထက်နိုင်-မနွယ်ဦးခင်၊ ကိုမင်းသီဟ-မသွယ်ဦးခင်တို့၏ဖခင်၊ မောင်ဘုန်းပြည့်သျှံ၏အဘိုး၊ ဒေါ်အေးအေးထွန်း၏ချစ်လှစွာသောခင်ပွန်းသည် ၁၂-၃-၂၀၂၀ရက်(ကြာသပတေးနေ့) နံနက် ၅:၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၃-၂၀၂၀ရက်(စနေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀:၃၀နာရီတွင် ထွက်ခွာပါမည်။) ကွယ်လွန်သူအားရည်စူး၍ ၁၈-၃-၂၀၂၀ရက်(ဗုဒ္ဓဟူးနေ့)တွင် အထက်ပါ မင်္ဂလာဒုံမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ပုလောမြို့နယ်အသင်း(ရန်ကုန်)
## ဒေါ်တင်လှိုင်(ပုလောမြို့/ပြင်ဘုကြီးကျေးရွာ
### အသင်းဝင်အမှတ်(၇၆၇) အသက်(၈၃)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့နယ်၊ ပြင်ဘုကြီးကျေးရွာနေ ဦးအောင်သိန်း ၏ဇနီးသည် ၁၂-၃-၂၀၂၀ရက် (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၄- ၃-၂၀၂၀ရက် မွန်းလွဲ ၁နာရီတွင် ပြင်ဘုကြီးကျေးရွာသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။

**အမှုဆောင်အဖွဲ့**

---

## ကိုသန့်ဇင် အသက်(၄၇)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ဝါးတန်းလမ်း၊ အမှတ်(၄၀)နေ ဦးခင်မောင်ကြည်-(ဒေါ်နွဲ့ကြည်)တို့၏သား၊ မလှဲလှဲခိုင်၊ ကိုအောင်နိုင်ဝင်း-မမြမြခိုင်တို့၏ ညီမောင်၊ မခိုင်၏ အစ်ကို ကိုသန့်ဇင်(Commis Chef-2)ဟိုတယ်ရွှေဂုံတိုင်(နေပြည်တော်)သည် ၁၂-၃-၂၀၂၀ရက်(ကြာသပတေး နေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၃-၂၀၂၀ရက်(စနေနေ့) နံနက် ၁၀နာရီတွင် နေပြည်တော်၊ ကျွဲ့ကြီး သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည် ဖြစ်ပါကြောင်း။ ကွယ်လွန်သူအားရည်စူး၍ ၁၈-၃-၂၀၂၀ရက်(ဗုဒ္ဓဟူးနေ့)တွင် အထက်ပါလမ်းမတော်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## သင့်သွေးဖြင့် အသက်ကယ်ပါ

# COVID-19 ရောဂါနှင့် ပတ်သက်၍ ပြည်သူများအား အသိပေးပန်ကြားခြင်း

## နေပြည်တော်၊ (၂၀၂၀) ခုနှစ်၊ မတ်လ (၁၃) ရက်၊ (၁၄:၀၀) နာရီ

(က) မြန်မာနိုင်ငံတွင် လက်ရှိအချိန်အထိ COVID-19 ရောဂါဖြစ်ပွားသူ ဓာတ်ခွဲအတည်ပြုလူနာ တစ်ဦးတစ်ယောက်မျှ လုံးဝ (လုံးဝ) မတွေ့ရှိရသေးပါ။ ဓာတ်ခွဲစစ်ဆေးခံရသူအများစုသည် ရောဂါလက္ခဏာ ပြင်းထန်စွာမပြဘဲ ဆေးရုံမှဆင်းသွားပြီဖြစ်ပါသည်။

(ခ) "ကာကွယ်ခြင်းသည် ကုသခြင်းထက် ပိုမိုအကျိုးရှိထိရောက်သည်" ဟူသောအချက်ကို နောက်ခံထား၍လည်းကောင်း၊ မိမိတို့နိုင်ငံ၌ အချိန်မရွေး ရောဂါဝင်ရောက် ကူးစက်ဖြစ်ပွားနိုင်သည်ဟု သဘောထား၍လည်းကောင်း မိမိတို့ဝန်ကြီးဌာနသည် ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အထူးအားစိုက်၍ ဆောင်ရွက်နေပါသည်။ ဤကဲ့သို့ ဆောင်ရွက်နေခြင်းသည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် မိမိတို့ပြည်သူတစ်ဦးတစ်ယောက်မျှ COVID-19 ရောဂါ မဖြစ်ပွားစေရန်နှင့် သေဆုံးမှုမရှိစေရန် ရည်ရွယ်ဆောင်ရွက်နေခြင်း ဖြစ်ပါသည်။ ဤအချက်များကို ပြည်သူများ သိရှိသဘောပေါက်ကြစေလိုပါသည်။

(ဂ) လူစုလူဝေး၊ ပွဲလမ်းသဘင်များအား တတ်နိုင်သမျှ မကျင်းပရန် ဆော်ဩနေသည်မှာလည်း ဤနေရာများသည် ရောဂါကူးစက်ဖြစ်ပွားရန် အလားအလာအလွန်များစေနိုင်သဖြင့် မဖြစ်ခင်က ကြိုတင်ကာကွယ်သည့် လုပ်ရပ်တစ်ခုအဖြစ် ပြည်သူများနှင့် အဖွဲ့အစည်းများအား ပန်ကြားနေခြင်းဖြစ်ပါသည်။

(ဃ) အသွားအလာ ပိတ်ပင်ကန့်သတ်ပြီး သတ်မှတ်နေရာများတွင် ထားရှိစောင့်ကြပ်ကြည့်ရှုခြင်း (quarantine) လုပ်ဆောင်မှုခံယူရသူများသည် ရောဂါဖြစ်ပွားမှု လုံးဝ (လုံးဝ) မရှိသေးသော ကျန်းမာနေသောသူများသာ ဖြစ်ပါသည်။ ၎င်းတို့တွင် ရောဂါလက္ခဏာများ စတင်တွေ့ရှိလာပါက အချိန်နှင့်တစ်ပြေးညီ (ချက်ချင်း) ကုသပေးနိုင်သဖြင့် မိမိတို့ပြည်သူများ အသက်ဆုံးရှုံးနိုင်ခြေနည်းပါးစေသည့်အပြင် ၎င်းတို့နှင့် နီးစပ်သည့် မိသားစုနှင့် မိတ်ဆွေများထံ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်မည်ဖြစ်ပါသည်။

(င) မိမိတို့သည် အပြည်ပြည်ဆိုင်ရာလေဆိပ်များတွင် အထူးကြပ်မတ် ဆောင်ရွက်နေခြင်းမှာ မိမိတို့နိုင်ငံအတွင်းသို့ ရောဂါဖြစ်ပွားသူများ တစ်ဦးတစ်ယောက်မျှ မဝင်ရောက်စေလို၍ လုပ်ဆောင်နေခြင်း ဖြစ်ပါသည်။ ဤရောဂါ၏ ကူးစက်ပြန့်ပွားမှုသည် အလွန်မြန်ဆန်သည့်အတွက် ကြိုတင်ကာကွယ်မှုအနေဖြင့် ဆောင်ရွက်နေခြင်းဖြစ်ပါသည်။

(စ) မိမိတို့၏ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ (www.mohs.gov.mm)နှင့် လူမှုကွန်ရက်စာမျက်နှာ (www.facebook.com/ MinistryOfHealthAndSportsMyanmar) ၌ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးလျက်ရှိသော သတင်းအချက်အလက်အမှန်များကို အလေးပေး ပုံမှန်ဖတ်ရှုကြစေလိုပါသည်။

(ဆ) ပြည်သူများအနေဖြင့် ကောလာဟလ သတင်းအမှားများကို လူ့ကျင့်ဝတ်အရ ဆက်လက်မဖြန့်ဝေကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။ ကောလာဟလသတင်းအမှားများ ဆက်လက်ဖန်တီးဖြန့်ဝေနေသူများကိုလည်း တရားဥပဒေအရ ပြင်းထန်စွာအရေးယူသွားမည်ဖြစ်ပါသည်။

(ဇ) ပြည်သူများအနေဖြင့် အစိုးရိမ်လွန် ကြောက်လန့်နေခြင်းမဖြစ်ကြဘဲ ဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ရောဂါကာကွယ်ရေးနည်းလမ်းများကို တိကျစွာလိုက်နာဆောင်ရွက်ကြပါရန် ပန်ကြားအပ်ပါသည်။

**ပြည်ထောင်စုဝန်ကြီး**
**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေး သတင်းမီဒီယာများနှင့်တွေ့ဆုံပြီး COVID-19 ရောဂါနှင့် ပတ်သက်၍ ကြိုတင်ပြင်ဆင် ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းပြောကြား




**နေပြည်တော် မတ် ၁၃**

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးသည် ပြည်တွင်း ပြည်ပ သတင်းမီဒီယာများနှင့် ယနေ့ ညနေ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သတင်းစာရှင်းလင်းခန်းမ၌ တွေ့ဆုံပြီး COVID-19 ရောဂါနှင့် ပတ်သက်၍ စနစ်တကျ ကြိုတင်ပြင်ဆင် ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထိုသို့တွေ့ဆုံစဉ် ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက COVID-19 ရောဂါ နောက်ဆုံး အခြေအနေနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားလိုပါကြောင်း၊ မတ်လ ၁၁ ရက် ညပိုင်းတွင် WHO က COVID-19 ရောဂါကို ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါအဖြစ် ကြေညာခဲ့ပါကြောင်း၊ ရောဂါကာကွယ်ထိန်းချုပ်ရေးအတွက် မတ်လ ၁၂ ရက် မွန်းလွဲ ၂ နာရီတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်ပြီး အရေးပေါ်အစည်းအဝေး ကျင်းပပြုလုပ်ခဲ့ပါကြောင်း၊ အစည်းအဝေးတွင် ဆွေးနွေးခဲ့သည့် အကြောင်းအရာများကို သတင်းများ ထုတ်ပြန်ထားပြီးဖြစ်ပါကြောင်း၊ အထူးသဖြင့် ရောဂါကာကွယ်ရေး၊ ထိန်းချုပ်ရေး၊ ကုသရေးအစီအမံများ၊ ရေရှည်ကာလတွင် ဖြစ်လာနိုင်သည့် ဆိုးကျိုးများ၊ စီးပွားရေးအပါအဝင် ထိခိုက်နိုင်သည့်ကဏ္ဍများကို အားလုံးကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးပြီး ကြိုတင်ပြင်ဆင်သည့်အပိုင်းကို အဓိကထားဆောင်ရွက်နေပါကြောင်း။

*စာမျက်နှာ ၈ ကော်လံ ၁* ❖

စာမျက်နှာ ၈ ကော်လံ ၁

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေး ပြည်တွင်း ပြည်ပ သတင်းမီဒီယာများအား ရှင်းလင်းပြောကြားစဉ်။ သတင်းစဉ်

# ၂၀၂၀ MFF Open Cup ဖူဆယ်ပြိုင်ပွဲကို ဇုန်နှစ်ခုခွဲ၍ ဗိုလ်လုပွဲကို မန္တလေးမြို့၌ ကျင်းပမည်

**ရန်ကုန် မတ် ၁၃**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်ကော်မတီသည် ၂၀၂၀ ပြည့်နှစ် MFF Open Cup ဖူဆယ်ပြိုင်ပွဲကို ပုံစံသစ်ဖြင့် ရန်ကုန်နှင့် မန္တလေးမြို့၌ ဇုန်နှစ်ခုခွဲ၍ ကျင်းပမည်ဖြစ်သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ယခုနှစ်တွင် ပုံစံပြောင်းလဲကာ ဇုန်နှစ်ခုခွဲ၍ ပြိုင်ပွဲတစ်ခုတည်းဖြင့် ကျင်းပမည်ဖြစ်ပြီး ဇုန်တစ်ခုတွင် အသင်း ၄၀ စီ ပါဝင်မည်ဖြစ်ကာ ဇုန်တစ်ခုစီမှ ဗိုလ်လုပွဲတက်ရောက်သည့် နှစ်သင်းမှာ နောက်ဆုံးအဆင့် ဆီမီးဖိုင်နယ်အဖြစ် အိမ်ကွင်း၊ အဝေးကွင်း ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ အသင်းပေါင်း ၈၀ ဖြင့် ကျင်းပမည့် ယင်းပြိုင်ပွဲ၏ နောက်ဆုံးဗိုလ်လုပွဲကိုမူ မန္တလေးမြို့၌ ကျင်းပမည်ဖြစ်သည်။ ဇုန်အလိုက်ပြိုင်ပွဲများကို မေလ ဒုတိယပတ်တွင် စတင်ကျင်းပရန် စီစဉ်ထားပြီး ပြိုင်ပွဲကျင်းပမည့်ပုံစံ၊ *စာမျက်နှာ ၁၁ ကော်လံ ၅* ✻

# ယူရိုပါလိဂ် ၁၆ သင်း ပထမအကျော့ မန်ယူတို့ LASK ကို ဂိုးပြတ်အနိုင်ရ

ယူအီးအက်ဖ်အေ ယူရိုပါလိဂ် ၁၆ သင်းအဆင့် ပထမအကျော့ပွဲစဉ်အဖြစ် ဩစတြီးယားကလပ် LASK နှင့် မန်ယူအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မန်ယူအသင်းက ငါးဂိုးပြတ်အနိုင်ရခဲ့သည်။ မန်ယူအသင်းအတွက် ဂိုးများကို အီဂါလို၊ ဂျိမ်းစ်၊ မာတာ၊ ဂရင်းဝုဒ်နှင့် ပါရဲယားတို့က သွင်းယူပေးခဲ့သည်။

LASK အသင်းသည် ရှလာဂါ၊ ထရမ်နာ၊ ဟိုလန်း၊ ရိန်နာ၊ ဖရေဇာ၊ တတ်တက်၊ ကလပ်စ်တို့ဖြင့် ပွဲထွက်လာခဲ့သည်။ မန်ယူအသင်းသည် ဂိုးသမားနေရာတွင် ရိုမဲရိုး၊ မက်ဂွိုင်းယား၊ လုခ်ရှော၊ ဘိုင်လီ၊ ဝီလီယံ၊ မာတာ၊ ဖရက်၊ ဘရူနိုဖာနန်ဒက်စ်၊ ဂျိမ်းစ်၊ မက်တွန်မီနေး၊ အီဂါလိုတို့ကို အသုံးပြုကာ ပွဲထွက်လာခဲ့သည်။

မန်ယူအသင်းသည် ခြေစွမ်းပိုင်းအသာ၊ ကစားကွက်အသာဖြင့် *စာမျက်နှာ ၁၁ ကော်လံ ၁* ❍




ဂိုးသွင်းအပြီး မန်ယူအသင်းသားများ အောင်ပွဲခံနေစဉ်။